www.burmeseclassic.com

# လေမှူးသွင်

ပဆောင်သူအတွက် . . .



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ■ ၅၂၄/၂၀၀၄ ( ၅ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၅၀၀၁၆၈၀၆၀၂

ထုတ်ဝေသူ ■ ဦးသန်းဆွေ 'စစ်သည်တော်စာပေ'
၁၁၃၁/က၊ ဥယျာဉ် (၁၉) ရပ်ကွက်
ဒဂုံမြို့သစ်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် ■ ဦးဇော်မြင့်ဝင်း 'ကာလာရှန်ပုံနှိပ်တိုက်'
အမှတ်–၁၈၄ (ခ)၊ ၃၁–လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် ■ ဦးစိန်ဝင်း 'စိန်ရတနာပုံနှိပ်တိုက်'
အမှတ်–၂၁၊ ၁၆၂–လမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ ■ မောင်နီး

အတွင်းပန်းချီ ■ ကေစာချို

ပုံနှိပ်ခြင်း ■ ပထမအကြိမ်
မတ်လ၊ ၂၀၀၆

အုပ်ရေ ■ ၅၀၀

တန်ဖိုး ■ ၁၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အသစ်မှ နောက်ထွက်မည့်စာအုပ်များ

## မောင်စူးစမ်း

# ဂလိုဘယ်လိုက်ဇေးရှင်း
# ရှေးဟောင်းလူဆိုးနဲ့ ရှေးဟောင်းရဲ

BURMESE CLASSIC

## ကျော်ဝင်း

# ဂလိုဘယ်ရေစီးနှင့်
# အာရှပြန်လည်ဆန်းသစ်ရေး

www.burmeseclassic.com

www.burmeseclassic.com

အိမ်မက်အသစ်မှ နောက်ထွက်မည့်စာအုပ်များ

ဝေမှူးသွင်

# လက်ဆောင်ပြသူ၏အလှတရား

BURMESE CLASSIC .com

---

# သစ္စာနီ

အိမ်အပြန်လမ်းရုပ်ရှင်ခံစားမှုများ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ

၁။ လဆွဲ အားနဲ့ မိန်းမ
၂။ အဆင့်မြင့် ချည်တိုင်
၃။ ဖခနေ့းသွား လွှမ်းပျံ့ယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ် အပိုင်းအစများ
၇။ သံယောဇဉ် ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ့ါဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ ကြယ်
၁၀။ စက္ကူပန်းတွေရဲ့ သီချင်း
၁၁။ ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့မြားအကြောင်း
၁၂။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၆။ တစ်ခါတစ်ရံများ
၁၇။ အချစ်အကြောင်း (ကဗျာ)

### ယခု

၁၈။ အဆောင်သူအတွက်...

### ဆက်လက်၍

၁၉။ အသည်းကွဲလူရှင်တော်

www.burmeseclassic.com

www.burmeseclassic.com

# ဝေမှုူးသွင်

## အဆောင်သူအတွက်......

( ဝတ္ထုတိုများ )

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | အမှာစာ | ၉ |
| ၂။ | ကျွန်တော်၏ချစ်သော ချောကလက်ပုံပြင် | ၁၅ |
| ၃။ | ဖေဖော်ဝါရီနံ့နက်ခင်းများ | ၃၅ |
| ၄။ | ဗီလိန်တွေမပါသော ဇာတ်လမ်း | ၅၉ |
| ၅။ | ချွန်ချွန်… သို့ | ၈၁ |
| ၆။ | နဂ္ဂတစ် ပီတောက်ပန်းများ | ၉၇ |
| ၇။ | အချစ်တွေ မိုးရေထဲမှာ… | ၁၁၉ |
| ၈။ | သေးသေးကွေးကွေးလေး ကြီးကြီးကျယ်ကျယ်ဖတ်ဖို့ပေးစာ | ၁၄၇ |
| ၉။ | အဆောင်သူအတွက်… | ၁၅၉ |
| ၁၀။ | ဒီဇင်ဘာသတင်း | ၁၉၇ |

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

၁။ ။ ကျွန်တော်ရဲ့ ဝတ္ထုတိုစာအုပ်လေးကို အခုလိုခင်ဗျားတို့ စုစုစည်းစည်းဖတ်ရဖို့၊ ဒီဝတ္ထုတိုလေးတွေကို ရေးဖြစ်ဖို့... ကျွန်တော့်ကို တွန်းအားပေးခဲ့တဲ့ အဖြစ်အပျက် တချို့ရှိခဲ့ပါတယ်။ အချစ်ဝတ္ထုလှလှလေးတွေကို ရေးဖွဲ့ပေးပါ။ ဖတ်ချင်လို့ပါ... ဆိုပြီး သူငယ်ချင်းများစွာနဲ့ ပရိသတ်များစွာဟာ ကျွန်တော့်ထံ စာရေးပြီး၊ ဖုန်းဆက်ပြီး ပြောခဲ့ကြတယ်။ ဒါနဲ့ ကျွန်တော်လည်း သူတို့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ စဉ်းစားမိပါတယ်။ ကျွန်တော်က လုံးချင်းဝတ္ထုတွေ ရေးရင်းနဲ့ ငြီးငွေ့ပျင်းရိလာတဲ့အခါ စိတ်ထဲမှာ အတွေးပေါ်လာတိုင်း ကဗျာတွေ၊ ဝတ္ထုတိုတွေကို ကြားဖြတ်ရေးလေ့ ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့်လည်း အယ်ဒီတာတွေက စာမူ တောင်းတဲ့အခါ မျက်နှာမပျက်ရဘဲ စာမူပေးနိုင်ခဲ့ တယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ကျွန်တော့် စာမူတွေက အဆက်မပြတ်ပါနေတာကြောင့် လုံးချင်းဝတ္ထုမထွက်နိုင် ခင် ကျွန်တော့်ပရိသတ်တချို့ဟာ ဒီစာမူတွေကို အာသာ ပြေ ဖတ်ရှုနိုင်တယ်လို့ သိရပါတယ်။ ဒီအတွက် ကျွန် တော့်စာမူတွေကို လိုလိုချင်ချင် ပုံနှိပ်ဖော်ပြပေးကြတဲ့ အယ်ဒီတာတွေကို ကျွန်တော်က ကျေးဇူးတင်ရပါတယ်။

၂။ ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်တုန်းက People မဂ္ဂဇင်း အယ်ဒီတာတွေဟာ ကျွန်တော့်ကို သူတို့မဂ္ဂဇင်း အတွက် လစဉ်ဝတ္ထုရေးပေးဖို့ ပြောခဲ့ကြတယ်။ ပထမ တော့ ကျွန်တော်က အလွယ်တကူ လက်ခံခဲ့ပေမယ့် တကယ်တမ်းကျတော့ လစဉ် အလျဉ်မီအောင် သူတို့ အတွက် ဝတ္ထုတိုတွေကို ကျွန်တော်မပေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်က ဝတ္ထုတိုမပေးနိုင်တဲ့လတွေမှာ ကဗျာကိုပေးဖြစ်ခဲ့ပါတယ်။ အစပိုင်းမှာ ကျွန်တော်နဲ့ People မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကြားမှာ အဖုအထစ်နဲ့ ပြဿနာတချို့ ရှိခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့

www.burmeseclassic.com

## အမှာ

ကျွန်တော့်ဝတ္ထုတွေမှာ သတ်ပုံမမှန်တာနဲ့ စာသားတွေ ဟိုကျန်ဒီကျန်ဖြစ်ရခြင်းကို ကျွန်တော်က သည်းမခံနိုင်တာပါပဲ။ သူတို့ကလည်း ကျွန်တော့်ကို တစ်ခါဖြစ်တိုင်း တစ်ခါတောင်းပန်နေကျ။ နောက်တော့လည်း ကျွန်တော့်အတွက် ဒီလိုအဖြစ်အပျက်ဟာ ရိုးသွားခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်အတွေ့အကြုံအရ ဒီနေ့မဂ္ဂဇင်းတိုင်းမှာ ဖြစ်နေတဲ့ ပြဿနာပါ။ စာရေးဆရာတစ်ယောက်အနေနဲ့ ဒီကိစ္စဟာ အသေးအဖွဲလိုလိုနဲ့ တကယ်က တော်တော်အရေးကြီးပါတယ်။

၃။ ။ အဲဒီလိုနဲ့ People မဂ္ဂဇင်းမှာ ကျွန်တော် စာရေးလို့ အရှိန်ရခါစမှာ ဘာအကြောင်းကြောင့်မှန်း မသိရဘဲ People အယ်ဒီတာတစ်ဖွဲ့လုံး အလုပ်ထွက်သွားခဲ့ကြတယ်။ နောက်... အယ်ဒီတာအသစ်က ကျွန်တော့်ဝတ္ထုတွေကို ဆက်ထည့်မယ်လို့ ပြောပေမယ့် အဲဒီနောက် အယ်ဒီတာဟာ ဆက်သွယ်ရခက်ခဲလွန်းတဲ့အကြောင့် ကျွန်တော်လည်း People မဂ္ဂဇင်းမှာ ဆက်မရေးဖြစ်တော့ဘူး။ အခုဒီဝတ္ထုတို စာအုပ်လေးဟာ People မဂ္ဂဇင်းမှာပါခဲ့တဲ့ ဝတ္ထုတိုအများစုကို အခြေခံ

www.burmeseclassic.com



ပြီး ဟာန်သစ်၊ ချယ်ရီ၊ ဖက်ရှင်... အစရှိ သဖြင့်မဂ္ဂဇင်းတွေမှာ ပြန့်ကျဲနေသော ကျွန်တော့်ဝတ္ထု တိုတွေကို စုစည်းထားတာပါ။ ဒီဝတ္ထုလေးတွေဟာ တစ်စုံတစ်ရာကို ကိုယ်စားပြုဖို့ ကျွန်တော်က ရည်ရွယ်ထားပါတယ်။

၄။ ။ နောက်တစ်ချက်က ဒီစာအုပ်မှာပါတဲ့ ဝတ္ထုတိုတွေဟာ ကျွန်တော် စာစရေးစဉ်က ရေးခဲ့တဲ့ ဝတ္ထုတိုပုံစံတွေနဲ့ မတူပါဘူး။ ကြုံတွေ့ခဲ့ရသမျှ ကျွန်တော့်ရဲ့ လူငယ်ဘဝ၊ ကျောင်းသားဘဝမှာ ခံစားချက်တချို့နဲ့ သူငယ်ချင်းတွေရဲ့ ပြောပြချက်တချို့ကို ဓာတ်လမ်း၊ ဓာတ်ကွက်နဲ့ ရေးခဲ့တာပဲဖြစ်ပါတယ်။ အချစ်ဝတ္ထုတွေပါပဲ။ ဒါပေမဲ့ ကျွန်တော့်ဖက်က တကယ်အလေးအနက်ထားပြီး ရေးခဲ့တာပါ။ People မဂ္ဂဇင်းမှာ ရေးနေစဉ်ကာသသားခတွင်းမှာပဲ မိတ်ဆွေတချို့က ကျွန်တော့်ဝတ္ထုတိုတွေကို သဘောကျကြောင်းပိုင်းပြောခဲ့တာကြောင့် ကျွန်တော်ရေးရကျိုးနပ်ခဲ့ပါတယ်။ ထုတ်ဝေသူကလည်း လိုလိုလားလား ဒီဝတ္ထုလေးတွေကို ထုတ်ချင်ပါတယ်ဆိုလို့ အခုလိုစာအုပ်အဖြစ် စီစဉ်ပေးလိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



၅။ ။ မလှပတဲ့ဘဝအချိုးအကွေ့တွေမှာ ဘယ်သူဟာစကား လုံးတွေကို ယုံကြည်စွာထွန်ယက်ရဲခဲ့ပါသလဲ။ ကျွန်တော် ဟာ တစ်ခါတလေ လိပ်ပြာတစ်ကောင်လို ပျံဝဲနေမယ်။ တစ်ခါတလေ ကျားရဲတွေလို မာန်ဖီနေမယ်။ တစ်ခါ တလေ သဘာဝတရားလို ပူမယ်၊ အေးမယ်။ တစ်ခါ တလေ ဆင်တစ်ကောင်လို ကိုယ့်သန်စွမ်းမှုနဲ့ သူတစ် ပါးကို ခြိမ်းခြောက်မယ်။ တစ်ခါတလေ တရားမရှိတဲ့ လူတစ်ယောက်လို ပရမ်းပတာဖြစ်မယ်။ ဘာပဲဖြစ်ဖြစ်... အားလုံးဟာ ကျေနပ်စရာကောင်းပါတယ်။ အနုပညာ ဟာ တစ်ချိန်တစ်ခါမှာ လူသားဆန်ခြင်းကို ကျော်လွန် နေတတ်တာကြောင့် ကျွန်တော်တို့ကစိတ်ရဲ့အခြေအနေ ကို မြှင့်တင်ထားကြဖို့ လိုအပ်ပါရဲ့။ ကျွန်တော်ရဲ့ အနုပညာဘဝမှာ စိတ်လှုပ်ရှားစရာ ရက်စွဲတွေဟာ ကုန် လွန်လာခဲ့ပြီးပါပြီ။ အကောင်းဆုံးမှာ မောင်းတင်ထား ဖို့၊ အပြောင်းအလဲတွေကို ပြုံးပြုံးလေးကြည့်နေတတ်ဖို့၊ နိုင်ငံတကာအမြင်ရှိဖို့၊ ခေတ်ရဲ့ ရွေ့လျားနေပုံကို အနု ပညာနဲ့ပေါင်းစပ်ပေးဖို့...စသဖြင့် ကျွန်တော်က စဉ်း စားထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အမှာ

၆။ ။ အပေါက်အပြဲများလွန်းတဲ့ နေ့စွဲတွေမှာ ဒီဂဏ္ဍုတိုလေးတွေကို ပေးဖတ်ပြီး ကျွန်တော်ရဲ့ အချစ်အကြောင်းခင်များတို့ကို အသိပေးလိုက်တာပါပဲ။ ။


ချစ်ခင်စွာဖြင့် –

ဝေမှူးသွင်

(နိုဝင်ဘာ ၊ ၂၀၀၅)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ချစ်သောချောကလက်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်၏ ချစ်သောချောကလက်ပုံပြင်

။ ၁ ။

လူတချို့အတွက် အချစ်သည် ပန်းခြံထဲရှိ ခုံတန်းလျားများပေါ်တွင်ဖြစ်သည်။ လူတချို့အတွက် အချစ်သည် လက်ဖက်ရည်ဆိုင်၏ ထောင့်စွန်းစားပွဲ၌ဖြစ်သည်။ လူတချို့အတွက် အချစ်သည် သမ်းမတစ်နေရာတွင်ဖြစ်သည်။ လူတချို့အတွက် အချစ်သည် မြရာပင်ကြီးများအောက်တွင်ဖြစ်သည်။ လူတချို့အတွက် အချစ်သည် ဒိုင်းလ်ချုပ်ဈေးထဲတွင် ဖြစ်သည်။ လူတချို့အတွက် အချစ်သည် အဝေးပြေးကားတစ်စီးပေါ်တွင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်တော့ အချစ်သည် တက္ကသိုလ်တစ်ခုတွင် ဖြစ်သည်။ ထို့ထက်ပိုပြောရလျှင် ဒဂုံတက္ကသိုလ်တွင်ဖြစ်သည်။ ထို့ထက်ပို၍ ပြောရလျှင် ဒဂုံတက္ကသိုလ် ဥပဒေဆောင်တွင်ဖြစ်သည်။ ထို့ထက်ပို၍ပြောရလျှင် ဒဂုံတက္ကသိုလ်ဥပဒေဆောင် ဒုတိယနှစ်အခန်း၌ဖြစ်သည်။

ထို့ထက်ပို၍ပြောရလျှင် ဒဂုံတက္ကသိုလ်ဥပဒေဆောင် ဒုတိယနှစ်အခန်းရှိ 'လုံလုံ' ဆိုသည့် ကောင်မလေးဖြစ်ပါသည်။

▼ ▼ ▼

။ ၂ ။

သစ်ရွက်အစိမ်းတွေမှာ လေထဲတွင် လှပစွာလှုပ်ယမ်းကစားလျက်ရှိ၏။ "နန်းချယ်ရီ" ကန်တင်းရှိ ပလတ်စတစ်ထိုင်ခုံအဝါရောင်လေးတွေကို ကျွန်တော် သဘောကျစွာကြည့်မိသည်။ ဒီဆိုင်မှ အစားအသောက်တွေကို လုံလုံက သဘောကျသည်ဟု ကျွန်တော့်ကို ပြောဖူး၏။ ကျွန်တော်နှင့် သူမကြားတွင် နူးညံ့ငြိမ်သက်သောအခြေအနေသည် ရိုးရိုးလေးနှင့် ရင်ခုန်စရာကောင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ၏ အဦးအဖျား နှင်းစက်တို့က ချစ်စရာကောင်းသော သူမနှင့် ကျွန်တော့်ကို တွေ့ဆုံပေးခဲ့ဟန်တူသည်။

ပုံမှန်အဖြစ်အပျက်များကြားတွင် ကျွန်တော်တို့နှစ်ယောက်သည် ရင်းနှီးသည့် သူငယ်ချင်းတွေဖြစ်ခဲ့၏။ အချိန်ခပ်တိုတိုအတွင်းမှာပင် ကျွန်တော်တို့က အံ့သြစရာကောင်းလောက်အောင် ချည်နှောင်မိခဲ့ကြ၏။

အခုတော့ ကျွန်တော်တစ်ယောက်တည်း သူမနှင့်ပတ်သက်သော အမှတ်တရများကို လျှောက်ငေးကြည့်နေမိတော့သည်။

တစ်ခါတုန်းက တက္ကသိုလ်ရေကူးအသင်းတွင် သူမက ရေကူးကတ်လုပ်ခဲ့ဖူးသည်။ လမ်းဘေးမုန့်ဟင်းခါးတစ်ပွဲကို နှစ်သက်စွာစားခဲ့ဖူးသည်။ ပန်းဆိုးတန်းရှိ စာအုပ်ဆိုင်များတွင် ကျွန်တော်တို့လျှောက်သွားခဲ့ဖူးသည်။ ကျွန်တော့်ကဗျာတွေကို သူမနားလည်အောင်ရှင်းပြနိုင်း၍ ကျွန်တော် ရှုးချင်ခဲ့ဖူးသည်။ (ကျွန်တော်က ကဗျာကိုရှင်းပြ၍မရဟု ယုံကြည်ထားသူဖြစ်၏။) သေးကွေးသော ကမ္ဘာထဲကဆောင့်အစွန်တစ်ခုတွင် ကျွန်တော်က သူမကို စာအုပ်တစ်အုပ်ကိုဖိုင်ပတ်နေချင်ခဲ့ဖူးသည်။ တစ်ပတ်ကို သုံးရက်နှုန်းဖြင့် ညနေခင်းသန်းခေါင်အထိ ကျွန်တော်တို့နှစ်ယောက် ဖုန်းထိုင်ပြောခဲ့ဖူးသည်။ သူမ၏

www.burmeseclassic.com

www.burmeseclassic.com



လက်သည်းခွံတွေကို ကျွန်တော် ကိုင်ကြည့်ခဲ့ဖူးသည်။ တက္ကသိုလ်စာကြည့်တိုက်ထဲတွင် ကျွန်တော် လိုက်နာရမည့်စည်းကမ်းများကို သူမလက်ရေးမညီမညာတွေဖြင့် ရေးခဲ့ဖူးသည်။ ကျွန်တော်တို့သည် လုပ်ခဲ့ဖူးတာတွေ ပေါ်တော်များများရှိခဲ့ပြီး၊ မလုပ်ခဲ့ဖူးတာလည်း တော်တော်များခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် အားလုံးမှာ အသုံးမကျသော ဝလုံးများကဲ့သို့ဖြူစင်ရိုးသားမှုအပြည့်ရှိခဲ့လေသည်။ ကစားပွဲဆန်သော အနိုင်အရှုံးကိစ္စများသည် ကျွန်တော်တို့နှစ်ယောက်ကြားတွင် ဘယ်တုန်းကမှမရှိခဲ့ဖူးပေ။

ဘဝ၏ မသဲကွဲသောအမှန်တရားများအတွင်း တိတ်ဆိတ်စွာနေတတ်ဖို့သာ လိုအပ်ပါသည်။ လုံလုံသည် ပုံမှန်အနေအထားများကိုထိန်းသိမ်းထားချင်သူ၊ လှုပ်ခတ်နေသော ရေပြင်ညီများကို ငေးကြည့်နေတတ်သူ၊ ဖုန်းပြောရတာကို ဝါသနာပါသူ၊ အချစ်ကို ရယ်စရာလုပ်ပစ်သော မာရေကျောရေ ကောင်မလေးတစ်ယောက်သာ ဖြစ်သည်။

နောင်တစ်ချိန်တွင် ကျွန်တော်တို့၏ဇာတ်လမ်းကို တက္ကသိုလ်ပရဝဏ်အတွင်းရှိ လူတွေ၊ ခွေးတွေ၊ ပုတ်သင်ညိုတွေ၊ ကိုတွေကင်းလိပ်ချောတွေ၊ နွားတွေ၊ ပုရွက်ဆိတ်တွေ... အစရှိသော သက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



...အားအားလုံးက မေ့သွားနိုင်ပါသည်။

လုံလုံသည် ထိုအခြေအနေကို ကျေနပ်လိမ့်မည်ဟု ယူဆရ... ကျွန်တော်ကတော့ မကျေနပ်သဖြင့် အဖြစ်အပျက်တချို့အား ...စဉ်ဖြင့် မှတ်တမ်းထိုးလိုက်ပါသည်။

▼ ▼ ▼

။ ၃ ။

"ကလေး..."

တစ်ခုသော ညဦးပိုင်းတွင် ကျွန်တော်က လုံလုံကို ဖုန်းထ... ထိုသို့ခေါ်လိုက်မိသည်။ အရာရာကို အံ့ညြသင့်ဖို့ ကျွန်တော်က ...သင့်ပြင်ဆင်ထားပြီးပြီ။

သူမက ကျွန်တော့်အခေါ်အဝေါ်ကို သဘောတူလိုက်၏။ ...ကျွန်တော် မအံ့ညြနိုင်တော့ပေ။ ပျော်ရွှင်မှု၏အထက်တွင် ဘာအံ့ညြ...ရာမှမရှိကြောင်း ကျွန်တော် သိလိုက်ရ၏။ ကျွန်တော်နှင့် သူမကြားရှိ ...သားမှုသည် 'အချစ်' ဆိုသည့် ရှုပ်ထွေးဆန်းကြယ်ခြင်းနှင့် တိုက်...သက်ဆိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံလုံတို့အခန်းရှေ့က ကော်ရစ်ဒါပေါ်တွင် ကျွန်တော့်ခြေရာ
တွေ ရှုပ်ယှက်ခတ်နေခဲ့ဖူး၏။ ကျွန်တော့်ကို ဥပဒေကျောင်းသားတစ်
ယောက်ဟု ထင်ရလောက်အောင် ကျွန်တော်က သူမတို့အဆောင်ဖက်
တွင် အနေများခဲ့သည်။

ရုတ်တရက် ကျွန်တော်သည် လုံလုံ၏ သေးသေးကွေးကွေး
လက်ဖဝါးလေးကို လွမ်းလာ၏။ ဒဂုံတက္ကသိုလ်ထဲက လယ်ကန်သင်း
ရိုးများကြားတွင် ကျွန်တော်တို့နှစ်ယောက်တည်း ငါးမျှားဖို့ ကြံစည်ခဲ့
ဖူးသည်။

အရှိန်အဝါကြီးမားသော နာမည်ကျော်တက္ကသိုလ်ကြီးများ
အကြောင်းကို ကျွန်တော်က သူမကို ပြောပြတော့ လုံလုံ့မျက်လုံးတို့မှာ
အစိမ်းရောင်တစ်မျိုး ယှက်သန်းသွားတာ ကျွန်တော် သတိထားမိ
သည်။

ကျွန်တော်တို့ခေတ်၏ တက္ကသိုလ်တွင် ချိတ်ထဘီနှင့် ဘန်
ကောက်ပုဆိုးမရှိ။ အရှုးလက်မှတ်နှင့် ကောင်းစားနေသူများ မရှိ။
ပါပါရာဇီနှင့် ကတ်ကိုပိန်း မရှိ။ ကလင်တန်နှင့် နယ်ဆင်မင်ဒဲလ်လား
မရှိ။ ဘာဆို ဘာမှမရှိ။ ကျွန်တော်တို့တက္ကသိုလ်သည် ဒိန်းဖေမြင့်နှင့်
ငြိမ်းကျော်တို့၏ ဝတ္ထုတွေထဲကလို တက္ကသိုလ်မျိုးလည်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဇဝနနှင့် ခင်မျိုးချစ်တို့၏ ကောလိပ်ကျောင်းသား၊ ကောလိပ်ကျောင်းသူတွေလည်း မရှိကြချေ။

ကျွန်တော်တို့ တက္ကသိုလ်တွင် လေးဖြူနှင့် ဟစ်ဟော့(ပ်) ရှိသည်။ နန္ဒာလှိုင်နှင့် အိန္ဒြာကျော်ဇင် ရှိသည်။ ဂျူးနှင့် တာရာမင်းဝေတို့၏ ဝတ္ထုတိုတွေ ရှိသည်။ မိုဘိုင်းဖုန်းနှင့် လှလှပပ ကောင်မလေးတွေ ရှိသည်။ ဈေးကြီးသော ကန်တင်းများနှင့် ညံ့ဖျင်းသော စားသောက်ဖွယ်ရာတွေ ရှိသည်။ နောက်... ရာဇနေဝင်းနှင့် ဒေးဗစ်ဘက်ဟမ်းကို အားကျအထင်ကြီးမှုကလည်း ဒုနှင့်ဒေးရှိသေးသည်။

ထိုကဲ့သို့သော အခြေအနေများနှင့် ရှုပ်ထွေးသည့်အနေအထားအတွင်းမှာ ကျွန်တော်တို့၏ နူးညံ့သည့်အချစ်ကို ရှင်သန်အောင် မွေးမြူရန်မှာ အတော်ခက်ခဲလေသည်။

ကျွန်တော်သည်လည်းကောင်း၊ လုံလုံသည်လည်းကောင်း တိုတ်ဆိတ်စွာ မျက်လုံးချင်း၊ တယ်လီဖုန်းချင်း စကားပြောရတာကို အရသာရှိကြသည်။ ငြင်းခုံရန်ဖြစ်ရခြင်းများကို ခုံမင်ကြသည်။ သူမကို စိတ်ဝင်စားနေသည့် ကောင်လေးများအကြောင်း ကျွန်တော့်ကို တိုင်ပင်တတ်ပြီး ကျွန်တော်ကလည်း ကျွန်တော်နှင့် ဘာညာဘာညာ ကောင်မလေးတွေအကြောင်းကို သူမအား ပြောပြတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်များတွင် ကျွန်တော်က အမြဲသဝန်တိုတတ်သော်လည်း လုံလုံကတော့ အမြဲရယ်မောနေခဲ့သည်ချည်းဖြစ်သည်။

တစ်နည်းအားဖြင့် ပြောရလျှင် ကျွန်တော်နှင့် လုံလုံ၏ ဆက်ဆံရေးသည် လှုပ်ရှားနေသော ငြိမ်သက်ခြင်းများသာ ဖြစ်ပါသည်။

▼ ▼ ▼

။ ၄ ။

ဒဂုံတက္ကသိုလ်သည် ဖြူနီပြာဝါကောင်မလေးများစွာတို့၏ ရင်ဘတ်ထဲက အဖြူရောင်နယ်မြေဖြစ်သည်။ ဂျပ်ဆင်နှင့် သစ်ပုတ်ပင်ကြီးမရှိသော်လည်း ရိုးစင်းသည့် အချစ်ဇာတ်လမ်းတွေကတော့ မေဂျာအနှံ့တွင်ရှိသည်။ နိုင်ငံတကာအမြင်ရှိပြီး မာကျောသည့် လူငယ်ကဗျာဆရာတချို့လည်းရှိသည်။

ကိုပဲ့ပျော်ရွှင်မှုကို ဈေးကွက်တင်ရောင်းစားကြသော ငွေကြေးဝါဒီ လူအနည်းငယ်ရှိကြ၏။ ထိုလူတန်းစားမျိုးကို ကျွန်တော်တို့ တက္ကသိုလ်တွင် မြင်ရသောအခါ ကျွန်တော်က ရွံရှာမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံလုံကတော့ ကျွန်တော့်ကို သိပ်အစွန်းမရောက်ဖို့ ပြောပြတတ်ပြီး ကျွန်တော်က သူမ၏ လှသိနည်းသော အလှတရား အကြောင်း စဉ်းစားနေခဲ့သည်။

"ကလေး... မနက်ဖြန်ကျရင် ဆံပင်တွေရှေ့မှာ ကျစ်ဆံမြီးသေးသေးလေးနှစ်ခု၊ သုံးခုလောက် လုပ်ခဲ့နော်၊ ကိုယ် ကြည့်ချင်လို့"

"ဟင့်အင်း... မလုပ်ဘူး၊ လူကိုများ သူကြည့်ဖို့ အရုပ်ကျနေတာပဲ"

လုံလုံသည် ထိုသို့ ကျွန်တော့်ကို အမြဲအတိုက်အခံပြောတတ်သော်လည်း တကယ်တမ်း မနက်ဖြန်သို့ ရောက်သောအခါ သူမခေါင်းတွင် ကျစ်ဆံမြီးလေးများကို မြင်ရလေ့ရှိပါသည်။

ထိုအခါ ကျွန်တော်က ပြုံးစေ့စေ့လုပ်နေလျှင်...

"ဒါ လုပ်ချင်လို့ လုပ်လာတာမဟုတ်ဘူး၊ အိမ်က အစ်မက လုပ်ပေးလိုက်လို့ ငြိမ်ခံလာရတာ..."ဟု သူမက မလုံခြုံစွာ ဖြေရှင်းတတ်၏။ မှုန်ဝေသော ဆောင်းရာသီ နောက်ခံပန်းချီကားအတွင်း လုံလုံသည် ကျွန်တော့်အတွက် အဆုံးမရှိသည့် ကဗျာတပုဒ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ဥပဒေဆောင်ရှိ အကြောင်းအရာနှင့် ရှုခင်းများကို သူမကြောင့် ကျွန်တော်က အလွတ်ကျက်ထားမိခဲ့၏။ လိုအပ်လျှင် ကျွန်တော့်အချစ်တွေ သက်သေပြရန်ဖြစ်ပါသည်။ သို့သော်... အချစ်သည် သက်သေပြစရာမလိုဘဲ ထူးဆန်းသည့် ခံစားမှုများဖြစ်သောကြောင့် ကျွန်တော့် ကြိုးစားမှုများအားလုံး အချည်းအနှီးဖြစ်ခဲ့သည်။

တက္ကသိုလ်ဆိုသည်မှာ ပညာရေးသက်သက်မဟုတ်...။ တက္ကသိုလ်ဆိုတာ အမျိုးသားရေး၊ ယဉ်ကျေးမှု၊ ဘဝတန်ဖိုးများကို တည်ဆောက်ရာ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာအဆီဖြစ်ပါသည်။

ကျွန်တော်တို့ ခံယူထားသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတစ်ယောက်၏ အဓိပ္ပာယ်များတွင် အချစ်ဆိုသည့်စကားလုံးမှာ အနည်းငယ် သေးသိမ်လေသည်။ လုံလုံသည် သေးငယ်သော ခံစားမှုဟု ကျွန်တော်တို့အဖြစ်အပျက်ကို ခေါင်းစဉ်တပ်လျှင် သဘောတူလိမ့်မည် မထင်ပေ။

သူမက ရယ်စရာကောင်းသော အစိတ်အပိုင်းများအား ကျွန်တော့်ထံတွင် မှတ်ပုံတင်ထားခဲ့သည်။ ကျွန်တော်တို့ကျောင်း၏ နေရာအနှံ့တွင်ရှိသော စွယ်တော်ပင်လေးများကို လုံလုံသည် အကြောင်းမဲ့ မုန်းတီးသူလည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောင်းထဲမှာ ကိုယ်တို့နှစ်ယောက်စဆုံတဲ့နေ့ကို ကလေး မှတ်မိလား"

သူမသည် ရှက်သလိုနှင့် ခေါင်းယမ်း၏။ မသိဘူးဆိုသည့် သဘော...။ ဒါပေမဲ့ သူမ ထိုနေ့ကို အသေအချာသိမှန်း ကျွန်တော် သိပါသည်။

"ဖေဖော်ဝါရီ (၁၄) ရက်နေ့လေ..."

"မှတ်မိရင်လည်းပြီးတာပဲ၊ ဘာဖြစ်လို့ လာပြောနေသေးလဲ"

ပြောပြီး လုံလုံက ဟန်မဆောင်နိုင်ဘဲ ရယ်နေ၏။ သူမ၏ ထိုရယ်မောသံသည် တစ်ခါ တစ်ကြိမ်တည်းနှင့် ကျွန်တော့်နှလုံးသား ကို အငိုက်မိစေခဲ့သည်။ ကျွန်တော်တို့နှစ်ယောက်၏ အနေအထားကို အပြစ်ပြောဖို့ စောင့်နေကြသူတွေကလည်း တိတိပပ ပြောစရာမရှိဘဲ ကြာတော့ လက်လျှော့သွားကြသည်။

ကျွန်တော်ကိုယ်တိုင်ပင် လုံလုံ့မျက်လုံးများကို ဘာသာပြန်ရာ ၌ မှားယွင်းနေဆဲဖြစ်၏။ ဒီလိုအစစအရာရာ သေးသေးကွေးကွေး ကောင်မလေးဆီက ကြီးကျယ်သောအကြောင်းအရာမှာ ဆင်ခြင်စိတ် ဘရားဖြစ်နေသောအခါ ကျွန်တော်က လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်မိ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံလုံသည် ရှားပါးလှသော တစ်ကြိမ်တွင် ကျွန်တော့်ကို 'ကိုကြီး' ဟု မတော်တဆ ခေါ်မိခဲ့ပြီးနောက် တစ်ခါတစ်ရံ သူ့ စိတ်ကြည်လင်သည့်အခါများတွင် ကျွန်တော့်ကို ကိုကြီးဟုခေါ်တ လေသည်။ ကျယ်ဝန်းသော မနက်ဖြန်များ၌ ကျွန်တော်က သူမက အဖြူရောင်အတိုင်းပဲ ဖြတ်သန်းနေထိုင်စေလိုပါသည်။

စိတ်ညစ်စရာကိစ္စတွေကြုံတွေ့တိုင်း ကျွန်တော်က သူမ မှာ စကားတွေအများကြီး သွားပြောနေမိသည်။ ဒီလိုနည်းဖြင့် ရင် က ရှုပ်ထွေးလေးလံမှုများမှာ ပေါ့ပါးလာတော့၏။

သူမဘေးတွင် တခြားယောကျ်ားလေးတွေက တစ်နေ့တခြ တိုးလာသည်။ လုံလုံက အားလုံးကို ပြန်ပြောပြသော်လည်း ကျွန်တော် ထင်မြင်ချက်ကို မတောင်းတော့ပေ။ ဒါသည် မလိုအပ်တော့၍လည် ဖြစ်နိုင်သည်။ သူမဘာသာ စဉ်းစားဖြေရှင်းနိုင်၍လည်း ဖြစ်နိုင်သည် ကျွန်တော် ဘုပြောလွှတ်မည်ဟု စိုးရိမ်သောကြောင့်လည်း ဖြစ်နိုင် သည်။ အားလုံးဖြစ်နိုင်သည်။ နောက်ဆုံးတစ်ခုမှာ ကျွန်တော့်ထင် ချက်ကို မကြားရဲတာလည်း ဖြစ်နိုင်လေသည်။

လုံလုံနှင့် ပတ်သက်သော မည်သည့်အရာကိုမဆို ကျွန်တော် က ရှုံးသွပ်စွာ စွဲလမ်းခဲ့ပါသည်။ ဒဂုံတက္ကသိုလ်၏ ဝိဇ္ဇာဖက်အခြမ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်တော်တို့နှစ်ယောက်သည် ကျော်ကြားလာခဲ့၏။ မနက်ပြန် တို့မှာ ညီညာသော သုညလေးများဖြစ်သည်။

"ကလေး... ကိုယ် မင်းကို..."

"ဆက်ပြောလေ..."

ကျွန်တော်သည် ချောက်ကမ်းပါးထိပ်မှ စွန့်စားခန်းဆန်ဆန် ကိစ္စများအား ကိုးရိုးကားယား နိဂုံးချုပ်တတ်အောင် ကြိုးစားခဲ့ပါသည်။

"ကိုယ် မင်းကို ကားဖြည်းဖြည်းမောင်းဖို့ သတိပေးချင် တယ်"

သူမသည် ကြောင်အနေပြီး ခဏကြာမှ အားရပါးရ ရယ် မောပစ်လိုက်၏။ ကျွန်တော်တို့နှစ်ယောက်၏ ဘာသာစကားမလို သော ဟာသသည် သူမခေါင်းပေါ်မှ ကျစ်ဆံမြီးလေးတွေဖြစ်သွား သည်။ ကျွန်တော် တစ်ယောက်တည်းသာသိသော နူးညံ့သိမ်မွေ့သည့် ရမ္မက်တွေဖြစ်သွားသည်။

အခုတော့လည်း ရင်ဘတ်ထဲက လမင်းကို ပြင်ဆင်နေ... ပြီ။ အလွမ်းများက နှင်းစက်တွေလို တဖွဲဖွဲကြွေကျနေ၏... တိတ်ဆိတ်သည့် တစ်နေရာတွင် ရှားပါးသော အ...င်းတစ်မျိုးကို သူမက ကျွန်တော့်အတွက် ထားရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်လွန်ခဲ့ဖူးသော အချိန်ကာလများသည်လည်းကောင်း၊ နွေးထွေးချိုမြိန်သည့် အထိအတွေ့တချို့သည်လည်းကောင်း၊ ဘဝ၏ ဖတ်စာအုပ်များကလည်းကောင်း ကျွန်တော့်မှတ်ဉာဏ်ကို ဖြားယောင်း ထားနိုင်ခဲ့ဖြစ်သည်။

လုံလုံဆိုသည့် သူမနာမည်၌ မူးဝေစေသော ရနံ့တစ်မျိုး ဆွတ်ဖျန်းထားသလားဟု ကျွန်တော် သံသယဖြစ်မိသည်။ လေထု သည် ဝေဝါးပြီး မှုန်တေတေအရသာဖြစ်နေ၏။ သူမနားလည်ရန် မလိုသော ကျွန်တော့်အချစ်များကို အခန်းတစ်ခန်းတွင် ချိတ်ပိတ်သို လှောင်ထားလိုက်ပါတော့မည်။ ပြီးလျှင် ကျွန်တော် အလွမ်းများကို ဆုတ်ဖြဲလွှင့်ပစ်လိုက်မည်။

ဒီထက်မက တတ်နိုင်ပါသေးလျှင် ဒဂုံတက္ကသိုလ်ဝင်းထဲမှ ကျွန်တော်တို့နှစ်ယောက်၏ အမှတ်တရများကို ဖျက်ဆီးပစ်ချင်ပါ သည်။ (အကြောင်းမှာ နောင်လူသားသမိုင်းတွင် သူမတစ်ယောက် ကြီးကျယ်သော ကျွန်တော့်အချစ်များနှင့်ယှဉ်လျှင် သိမ်ငယ်နေမည်စိုး သောကြောင့် ဖြစ်ပါ၏။)

အနောက်ဘက်တွင် နေဝင်တော့မည်။ ဆည်းဆာသည် ပုစွန် ဆီရောင်များ ယှက်သန်းနေ၏။ ငှက်တချို့မှာ အိပ်တန်းပြန်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်ဆို နေဝင်ချိန်ကို ကျွန်တော်တို့ မုန်းခဲ့ကြဖို့ကောင်းသည်။


နေဝင်ချိန်၏အလှပြီးလျှင် အမှောင်သည် ရောက်လာတော့မည်။ ကျွန်တော်က အမှောင်ကိုမုန်းသူဖြစ်သည်။ သူမ,မရှိဘဲ နောက်ထပ် ရက်စွဲများကို ကျွန်တော် ဘယ်သတ္တိတွေဖြင့် ရင်ဆိုင်ရမည်နည်း။ ကမ္ဘာဦးကျမ်းထဲတွင်တော့ ဘယ်လိုခေါ်မည်မသိ...။ ကျွန်တော်က သူမကိုချစ်သည်။ သမိုင်းစာမျက်နှာများတွင် ဘယ်လိုရှိခဲ့မည် မသိ...။ ကျွန်တော်က တက္ကသိုလ်ပရဝဏ်ထဲမှ လူသားဆန်သည့် ယဉ်ကျေးမှုကိုချစ်သည်။ ရှေးဟောင်းအဘိဓာန် များတွင် ဘယ်လိုရေးသားထားခဲ့မည်မသိ...။ ကျွန်တော်က ခေတ်ပေါ်ခံစားမှုနှင့် ရဲရင့်သစ်လွင်သော အတွေးအခေါ်ကို ချစ်သည်။

တွေးရင်းနှင့် အားလုံးသည် ရှုပ်ထွေးဆက်ယှက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"တူ... တူ..."

"ဟဲလို... ဘယ်သူပါလဲ"

"ကိုယ်ပါ..."

"ကိုယ်ချည်းပဲလား၊ ဒါဆို ခေါင်းမပါဘူးပေါ့"

"ကလေးနဲ့ပတ်သက်ရင် ကိုယ်က ခေါင်းမရှိဘူး၊ ဆိုလိုတာက ဉာဏ်မသုံးဘူးပေါ့ကွာ၊ နှလုံးသားပဲရှိတယ်"

"ခစ်... ခစ်... ခစ်"

ထိုသို့သော ရယ်မောသံများသည် ကျွန်တော့်နားထဲတွင် အမြဲတမ်း အမှတ်တရဖြစ်ပါသည်။ ကျွန်တော်က သံယောဇဉ်၏ ရစ်ပတ်နှောင်ဖွဲ့မှုကို မကြောက်ရွံ့ဘဲ လုံးလုံးကို ချစ်ခဲ့မိသည်။ ဖွဖွ...။ အကယ်လို့များ ကျွန်တော်သည် သူမ၏ ရစ်ပတ်ချည်နှောင်မှုကို တစ်နေ့တွင် ကြောက်လန့်လာပါလိမ့်မည်။ ထို့အတွက် ကျွန်တော်က ယခုပင် စကားကုန်ပြောခဲ့ပါမည်။

ထိုတစ်နေ့ကို ရောက်လာလျှင် ဒီဝတ္ထုကို လက်ဝယ်ရှိသူ မည်သူမဆို ကျွန်တော့်ထံတွင် အမေရိကန်ဒေါ်လာ တစ်သိန်းနှင့် အရောက်လဲလှယ်နိုင်ပါသည်။ သို့သော် မိတ္တူပွားခွင့်မပြုပါ။ ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးအကြိမ် ပုံနှိပ်စာလုံးဖြစ်ရပါမည်။ သင့်အနေဖြင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံသည့်အနေဖြင့် ဒီဝတ္ထုပါသောစာအုပ်ကို အပိုင်ဝယ်သိမ်းထားဖို့ လိုအပ်သည်ဟု ကျွန်တော်ပြောချင်ပါသည်။

အနီးစပ်ဆုံး သဲလွန်စအဖြစ်ပြောရလျှင် ကျွန်တော်က လုံလုံ၏ ချည်နှောင်မှုကို ကြောက်ရွံ့လာမည့်နေ့သည် ကျွန်တော် သေဆုံးသွားသောနေ့ဖြစ်ပါသည်။ ။

People မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီနံနက်ခင်းများ

www.burmeseclassic.com

www.burmeseclassic.com

## ဖေဖော်ဝါရီ နံနက်ခင်းများ

သင်သဘောတူသည်ဖြစ်ဖြစ်၊ သင်သဘောမတူသည်ဖြစ်ဖြစ် ဒီဇင်ဘာသည် ဆောင်း၏ ပထမဆုံးလဖြစ်ပြီး ဖေဖော်ဝါရီသည် ဆောင်း၏နောက်ဆုံးလ ဖြစ်ပါသည်။ ကျွန်တော်သည် ဆောင်းရာသီ၏ အေးစိမ့်မှုတွင် သုံးလခန့် နေသားကျခဲ့ပြီးနောက် ကျန်ရစ်သေးသော ဖေဖော်ဝါရီ၏ နံနက်ခင်းများကို ပုံစံတစ်မျိုးဖြင့် ဖြတ်သန်းရန် စိတ်ကူးမိပါသည်။

အနည်းငယ်ဝလာသော ခန္ဓာကိုယ်ကြောင့် ကျွန်တော်က ဖေဖော်ဝါရီ နံနက်ခင်းများတွင် အပြေးလေ့ကျင့်ရန် ဆုံးဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ မနက်ဖြန်ဆို ဖေဖော်ဝါရီ တစ်ရက်နေ့ကို ရောက်ပြီ။

သဘာဝတရားသည် ဆောင်းနံနက်ခင်းတစ်ခုနှင့်အတူ တိတ်ဆိတ်သော ပျော်ရွှင်စရာတစ်မျိုးအား ကျွန်တော့်ထံ သယ်ဆောင်လာလိမ့်မည်ဟု အဲဒီအချိန်က ကျွန်တော် ဘယ်လိုကြိုသိနိုင်ပါမည်နည်း။

❣ ❣ ❣

ဖေဖော်ဝါရီသည် စိမ့်နေအောင်အေးမြဆဲ။ ပထမဆုံး စပြေးသည့်နေ့မို့ ကျွန်တော်က အနည်းငယ်ပင်ပန်းလေသည်။ နံနက် ငါးနာရီခွဲမှာ နိုးစေရန် နှိုးစက်ပေးရ၏။ ချမ်းချမ်းစီးစီး ဘောင်းဘီတိုနှင့် ဝေါကင်းရှူးစီးရ၏။

နောက်တော့ ကျွန်တော်သည် အပြေးလေ့ကျင့်ရန် အသင့်ဖြစ်သွားခဲ့ပြီ။ ဘုရားခန်းထဲတွင် ဘုရားရှိခိုးနေသော အဘွားကို အနှောင့်အယှက်မဖြစ်စေရန် တိတ်ဆိတ်စွာ တံခါးဖွင့်ရသည်။ ကျွန်တော်နေထိုင်ရာ ရိုးမရိပ်သာလမ်းသွယ်လေးမှ ပြည်လမ်းမပေါ်သို့ ရောက်လာခဲ့သည်။ ကျွန်တော်သည် အကြမ်းအားဖြင့် ကျွန်တော် ပြေးနိုင်မည့် ခရီးအကွာအဝေးကို စိတ်ထဲမှ တွက်ဆနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းလမ်းဆုံမှ ကျောင်းကွေ့မှတ်တိုင်အထိ ပြေးမည်ဟု ယာယီ သတ်မှတ်လိုက်ပါ၏။

ဒီလိုနှင့် ကျွန်တော် စပြေးရာ တံတားဖြူမှတ်တိုင်နား အရောက်တွင်မောလာ၏။ အစုမှ ပြေးရန်သတ်မှတ်ထားသော ခရီး၏ ရှစ်ပုံတစ်ပုံခန့်သာ ပြေးရသေးသည်။ ကျွန်တော်က တော်တော်မော နေပြီ။

အကျင့်မရှိသေးလို့ပါ...နောက်တော့ အဆင်ပြေသွားမှာပဲဟု သင့်တော်သလိုတွေးရင်း လမ်းဆက်လျှောက်နေလိုက်သည်။ တချို့ လူတွေက အင်းလျားကန်ပေါင်ပေါ်တက်သွားကြသည်။ ကျွန်တော် က ကန်ပေါင်ပေါ်တွင် အပြေးလေ့ကျင့်သူတွေ များလွန်းသည်ဟု ယူဆလိုက်ပြီး ပြည်လမ်းမပေါ်တွင်သာ ပြေးရန်ဆုံးဖြတ်ထားမိသည်။

နည်းနည်းအမောပြေသွား၍ ကျွန်တော် ဆက်ပြေးရန်ဟန် ပြင်လိုက်စဉ် ရုတ်တရက် ခေါ်သံတစ်ခုကို ကြားရပါသည်။

"ဟိတ်... လူကြီး၊ ခဏလောက်..."

ကျွန်တော့်ကို ထိုသို့ခေါ်နေသူသည် ခြောက်လမ်းသွားပြည် လမ်းမကြီး၏ အလယ်ကောင်တွင် ရပ်နေသော ကောင်မလေးတစ် ယောက်သာဖြစ်၏။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ၍ မတ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေဆဲ...။ သူမကပဲ ကျွန်တော့်ကိုလှမ်းခေါ်ပြီး အခုတော့ သူမကပဲ ကျွန်တော့်ဆီ အပြေးတစ်ပိုင်းနှင့် လျှောက်လာပြန်သည်။

ဒီဖက်လမ်းကိုရောက်တော့ ကောင်မလေးက ကျွန်တော့်ကို ခြုံငုံ၍ တစ်ချက်အကဲခတ်ပါသည်။ ကျွန်တော်က ပြန်ကြည့်တော့ သူမက သိပ်မကြိုက်သလို မျက်စောင်းထိုးလေသည်။

ဘယ်လိုကောင်မလေးပါလိမ့်...။ ငါ့ကိုများ အားမနာပါးမနာ မျက်စောင်းထိုးရတယ်လို့။

သူမသည် မြင်းကျားတစ်ကောင်လို အဖြူနှင့်အနက်အစင်းကြီးများပါသော ယုန်မွေးဆွယ်တာကို ဝတ်ထားပါသည်။ ဆံပင်က အနက်မဟုတ်ဘဲ အညိုရောင်ဖျော့ဖျော့ဖြစ်သည်။ သူမက စကားပြောဖို့အရှိန်ယူနေပုံရသည်။

"ဟော့လူ... ခင်ဗျားက ဒီနားမှာနေတာလား"

"အင်း... ဒီနားကတော့ မဟုတ်ဘူး။ ဟိုနားက..."

ကျွန်တော်သည် မာလာမှတ်တိုင်ဖက်ဆီသို့ လက်ညှိုးထိုးပြလိုက်ပါသည်။

"ဩော်... အဲဒါဆိုလည်း ဒီနားကပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူမကို နောက်ချင်လာသည်။

"မဟုတ်ဘူး။ ဟိုနားကပါဆို..."

"ထားပါတော့... ထားပါဟော့။ ဘယ်နားကပဲဖြစ်ဖြစ် ရန်ကုန်မှာနေတယ်ဆိုတာကတော့ သေချာပါတယ်။ ကျွန်မက မန္တလေးကလာတာ။ ဒီတော့ ကျွန်မက ဧည့်သည်ပေါ့။ အဲဒါ..."

သူမသည် စကားကို ဆက်မပြောဘဲရပ်ကာ စဉ်းစားသလို လုပ်သည်။ ကျွန်တော် သိပ်စိတ်မရှည်တော့...။

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒါ ခင်ဗျားကို အကူအညီတောင်းမလို့..."

"ဘာလဲ အိအိးပါချင်လို့လား"

"မဟုတ်ပါဘူး။ ခင်ဗျားကလည်း..."

"ဒါဖြင့် ဘာလဲ"

"ဝက်သားတုတ်ထိုးစားချင်လို့...။ အဲဒါ ဘယ်နားမှာရောင်း သလဲ"

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား...။ ကျွန်တော့်လက်က နာရီကိုကြည့်လိုက်တော့ မနက် ခြောက်နာရီသာရှိသေး၏။

ဆောင်းတွင်း မနက်စောစောစီးစီး ပြည်လမ်းမပေါ်မှာ ဝက်သားတုတ်ထိုးဆိုင် လိုက်ရှာနေသတဲ့။ ကျွန်တော် အံ့အားသင့်စွာ သူမကို ငေးကြည့်နေမိသည်။

"ပြောလေဗျာ... ဝက်သားတုတ်ထိုး ဘယ်နားမှာ ရောင်းသလဲ"

ကျွန်တော်လည်း တော်တော်ဦးနှောက်ခြောက်သွား၏။ ဒီအချိန်ဆို လှည်းတန်းမှာပင် ဝက်သားတုတ်ထိုးသည် ရှိဦးမည်မဟုတ်...။

"အစောကြီးရှိသေးတယ်ကွ... ဒီအချိန် ဘယ်သူမှ ဈေးရောင်းဦးမှာ မဟုတ်ဘူး"

"ခင်ဗျားတို့ ရန်ကုန်ကလည်း ဒါလေးတောင် မရဘူးလား ဒါနဲ့များ မြန်မာပြည်ရဲ့မြို့တော်တဲ့..."

"အမ်..."

ကျွန်တော်ခံနေရလေသည်။ ဘာမှလည်း မဆိုင်ပါလား။ ကျွန်တော့်မှာ ရန်ကုန်သားဖြစ်ရတာ အားငယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မန္တလေးမှာရော ဒီလောက်အစောကြီး ဝက်သား တုတ်ထိုးရောင်းလို့လား။ ပြောစမ်းပါဦး..."

"အို...သိပ်ရောင်းတာပေါ့။ (၈၄)လမ်းထိပ်က ဒေါ်ကြီးပုတ် ဆိုင်ဆို ဒီအချိန်ဖွင့်ပြီ၊ သိရဲ့လား..."

ကျွန်တော် မေးလိုက်တာ ပိုဆိုးသွား၏။ ဘယ်ကမှန်းမသိ သော ဒေါ်ကြီးပုတ်က ထပ်ပါလာသည်။ ဆက်ပြောလျှင် ကိုဖိုးအာနန် တို့၊ ဘရစ်တန်နီစပီးယားတို့၊ တာရာမင်းဝေတို့၊ ကြူးနှစ်တို့၊ စိုးမြတ် နန္ဒာတို့ပါ ပါလာနိုင်၏။ တော်တော်ရှုပ်တဲ့ ကောင်မလေး...။

"ကဲပါ... အခု မင်းက ဝက်သားတုတ်ထိုးစားချင်တာ မဟုတ်လား"

"အင်း"

"ငါနဲ့လိုက်ခဲ့၊ နည်းနည်းတော့ လမ်းလျှောက်ရမယ်"

"ရတယ်... ကျွန်မက လမ်းလျှောက်နိုင်ပါတယ်"

"ဒါဆိုလည်း ပြီးရော..."

ဒီလိုနှင့် ကျွန်တော်သည် သူမကို လှည်းတန်းဖက်သို့ ခေါ် လာခဲ့၏။ ဆောင်း၏နံနက်ခင်းတစ်ခု၌ ချစ်စရာကောင်းသော မြင်း

www.burmeseclassic.com

www.burmeseclassic.com



ကျားမလေးတစ်ကောင်သည် ကျွန်ုပ်ကော့ဘေးနားတွင် လမ်းလျှောက်ရင်း လိုက်ပါလာခဲ့သည်။ လှည်းတန်းရောက်ရင်လည်း ဝက်သားတုတ်ထိုးသည်က ရှိလိမ့်မည်မဟုတ်မှန်း ကြိုသိနေ၏။ ကောင်မလေးသည် ဝတ်သားတုတ်ထိုးစားရဖို့ ကျွန်တော့်နောက်ကို ယုံကြည်စွာ လိုက်ပါလာလေသည်။

မာလာမှတ်တိုင်နားသို့ ရောက်သောအခါ သူမက ကျွန်တော့်ကိုမေး၏။

"ဟော့လူ... ဝေးသေးလား"

"သိပ်မဝေးတော့ပါဘူး"

"ဒါဆို ပြေးကြရအောင်လေ... မကောင်းဘူးလား။ မြန်မြန်ရောက်တာပေါ့..."

"သဘောပဲ..."

ကျွန်တော်သည် သူမ၏ဆန္ဒကို သဘောတူလိုက်ပြီး နှစ်ယောက်အတူတူ ပြေးဖြစ်ကြသည်။ ခပ်ဖြည်းဖြည်းပြေးနေရာမှ ကျွန်တော်က အရှိန်ပိုမြှင့်လိုက်လျှင် သူမကလည်း မီအောင်လိုက်ပြေးသည်။ အေးအေးဆေးဆေးပဲ။ ကျွန်တော် နည်းနည်းမောလာတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် သူမသည် မောဟိုက်ခြင်းမရှိဘဲ ပုံမှန်ပြေးနိုင်၏။ ကျွန်တော် ဖြိုသွားပါသည်။

သူမသည် ပြေးရင်းမှ ခေါင်းကိုငဲ့ပြီး စကားစပြောသည်။

"ခင်ဗျား... နာမည်က ဘယ်လိုခေါ်သလဲ"

"မင်းမင်း..."

"အသက်ကရော..."

"နှစ်ဆယ့်လေးပါ..."

"ဒါဆို ကျွန်မထက်ကြီးတယ်။ ကိုမင်းပေါ့...။ ကျွန်မ နာမည်က နံနက်ခင်းတဲ့ မှတ်ထားနော်"

ကျွန်တော်သည် "နံနက်ခင်း" ဆိုသော သူမ၏ နာမည်ကို အံ့ဩသွားသည်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာလို နံနက်ခင်းမှာတွေ့လို့ နံနက်ခင်းဆိုပြီး ကိုယ့်ကိုယ်ကိုယ် နာမည်ပေးတာမျိုးလား။ ဒါမှမဟုတ် သူမနာမည်က တကယ်ပဲ နံနက်ခင်းဖြစ်နေသလား... ဟု သံသယနှင့် စဉ်းစားနေဆဲ သူမက ပြောလိုက်ပါသည်။

"ဘာလဲ... ကိုမင်းက မယုံဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ… ဒီကောင်မလေးက ငါ့အတွေးကို ဘယ်လို လုပ် သိသွားပါလိမ့်။ ဒါပေမဲ့ သူမကို အဆင်ပြေစွာ တုံ့ပြန်လိုက်ပါ သည်။

"မဟုတ်ပါဘူး။ နာမည်က ထူးဆန်းလို့ အံ့သြနေတာပါ။ နေပါဦး… နံနက်ခင်းရဲ့၊ မင်းက ဘယ်မှာတည်းတာလဲ"

"ကန်လမ်းက အဒေါ်တွေ အိမ်မှာ…"

စကားတွေပြောရင်းနှင့် လှည်းတန်းကိုရောက်လာပြီ။ ကျွန် တော်သည် ဝက်သားတုတ်ထိုးသည်ကို ရှာကြည့်ဟန်ဆောင်ရ၏။ သူမသည် ကျွန်တော့်ကို လုံးဝမသက်ာမဖြစ်ဘဲ မရှိသော ဝက်သား တုတ်ထိုးသည်ကို ဝိုင်းရှာပေးလိုက်သေး၏။

သို့သော် ဝက်သားတုတ်ထိုးဆိုင်နှင့်တူတာဆို၍ ကွမ်းယာ ဆိုင်တောင်မတွေ့…။ ကျွန်တော်က စိတ်ညစ်ချင်ယောင်ဆောင်ရ ပါသည်။

"ဒုက္ခပါပဲ… ခါတိုင်းဆို ဝက်သားတုတ်ထိုးဆိုင်က ဒီနား မှာဗျ… ဒီနေ့မှ ဘယ်လိုဖြစ်ပါလိမ့်…"

နံနက်ခင်းဆိုသော ကောင်မလေးက ကျွန်တော့်ကို အပြစ် မပြောသဖြင့် ကျွန်တော်ခံသာသွား၏။ သူမသည် ဝက်သားတုတ်ထိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလောက်အစောကြီး ရန်ကုန်မှာ မရနိုင်ဘူးဆိုတာ လက်ခံသွားပုံရသည်။ ဝက်သားတုတ်ထိုးမရနိုင်တော့ဘူးဆိုတော့ နံနက်ခင်းက တစ်မျိုး တီထွင်လာပြန်သည်။

"ကိုမင်း... ဝက်သားတုတ်ထိုးမရလည်း နေပါစေတော့။ ကျွန်မ လက်ဖက်ရည်ပဲ သောက်တော့မယ်။ ဒီနားမှာလက်ဖက်ရည်ဆိုင်ကောင်းကောင်းတစ်ဆိုင်လောက် မရှိဘူးလား"

ဟော...ဖြစ်ပြန်ပြီ။ ဒါပေမဲ့ ဒီတစ်ခါတော့ ကျွန်တော်သိပ် စိတ်မညစ်မိ...။ ဒီအချိန် လက်ဖက်ရည်ဆိုင်တွေက ဖွင့်နေပြီမဟုတ်လား။

"လက်ဖက်ရည်ဆိုင်ကတော့ ဖွင့်ပါပြီ။ လာ... ကိုယ်တို့အိုကိုကန်တင်းမှာ လက်ဖက်ရည်သွားသောက်ကြမယ်"

နံနက်ခင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်၏။ အဲဒီနောက်မှာတော့ လှည်းတန်းမှ မာလာမှတ်တိုင်ဆီသို့ ပြန်ပြေးကြရပြန်သည်။ သူမက ပြေးခါစမှာပင် ကျွန်တော့်ကို မေးခွန်းတွေမေးပါတော့သည်။

"ကိုမင်းမှာ မောင်နှမ ဘယ်နှယောက်ရှိသလဲ"

"နှစ်ယောက်... ညီမလေးရယ်၊ ကိုယ်ရယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း ကျောင်းရောပြီးသွားပြီလား"

"ပြီးသွားပြီ။ အင်္ဂလိပ်စာနဲ့..."

"မိဘတွေက ဘာလုပ်သလဲ"

"ကုမ္ပဏီတစ်ခု ဖွင့်ထားပါတယ်။ မိသားစု ပိုင်ပေါ့"

ကျွန်တော်က သူမ မေးသမျှကို အလိုက်သင့်ပြန်ဖြေရင်း အသက်ဝအောင် မနည်းရှူနေရသည်။ တော်တော့်စပ်စုတဲ့ ကောင်မလေးပါလား။ မိန်းမဆိုတာ ရန်ကုန်မှာပဲနေနေ၊ မန္တလေးမှာပဲနေနေ၊ ကျွန်တော်တွေ၊ ခင်ဗျားတွေပဲပြောပြော၊ ဟားဗတ်တက္ကသိုလ်တွေ၊ အောက်စဖို့ဒ်တက္ကသိုလ်တွေ၊ ရန်ကုန်တက္ကသိုလ်တွေ၊ ဒဂုံတက္ကသိုလ်တွေ... ဘယ်ကဖြစ်ဖြစ် အချိန်တန်တော့ စပ်စုမှုက အတူတူပဲ။

နှစ်ယောက်သား တဖြည်းဖြည်း အီကိုကန်တင်းနားသို့ ရောက်လာခဲ့သည်။ အီကိုကန်တင်းသည် သစ်ပင်ကြီးများ၏အရိပ်အောက်မှာ လှပစွာနေရာယူထား၏။ အဖြူနှင့် အပြာစပ်ကြား ထီးဝိုင်းကြီးများ၏ အောက်တွင် စားပွဲတွေကို ခင်းကျင်းထားကြသည်။ ကန်ပေါင်ပေါ်တွင် အပြေးလေ့ကျင့်ခဲ့ဟန်တူသော လူတချို့က ကျွန်တော်တို့ထက် ဦးစွာ မနက်စာ စားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာ... နံနက်ခင်း ရောက်ပြီ"

သူမသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်နေရာတွင် ငြိမ်သက်စွာဝင်ထိုင်လိုက်ပါသည်။ ပြီးတော့ လက်ဖက်ရည်နှစ်ခွက်ကို မှာလိုက်၏။

အိကိုကန်တင်းသည် အစားအသောက်တွေ တော်တော်စုံသည့် ဆိုင်ဖြစ်သော်လည်း ကျွန်တော်တို့က လက်ဖက်ရည်နှစ်ခွက်ကိုသာ မှာသောက်ကြပါသည်။

နေရောင်သည် ဆောင်း၏မြူနှင်းများကြားတွင် လှပစွာထိုးဆင်းလာ၏။ ကျွန်တော်က ဘေးနားတွင် ထိုင်နေသော မြင်းကျားမလေးကြောင့် ရင်တွေခုန်နေသည်။

"ကိုမင်းက ဘာဖြစ်လို့ အပြေးလေ့ကျင့်တာလဲ..."

"မဟုတ်ဘူး။ ကိုယ်က အပြေးလေ့ကျင့်တာ မဟုတ်ဘူး။ ကိုယ်ရဲ့ လေ့ကျင့်မှုက အပြေးဖြစ်နေတာပါ"

သူမသည် ကျွန်တော့်စကားကြောင့် စိတ်ညစ်စွာ ခေါင်းကုတ်လိုက်၏။ ကျွန်တော်က သူမပုံစံကို သဘောကျကာ ရယ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့... ဘာပဲဖြစ်ဖြစ်၊ နောက်နေ့တွေကျရင်ရော ကိုမင်း ပြေးဦးမှာလား"

"ပြေးမှာပေါ့။ ဒီဖေဖော်ဝါရီတော့ ကိုယ်ပြေးဖြစ်ဦးမှာ..."

"ဟာ... ပျော်စရာကြီး။ နောက်နေ့တွေကျရင် ကျွန်မတို့ အဖော်ရပြီပေါ့။ ပြေးပြီးရင် အခုလိုပဲ မနက်စာ အတူတူ စားကြမယ်။ မကောင်းဘူးလား"

"ကောင်းသားပဲ။ မဆိုးပါဘူး..."

ထိုသို့ ကျွန်တော်က သဘောတူလိုက်သောအခါ သူမက နှင်းစက်ကလေးတွေ အငွေ့ဖြစ်သွားအောင် တိုးဖွဖွရယ်မောခဲ့ပါသည်။ ဒီလိုနှင့် တပ်မက်စရာကောင်းသော နံနက်ခင်းများသည် ကျွန်တော်တို့ နှစ်ယောက်ကြားတွင် ဖြစ်ပေါ်လာတော့၏။

ဆောင်းရာသီနောက်ခံနှင့် အချစ်သီချင်းများမှာ ဖေဖော်ဝါရီ နံနက်ခင်းများတွင် ပျံသန်းနေခဲ့ကြသည်။ ကျွန်တော်တို့သည် နံနက်ခင်းများတွင် ပုံမှန်တွေ့ဆုံဖြစ်ကြသော်လည်း ကျန်အချိန်များတွင်တော့ တစ်ယောက်ကို တစ်ယောက်တွေ့ဆုံဖို့ မကြိုးစားကြ...။ မနက်စာစားပြီးချိန် (ကိုးနာရီ)လောက်တွင် ကျွန်တော်တို့၏ တွေ့ဆုံမှု

www.burmeseclassic.com

www.burmeseclassic.com



မှာ ပြီးဆုံးသွားပြီဖြစ်သည်။ ဒါပဲ။ ကျွန်တော်တို့ဟာ ဘယ်လောက်ပျော်ရွှင်ရဲကြပါသလဲ။

ရက်စွဲတချို့ကို သူငယ်ချင်းဘဝနှင့် ထိုသို့ဖြတ်သန်းခဲ့ကြပါသည်။ တစ်ယောက်ကို တစ်ယောက် တာဝန်ယူစရာမလိုဘဲ လေထုလို မှန်ဝါးစေသော ခံစားချက်များဖြင့် ကျွန်တော်တို့က ပေါ့ပါးစွာနေထိုင်ခဲ့ကြ၏။

သူမသည် ကျွန်တော့်အတွက် ပျော်ရွှင်စရာ ကစားနည်းတစ်မျိုးလည်း ဖြစ်ခဲ့သည်။ ဘဝ၏တန်ဖိုးများကို စျေးကွက်တင်သွင်းခြင်းလည်း ဖြစ်ခဲ့သည်။ ဘယ်သူမှ သိစရာမလိုသည့် တိတ်ဆိတ်သောနှင်းပွင့်ဂီတတစ်မျိုးလည်း ဖြစ်ခဲ့သည်။

အစစအရာရာအတွက် ဖေဖော်ဝါရီ နံနက်ခင်းများတွင် ရေသားကျလာခဲ့ပြီးသည့်နောက် သူမက ကျွန်တော့်ကို မနက်ဖြန်ကျရင် လက်ဆောင်ပေးစရာရှိတယ်ဟု လက်ဖက်ရည်သောက်ရင်း ပြောလာပါသည်။

ကျွန်တော့်စိတ်ထဲတွင် ဘာအဓိပ္ပာယ်မှန်း မသိသော်လည်း သူမကို ပြန်မေးမနေတော့ဘဲ ဒီအတိုင်းပဲ ထားလိုက်ပါသည်။ နောက်တစ်နေ့မှ သူမပေးမည့် လက်ဆောင်ဆိုတာကို ကျွန်တော်နားလည်

www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မည်ဟု မျှော်လင့်ခဲ့ပါသည်။ မျှော်လင့်သည့်အတိုင်းဖြစ်လာလိမ့်မည်ဟုလည်း ယုံကြည်မိခဲ့သည်။

သို့သော်... တကယ့်ဘဝများတွင် မျှော်လင့်ချက်၊ ယုံကြည်မှုနှင့် နားလည်နိုင်စွမ်းများသည် သီးခြားစီဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လာခဲ့လေသည်။

❣ ❣ ❣

ဆောင်းရာသီ၏ သစ်တော်သီးများကို ဒီလို မနက်ခင်းမျိုးတွင် ကျွန်တော်က သတိရပါသည်။ အဝါနုနု မွေးပွခွယ်တာ ဝတ်ဆင်ထားသော နံနက်ခင်းသည် ထိုနေ့မနက်က ရောက်ရှိလာခဲ့သည်။ အခုဆို သူမနှင့် ကျွန်တော်သည် ရင်းနှီးသော ဘော်ဒါတွေဖြစ်နေခဲ့ပြီ။ မြောက်ပြန်လေသည် သိပ်မကြမ်းဘဲ ခပ်ဖြည်းဖြည်းသာ တိုက်ခတ်နေ၏။

နှင်းတွေက ဒီနေ့မှပို၍ အေးစက်နေသည်ထင်မိ၏။ ကျယ်ဝန်းသော ပြည်လမ်းမတွင် မာကျူရီမီးများက ရှိနေသည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တံတားဖြူ မှတ်တိုင်ရှေ့တွင် ရပ်စောင့်နေသော ကျွန်တော့်ထံ အိပ်မက်တစ်ခုကို သယ်ဆောင်လာသလိုမျိုး ရိုဝေခဲ့ သွားစွာ လှမ်းလျှောက်လာ၏။

"ရော့... ကိုမင်း"

သူမ ကျွန်တော့်ကိုပေးသည်မှာ ကျွန်တော်အမျိုးအမည်မသိသော ဆူးပန်းအိုးသေးသေးလေးတစ်လုံး ဖြစ်ပါသည်။ အရုပ်ဆိုးသော ဆူးပန်းအိုးလေးဟာ ဘာအဓိပ္ပာယ်ပါလိမ့်...။ မြို့များကြားတွင် သူမသည် ဘာကိုမှ ရှင်းမပြဘဲ ကျွန်တော့်ကို အဲဒီပန်းအိုးလေးအား ပေးခဲ့ခြင်းမှာ ကျွန်တော်နှင့် သူမကြားရှိ ခံစားမှုကို တစ်ဆင့်တိုးလာစေသည်။

နောက်တော့ ကျွန်တော်တို့ မပြေးဖြစ်ကြဘဲ အီကိုကန်တင်းမှာ မနက်စာစားကြ၏။ ကျွန်တော်တို့နှစ်ယောက်စလုံးသည် ဆူးပန်းအိုးလေးအကြောင်းကို မပြောကြဘဲ နံနက်ခင်း၏ မြူတွေကိုငေးကြည့်နေခဲ့လေသည်။

သူမဟာ ဒီနေ့မှ ကြွေရုပ်လေးတစ်ရုပ်လိုပဲ။ ကျွန်တော် သူမကို မြင်ဖူးခဲ့သမျှ အကြိမ်အားလုံးတွင် ဒီတစ်ကြိမ်သည် အလှဆုံး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း... မိန်းကလေးတွေကို ဘယ်ကိုသဘောရသလဲ ဟင်"

သူမ၏ မေးခွန်းကြောင့် ကျွန်တော့်ရင်ထဲမှာ ဆတ်ခနဲတု ခါသွားသော်လည်း ကျွန်တော်က ထိုကိစ္စကို သူမ မရိပ်မိအောင် အမြန်ဖုံးကွယ်ပစ်လိုက်၏။ ပြီးတော့ ခပ်ဖွဖွရယ်မောလိုက်ပါသည်

"မိန်းကလေးတွေရယ်၊ ငွေကြေးရယ်၊ သြဇာအာဏာရယ် အောင်မြင်မှုရယ်၊ နိုင်ငံရေးရယ်၊ အနုပညာရယ်... အားလ ဟာ အတူတူပဲ။ ဒါကိုယ့်တစ်ယောက်တည်းရဲ့ အယူအဆ နော်။ ဒါတွေဟာ မတည်မြဲဘူး။ အရမ်းတပ်မက်ဖို့ကော တယ်။ သူ့အရသာနဲ့ သူပေါ့လေ...။ တစ်ခါတလေကျပြ တော့လည်း အဲဒါတွေက ငြီးငွေ့စရာကောင်းတယ်"

သူမသည် ကျွန်တော့်အား အထူးအဆန်းပစ္စည်းတစ်မျိုးကဲ့သို ကြည့်နေပြန်သည်။ ဆောင်းသည် ဒဏ္ဍာရီဆန်စွာ လှပနေ၏။ ပြ လမ်းမပေါ်တွင် ကားတစ်စီး၊ နှစ်စီးခန့် ဖြတ်မောင်းသွားသံကြားရ

နံနက်ခင်းသည် သက်ပြင်းကို မသိမသာချလိုက်သည်

"ကိုမင်းက တစ်မျိုးပဲနော်..."

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူမက ကျွန်တော့်ကို ထိုသို့မှတ်ချက်ချခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးသည် ဖေဖော်ဝါရီနံ့နက်ခင်းများနှင့်အတူ ပြီးဆုံးရတော့မည်ဟု စိတ်ထဲက ကြိုသိနေ၏။

အေးစက်သော မာယာသည် ကျွန်တော့်အား နွေးထွေးသော တန်ဖိုးများအကြောင်းကို သူမမှတစ်ဆင့် နားလည်စေခဲ့သည်။ အဲဒီနေ့က ကျွန်တော်တို့ နှစ်ယောက်စလုံး မပြေးဖြစ်ကြဘဲ နေအတော်မြင့်တဲ့အထိ အီကိုကန်တင်း၏ အပြာ၊ အဖြူစပ်ကြား ထီးရိပ်အောက်တွင် ထိုင်နေခဲ့ကြသည်။

ဘဝတချို့သည် ငြိမ်သက်နေ၏။

❣ ❣ ❣

ဖေဖော်ဝါရီ၏ နောက်ဆုံးရက်စွဲများသို့ ရောက်လာခဲ့ပြီ။ ကျွန်တော်တို့သည် နေ့စဉ်ပုံမှန်တွေ့ ဖြစ်ကြဆဲ။ ပုံမှန်အပြေးလေ့ကျင့်ကြဆဲ။ (သူမ ဆူးပန်းအိုးလေးယူလာခဲ့သည့် တစ်ရက်မှအပ ကျွန်တော့်တို့ နေ့စဉ်ပြေးဖြစ်ကြ၏) ကျွန်တော့်မှာလည်း သူမလက်ဆောင်ပေးလို့သာ အဲဒီ ပန်းအိုးလေးကို ယူထားရသည်။ ဘာပန်းမှန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မသိ။ ဘာအဓိပ္ပာယ်မှန်းလည်းမသိ။

ထိုသို့ ဘာမှမသိခြင်းကပင် ကျွန်တော့်အတွက် ကြီးမား သည့် အသိတစ်မျိုးဖြစ်နေတော့သည်။

ဆယ့်နှစ်လရာသီတွင် ဖေဖော်ဝါရီသည် အတိုဆုံးလတစ်လ ဖြစ်ပါသည်။ ဆောင်းသည် နွေဦးသို့ ဦးတည်လာခဲ့သည်။ ဖေဖော်ဝါရီ နှောင်းပိုင်းအချိန်များသည် အအေးပေါ့လာ၏။

သို့တိုင်အောင် ကျွန်တော်တို့နှစ်ယောက်က မနက်ဆို ပြည် လမ်းမ၏ ပလက်ဖောင်းတစ်ဖက်တစ်ချက်စီ၌ ပုံမှန်ပြေးနေကြဆဲဖြစ် သည်။ သံယောဇဉ်များသည် ဘာကြောင့်မှန်းမသိဘဲ ဖြတ်တောက်ရ ခက်လေသည်။

ကျွန်တော်တို့သည် နူးညံ့သော အခြေအနေများမှာပင် တစ် ယောက်အဓိပ္ပာယ်ကို တစ်ယောက်က ရှာဖွေနေကြရသည်။ ကျွန်တော် က သူမ၏ ဖိနပ်သံကို နားစွင့်နေမိ၏။ ကျွန်တော့်အတွက် သူမ ရင်ခုန်စရာကောင်းသော ဆောင်းနံနက်ခင်းများသည် အခုတော့ အ သတ်ချိန်ရောက်ပြီ။

"ကိုမင်း... မနက်ဖြန်ဆို ကျွန်မ မန္တလေးကို ပြန်ရတော့ မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဝေးကွာမှုကို ကြိုတင်သိမြင်ထားခဲ့သလို တုန်လှုပ်ခဲ့ပေ။ သူမ၏ အကြည့်နက်နက်များများကို ကျွန်တော့်က အဓိပ္ပာယ်ဖွင့်ရန် ကြိုးစားမိသောအခါ ထိုကိစ္စသည် အလွန်ရယ်စရာကောင်းသွားခဲ့ပါသည်။ တစ်ချိန်ထဲမှာပဲ စိတ်ရှုပ်စရာလည်းကောင်းသွားခဲ့၏။

ကျွန်တော်တို့နှစ်ယောက်၏ ဖေဖော်ဝါရီနံ့နက်ခင်းများသည် ပြီးဆုံးတော့မည်ပေါ့။ ကျွန်တော်က သူမကို တစ်ခုခုပြောလိုက်သင့်သော်လည်း တကယ်တမ်းတွင် ဘာမှမပြောဖြစ်ခဲ့။ ခေါင်းကိုသာ ဖြေးလေးနက်နက်သဘောဖြင့် တစ်ချက် ညိတ်ပြခဲ့ပါသည်။

သူမသည် ပြန်ခါနီးတော့ ကျွန်တော့်ကို အပြာရောင် စာအိတ်တစ်အိတ်ကို ပေးပါသည်။

"ရော့... ကိုမင်း။ အိမ်ရောက်မှ ဖွင့်ကြည့်ပေါ့"

ကျွန်တော်ကလည်း သူမဆန္ဒအတိုင်း စာအိတ်လေးကိုအကျႌအိတ်ထဲမှာ သိမ်းထားလိုက်မိ၏။ ဒီနေ့မှ နေရောင်ခြည်သည် နံနက်ခင်းထဲသို့ ပိုမိုစောစီးစွာ ရောက်ရှိလာသည်။

နှုတ်ဆက်ချိန်သည် တစ်မျိုးလွမ်းစရာကောင်းလေသည်။ ခင်းသူပါးပါးလေးကြားထဲတွင် ကျွန်တော်တို့က နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ကြည့်နေမိကြ၏။ တိတ်ဆိတ်သော အမိပ္ပာယ်တွေသည် သူမကို မျက်ရည်ဝဲလာစေခဲ့သည်။ ကျွန်တော်က သူမ၏ မျက်ရည်များကြောင့် တစ်ဖက်သို့ မျက်နှာလွှဲလိုက်၏။

ထိုအချိန်မှာပဲ သူမက ကျွန်တော့်ကို ကျောခိုင်းထွက်ခွာသွားခဲ့လေသည်။

❣ ❣ ❣

အိမ်ပြန်ရောက်တော့ သူမပေးခဲ့သော စာအိတ်လေးကို ကျွန်တော်ဖွင့်ကြည့်ပါသည်။ ရှက်ဆုတ်ပြက္ခဒိန်သေးလေးတစ်ရွက်မှလွဲ၍ တခြားဘာမှ မပါပေ။

ဖေဖော်ဝါရီ (၁၄) တဲ့။

ဖျတ်ခနဲ ကျွန်တော့်ခေါင်းထဲမှာ အလင်းရောင်တွေပွင့်သွား၏။ ထိုနေ့သည် သူမ ကျွန်တော့်အတွက် ဆူးပန်းအိုးသေးသေးလေးတစ်လုံးကို ယူလာပေးသည့်နေ့လည်းဖြစ်သည်။

ကျွန်တော်သည် အချစ်နှင့်ပတ်သက်၍ ဗဟုသုတနည်းသူတစ်ဦးသာဖြစ်ပြီး မိန်းမတစ်ယောက်၏ အချစ်ကိုလည်း မသိချင်ယောင်ဆောင်မိခဲ့သူ ဖြစ်ပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



ဗိလိန်တွေမပါသော ဇာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



# ဗီလိန်တွေမပါသောဇာတ်လမ်း

॥ ၁ ॥

ကျွန်တော်သည် ကြွက်တစ်ကောင်ကို မည်သည့်နည်းနဲ့မှ သတ်မရသော လူတစ်ယောက်၏ ဒုက္ခကို မခံစားတတ်ဘဲ သရော်ခဲ့ဖူးသည်။ အချစ်စိတ်သည် ကြွက်တစ်ကောင်ကပေးသော ဒုက္ခထက်ပိုနိုင်၏။ ထို့အပြင် ကြွက်တစ်ကောင်ထက် ကျွန်တော့် နှလုံးသားကို ပိုမိုလှုပ်ခါနိုင်၏။ အခုတော့ ထိုစိတ်ကိုသတ်မရမည့်အတူတူ ဒီအတိုင်းပဲ ငြိမ်ငြိမ်လေး ထိုင်ကြည့်နေလိုက်တော့မည်။ နေဝင်ချိန်သည် လှပပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ရာတွေ ဖြစ်ပါစေတော့ အချစ်ရေ...။

✣ ✣ ✣

॥ ၂ ॥

ကူရိုဆားဝါးဆိုသော ကမ္ဘာကျော်ဒါရိုက်တာကြီးသည် မိခင်နိုင်ငံ ဂျပန်၌ အလုပ်အပ်မည့်သူမရှိဘဲ အလုပ်လက်မဲ့ဖြစ်ခဲ့ဖူး၏။ အမြင်မတော်သောကြောင့် (သို့မဟုတ်) သူ့အနုပညာကို ယုံကြည်သောကြောင့် ရုရှမှ ခေါ်ယူ၍ အလုပ်ပေးခဲ့ကြောင်း ကျွန်တော်မှတ်သားဖူးလေသည်။

ကျွန်တော့် နှလုံးသားကို သူမက ယနေ့ထက်တိုင် မယုံကြည်သေးပေ။ သူမ၏ နာမည်ကို မို့မို့မင်းသူဟု ကျွန်တော်က အလွယ်တကူ ပြောပြလိမ့်မည်မဟုတ်ပါ။ သို့သော် သူမ၏ အစည်ရင်းသည် ကံဆိုးစွာပင် မို့မို့မင်းသူ ဖြစ်နေခဲ့ပါသည်။

ကျွန်တော့်ကို ကူရိုဆားဝါးအား ရုရှမှ အလုပ်ပေးသလို မို့မို့မင်းသူက အမြင်မတော်လို့ ပြန်ချစ်လိုက်မည်ဆိုလျှင် နောက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရမည့် စာကြောင်းများသည် (ဝိုင်ချိုနောက်ပိုးလုပ်ပြီးရေးသည့် အချစ်ကဗျာများထက်) ခင်ဗျားတို့ ပို၍ဖတ်ကောင်းမည်ဟု ကျွန်တော် အာမခံနိုင်ပါသည်။ သူမ၏အလှတရားအကြောင်း စဉ်းစားပါက ကျွန်တော်သည် ယုတ္တိဗေဒကို ညံ့ဖျင်းသော တွေးခေါ်ပညာရှင်တစ်ယောက်ဖြစ်နိုင်၏။ ဘာကိုမဆို ရဲဒုံ့သော (၁၈) နှစ်သား လူငယ်လေးတစ်ယောက်လို တက်ကြွနေ၏။

အဲဒီတုန်းကတော့ သူမ မျက်နှာပြင်ပေါ်မှ ပန်းရောင်ကြွနေသော အရုက်တရားကို ကျွန်တော် ငေးကြည့်၍ မဝနိုင်ဘဲရှိခဲ့ဖူးသည်။ ကျောင်းဖယ်ရီကား၏ ရှေ့ဆုံးနေရာတွင် ထိုင်တတ်သော သူမအား ကျွန်တော်က နောက်ဆုံးထိုင်ခုံမှ ရင်ခုန်နေခဲ့ဖူးသည်။ သားနားမှ အဖော်ကို သူမက ခေါင်းငုံ့၍ စကားပြောလိုက်သည့်အခါ မြင်ရသည့် သူမ မျက်နှာတစ်ခြမ်းသည် ကျွန်တော့်အတွက် ကမ္ဘာမြေပုံဖြစ်ပါသည်။

တိတ်ဆိတ်စွာ ရေးခြစ်ထားသော ကျွန်တော့်ခံစားမှုများကို ကျွန်တော်မည်သည့်အခါတွင်မှ ငွေကြေးဖြင့် မရောင်းစားဘူးဟု ဆုံးဖြတ်ထားမိသည်။ ရော်ဝါပြီး လှပနေသော စွယ်တော်ရွက်တစ်ရွက်သည် ကျွန်တော့်ဒိုင်ယာရီထဲတွင် ယနေ့တိုင်အောင်ရှိပါသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



စွယ်တော်ရွက်လေးကို တစ်ချိန်က သူမသည် ဒေါက်ဖိနပ်ဖြင့်တက်နင်းခဲ့ဖူး၏။

ကျွန်တော်က ဒေါက်ဖိနပ်ရာထင်နေသော စွယ်တော်ရွက်ကလေးကို သနားစွာလှမ်းကောက်လိုက်ချိန်တွင် သူမက မတော်တဆလှည့်ကြည့်ချိန်နှင့် တိုက်ဆိုင်သွားသည်။

ဤသို့ဖြင့် ဒေရာရာသည် ကျွန်တော့်မျက်လုံးထဲ၌ အပြာရောင်များအဖြစ် ပျံသန်းသွားတော့သည်။

✣ ✣ ✣

॥ ၃ ॥

ဘီတဲလ်အဖွဲ့၏ ခေါင်းဆောင် ဂျွန်လင်နွန်သည် သေနတ်သမားတစ်ဦး၏ စိတ္တဇဆန်သော ပစ်ခတ်မှုကြောင့် ကမ္ဘာကြီးကသူ့ကို ဆုံးရှုံးခဲ့၏။ ကျွန်တော့်ရင်ထဲက အဆုံးအရှုံးတချို့ကို သူမက မတော်တဆ တွေ့ရှိသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်သော အမှန်တရားအကြောင်း သူမကို ကျွန်တော် ရှင်းပြချင်မိသည်။ တချို့ကိစ္စရပ်များတွင် တစ်ခါတစ်ရံ အမှန်တရားသည် အပိုသက်သက်ဖြစ်နေတတ်သည်။

တစ်ခုသော မိုးဦးရက်စွဲတွင် သူမက ကျွန်တော့်ဆီသို့ ညင်သာစွာ ရွှေ့လျားရောက်ရှိခဲ့ပါသည်။

"သူ့နာမည် ဘယ်လိုခေါ်သလဲ"

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"သိချင်လို့..."

ကျွန်တော့် မျက်နှာသည် ရှက်ရွံ့စွာ ပူနွေးသွားပြီး ခပ်အမ်းအမ်းဖြစ်သွားသည်။

"ဖြေလေ... တို့မေးနေတာကို..."

ထပ်မံ သတိပေးနေသော ထိုကောင်မလေးသည် ကျွန်တော်နှင့် မျက်လုံးချင်းတစ်ခါသာ ဆုံဖူးပါသည်။ လွန်ခဲ့သော နှစ်ရက်ခန့်က သူမတက်နင်းသွားသည့် ရော်ဝါဝါစွယ်တော်ရွက်လေးကို ကျွန်တော် ကောက်ယူနေခိုက် အမှတ်တမဲ့ နောက်ပြန်လှည့်ကြည့်သွားသော ကောင်မလေးဖြစ်၏။ ထိုစဉ်က သူမသည် ဘာမှမပြောဘဲ ခပ်တည်တည်နှင့် ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခေါ်ရင် ကောင်းမလဲဟင်"

"မင်းက ကောင်မလေးတစ်ယောက်ပဲ။ ဒီတော့ ဟိုကောင်မလေး ခေါ်သလို ကိုကိုလို့ပဲ ခေါ်ပေါ့"

ကျွန်တော်က ထိုသို့ပြောတော့ သူမက "အောင်မာ" ဟု ခပ်တိုးတိုးပြောကာ နှုတ်ခမ်းကို ဖွဖွလေး ကိုက်ပြပါသည်။ ကျွန်တော်သည် သူမ၏ ထိုအပြုအမူလေးကို ငေးကြည့်နေမိသည်။ ဖြစ်သလို ရွေ့လျားသွားသော ကျွန်တော့် ရင်ခုန်သံတွေသည် ဒီအခြေအနေလေးကိုပဲ ရိုးရိုးသားသား လှုပ်ရှားမွှန်ဝါးနေ၏။

"နောက်မနေနဲ့... ချမ်းမင်းကို မေးစရာရှိတယ်"

"မေးလေ..."

"ဟိုတစ်နေ့က တို့တက်နင်းသွားတဲ့ စွယ်တော်ရွက်လေးကို ချမ်းမင်းက ဘာဖြစ်လို့ ကောက်သိမ်းသွားရတာလဲ"

သူမ၏မေးခွန်းကို ကျွန်တော် ခပ်ဟဟ ရယ်မောမိသွား၏။

"သနားလို့..."

"အို-"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခေါ်ရင် ကောင်းမလဲဟင်"

"မင်းက ကောင်မလေးတစ်ယောက်ပဲ။ ဒီတော့ ဟိုကောင်မလေး ခေါ်သလို ကိုကိုလို့ပဲ ခေါ်ပေါ့"

ကျွန်တော်က ထိုသို့ပြောတော့ သူမက "အောင်မာ" ဟု ခပ်တိုးတိုးပြောကာ နှုတ်ခမ်းကို ဖွဖွလေး ကိုက်ပြပါသည်။ ကျွန်တော်သည် သူမ၏ ထိုအပြုအမူလေးကို ငေးကြည့်နေမိသည်။ ဖြစ်သလို ရွှေ့လျားသွားသော ကျွန်တော့် ရင်ခုန်သံတွေသည် ဒီအခြေအနေလေးကိုပဲ ရိုးရိုးသားသား လှုပ်ရှားမှုန်ဝါးနေ၏။

"နောက်မနေနဲ့... ချမ်းမင်းကို မေးစရာရှိတယ်"

"မေးလေ..."

"ဟိုတစ်နေ့က တို့တက်နင်းသွားတဲ့ စွယ်တော်ရွက်လေးကို ချမ်းမင်းက ဘာဖြစ်လို့ ကောက်သိမ်းသွားရတာလဲ"

သူမ၏မေးခွန်းကို ကျွန်တော် ခပ်ဟဟ ရယ်မောမိသွား၏။

"သနားလို့..."

"အို-"

www.burmeseclassic.com

www.burmeseclassic.com



ထိုအာမေဋိတ်သံ၏ နောက်ဆက်တွဲရယ်သံတွေသည် ကျွန်
တော်တစ်ယောက်တည်းအတွက်တော့ နှင်းဆီဒိုင်ယာရီဖြစ်ပါသည်
တစ်ယောက်ကို တစ်ယောက် ဘာမှန်းမသိသော အခြေအနေမှ ထ
နည်းဖြင့် ရင်းနှီးသော သူငယ်ချင်းတွေ ဖြစ်လာကြသည်။

ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးသည် နားလည်ရ
ခက်ခဲသော်လည်း အရသာရှိသည့် မော်ဒန်ဝတ္ထုတိုတစ်ပုဒ်ကဲ့သို့ ဖြ
လေသည်။

✣ ✣ ✣

॥ ၄ ॥

အချစ်သည် ကြောင်အဖြူလေးတစ်ကောင်လို လက်ဖြ
ပွတ်သပ်ချော့မြှူရန် မလွယ်ကူပါ။ ဘဝတချို့၏ လှပသော ရည်မှ
ချက်များသည် ကိုယ့်နားရွက်ကိုယ်ပြန်ဖြတ်ပစ်ရဲခဲ့သော ဗင်းဆင့်ဗင်
နှင့် ယှဉ်လျှင် ရယ်စရာဖြစ်ပါသည်။

အဲဗစ်ပရက်စလေသည် အသည်းကွဲဟိုတယ် သီချင်းဖြ
ကမ္ဘာကျော်ခဲ့၏။ ရော့ခ်အင်ရိုးဗိုင်းရပ်(စ်)ကို ကမ္ဘာပေါ်သို့ သ

www.burmeseclassic.com

www.burmeseclassic.com



တင်သွင်းလာသည်ဟု ဆိုနိုင်သည်။

မို့မို့မင်းသူသည် ကျွန်တော့်အတွက် ပန်းရောင်ရက်စွဲများကို ရဲရင့်စွာ ပေးအပ်ခဲ့ပါသည်။ မိန်းမတစ်ယောက်၏ မာယာကင်းသော ဖြူစင်မှုကို ကျွန်တော်က သူမဆီတွင် ပထမဆုံး တွေ့မြင်ခွင့်ရခဲ့၏။ သူမ၏ နာမည်သည် ကျွန်တော့်နှလုံးသားထဲ၌ ပျံ့နှံ့နေလေပြီ။

ပရက်စလေသည် လည်းကောင်း၊ မို့မို့မင်းသူသည် လည်းကောင်း ကျွန်တော့်ကမ္ဘာထဲမှာ သူရဲကောင်းများ ဖြစ်ကြပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် မှတ်တမ်းမဝင်သော ချစ်သူတွေဖြစ်ခဲ့၏။

ထိုအခြေအနေမတိုင်မီက ကျွန်တော်သည် သူမစီးသော ဗယ်ရီကားကို လိုက်စီးခဲ့သည်။ သူမတက်သော မိုင်နာချိန်တွေကို လိုက်တက်ခဲ့သည်။ သူမထိုင်သော ကန်တင်းတွေကို လိုက်ထိုင်ခဲ့သည်။

'သို့သော် ကျွန်တော် ကံဆိုးခဲ့ပါသည်။ အဲဒီနေ့က တစ်ကမ္ဘာလုံးမှာ ကျွန်တော့် တစ်ယောက်တည်း ရွေးချယ်ကံဆုံးမိုးမှောင်ကျခဲ့သည်ဟု ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော့်ကို ချစ်ပါတယ်ဟု ဝန်ခံခဲ့ပြီး တခြားယောကျ်ားတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်သွားခဲ့၏။

ဒါသည် ဘာအကြောင်းပြချက်မှ မရှိသော သူမ၏ ရက်စက်မှုသက်သက်ဖြစ်သည်။ အဝေးကြီးမှာ တိမ်ပြာပြာတွေ လွင့်နေ၏။ ကျွန်တော်က သူမကို တိတ်ဆိတ်သော အမှန်တရားအကြောင်း ပြောပြရန် တည်ငြိမ်ဖို့လိုပါသည်။

လူသူကင်းရှင်းသည့် လှူအဖွဲ့အစည်း၏ ပြင်ပတစ်နေရာတွင် ကျွန်တော်တစ်ယောက်တည်း ငြိမ်ငြိမ်လေးနေချင်မိသည်။ (ထိုနေရာ၌ မှဆိုးများလည်း ကင်းရှင်းရမည်။) မကြာသေးမီက ဆွစ်ဇာလန်လို နိုင်ငံမျိုးပင် ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရောက်သွားခဲ့၏။ ဆိုလိုသည်မှာ ဘယ်သူဖြစ်ဖြစ် လူ့အဖွဲ့အစည်းနှင့် သီပ်ငေးနေ၍မဖြစ်ပါ။ ကျွန်တော့် စိတ်ကူးများအားလုံးကို မို့မို့မင်းသူသို့ ကျွန်တော်က အပိုင်ပေးပစ်ခဲ့ပါသည်။

နှလုံးသားသည် တိတ်ဆိတ်နေပြီး သူမ၏ ဥရောပဆန်သော မျက်ဝန်းညိုညိုများကို သတိရနေမိ၏။ တစ်ခါက မို့မို့မင်းသူ၏ ပါးပြင်ပေါ်မှ အကြောစိမ်းစိမ်းလေးများအား ကျွန်တော့်အပြင်းအထန် တပ်မက်ခဲ့ဖူးပါသည်။ အခုတော့ သူမတစ်ယောက် ကျွန်တော်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သော ယောက်ျားတစ်ယောက်ရင်ခွင်ထဲမှာ နေသားကျနေလောက်ပြီ ထင်ပါသည်။ ကျွန်တော်တို့သည် တစ်ယောက်၏ ခံစားမှုပုံစံကို တစ်ယောက်က လိမ္မာစွာ ငြင်းဆိုခဲ့ကြသည်။ ကျွန်တော်က ထူးအိမ်သင်၏ နာရီပေါ်မှ မျက်ရည်စက်များကို ကြိုက်သော်လည်း သူမက ထိုသီချင်းများကို မကြိုက်ပါ။ ဖျော့တော့ဝေရီသော အတိတ်ကာလသည် မို့မို့မင်းသူဆိုသည့် သူမ၏ နာမည်ကို စုံးစမ်းနေတော့သည်။ ကန့်သတ်၍ မရသည့် ကျွန်တော့်စဉ်းစားခန်းတို့တွင် သူမရှိ၏။ အချစ်အကြောင်း ငြင်းခုံကြစဉ်က သူမသည် အမည်မဲ့သော စံပယ်ပန်းတွေဖြစ်သည်။

အဝေးဆုံးအနေအထားမှာပင် ကျွန်တော့်ကို မို့မို့မင်းသူက ပုံးနွေးအောင် ပြုလုပ်နိုင်ဆဲဖြစ်၏။ ကမ္ဘာကြီးသည် ကျွန်တော့်ထက် သူမကို ပို၍ မျက်နှာသာပေးခဲ့သည်ဟု ကျွန်တော်က ဝွပ်စွဲခဲ့လျှင် သူမ ဘယ်လိုတုံ့ပြန်မည်ကို ကျွန်တော် သိချင်လှပါသည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



။ ၅ ။

ထို့နေ့က ကျွန်တော် အမျိုးအမည်မသိသော ပန်းပွင့်အဝါလေးတစ်ပွင့်ကို သူမက ပန်ဆင်ထားခဲ့သည်။ သီရေတာ အဆောက်အအုံရှေ့က လှေကားထစ်ပေါ်တွင် ကျွန်တော်က ငြိမ်ငြိမ်လေးထိုင်နေမိ၏။

"ချမ်းမင်း..."

ကျွန်တော့်နာမည်ကို ခေါ်လိုက်သော ထိုကောင်မလေး၏အသံမှာ တည်ငြိမ်လွန်းလှသည်။ သူမ၏ အကြည့်စူးစူးများကို ကျွန်တော် ရင်မဆိုင်ချင်သဖြင့် မျက်နှာလွှဲဖို့ ကြိုးစားလိုက်ပါသည်။

ကောင်းကင်တွင် မိုးတိမ်တွေ ဘယ်လိုရွေ့လျားသွားသလဲဆိုတာ ကျွန်တော် မသိသော်လည်း သူမစိတ်ထဲမှာ ဘယ်လိုဖြစ်သွားသလဲဆိုတာကိုတော့ ကျွန်တော်သိပါသည်။ ကျွန်တော့်နာမည်ကို ခေါ်လိုက်ပြီး အခုထိ ဘာမှမပြောဖြစ်သေးသော သူမ၏ ခံစားမှုကို ကျွန်တော် နားလည်ပါသည်။

"နင်နဲ့ ငါနဲ့ကို ရည်းစားတွေလို့ သူများတွေက ပြောကုန်ကြပြီ။ နင်အဲဒါကိုသိလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး... နည်းနည်းပါးပါးတော့ ကြားမိသလိုပဲ။ အခုဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ချမ်းမင်းရဲ့။ ဟုတ်မှ မဟုတ်ဘဲနဲ့"

ကျွန်တော်၏ ဝေ့လည်ကြောင်ပတ်လုပ်မှုကို သူမက ပါးနပ်စွာ ရိပ်မိနေခဲ့၏။ မို့မို့မင်းသူသည် ကျွန်တော်မသိသလို၊ သိသလိုလုပ်နေ၍ မခံချိမခံသာဖြစ်နေသော်လည်း သူမ၏ဂုဏ်သိက္ခာကို ကာကွယ်ရန် စဉ်းစားသူမဟုတ်ပေ။

"ငါနင့်ကို ဘယ်လို လုပ်ပေးရမလဲဟင်... မိသူ"

သူမသည် သက်ပြင်းကို ရှည်လျားစွာ မှုတ်ထုတ်ပစ်လိုက်ပြီး ကျွန်တော့်ကို စူးခနဲတစ်ချက်ကြည့်ပါသည်။ ပြီးတော့ ခေါင်းကိုယမ်း၏။

"ငါလည်း မပြောတတ်ဘူး။ ဒါပေမဲ့ အဲဒီလိုအပြောခံရတာ ငါမကြိုက်ဘူး။ အခု ငါတို့နှစ်ယောက်ကို ဒီလိုဝိုင်းပြောကြတဲ့သူတွေ အများစုဟာ နင့်သူငယ်ချင်းတွေပဲ"

သူမ၏စကားသည် ဘာကိုဦးတည်ပြီး ပြောနေသလဲဆိုတာ ကျွန်တော် ရိပ်မိစပြုလာပြီ။ အမျိုးအစား မသိသော မသဲကွဲမှုတွေကို မို့မို့မင်းသူက တိတိကျကျ ခေါင်းစဉ်တပ်ပေးဖို့ ကျွန်တော့်ကို အချက်

www.burmeseclassic.com



ပြလိုက်ခြင်းသာဖြစ်၏။

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိသွားလေသည်။ ကိုယ့်ခံစား မှုတွေကို ပြန်လည်သုံးသပ်ကြည့်မိတော့လည်း အချစ်ဆိုတာ သေချာ ပါသည်။

"မိသူ..."

အကြည့်ချင်းဆုံကြသောအခါ ဘာသာစကားသည် အခက် အခဲရှိနေပြန်သည်။

"ငါနင့်ကို ချစ်တယ်"

ရုတ်တရက် ပြောထွက်သွားသော စကားကြောင့် ကျွန်တော် သည် ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြနေမိ၏။ သို့သော် ထိုစကားပြောဖြစ် သွားသောကြောင့် ကျွန်တော် တကယ် ဝမ်းသာပါသည်။

သူမသည်လည်း ရုတ်တရက်မို့ ရှိန်းဖိန်းထူအမ်းနေသော မျက်နှာကို ဘယ်ထားရမှန်း မသိဖြစ်နေရှာ၏။ ထိုအချိန်တွင် သီရေ တာရှေ့က လမ်းပေါ်တွင် အသိဆရာတစ်ယောက်က ဖြတ်သွားသ ဖြင့် နှုတ်ဆက်ရမည့်တာဝန်က ရှိသွားသည်။ ဒီလိုနှင့် ခေါ်ခဲ့သော အခြေအနေသည် ပုံမှန်အနေအထားကို ပြန်ရောက်လာ၏။ သူမသည် အရာရာကို မေ့လျော့နေသလို စောစောက ဖြစ်လျှောက်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကို လိုက်ကြည့်နေသည်။

"ချမ်းမင်း... ငါတို့ ပွင့်ပွင့်လင်းလင်းပဲ စကားတွေပြောကြတာပေါ့။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ တစ်ယောက်ကို တစ်ယောက် မလိမ်ကြေး။ ကိုယ့်ကိုယ်ကိုယ်မလိမ်ကြေး..."

ကျွန်တော် သူမကို သေသပ်စွာခေါင်းညိတ်ပြလိုက်မိသည်။ အဝေးဆီမှ ကျောင်းသူအုပ်စု၏ ရယ်သံသည် ကျွန်တော်တို့နှစ်ယောက်ရဲ့ ငြိမ်သက်နေမှုကို ပိုမိုပေါ်လွင်စေလေသည်။

မိုမိုမင်းသူသည် ကျွန်တော့်ကို ရဲတင်းစွာစိုက်ကြည့်ပြီး သူမ၏ ပွင့်လင်းမှုအား စတင်တော့၏။

"ငါ နင့်ကိုချစ်တယ် ချမ်းမင်း။ ဒါက နင်ငါ့ကိုချစ်တယ်လို့ ပြောလို့ပြန်ပြောတဲ့အဖြေမဟုတ်ဘူး။ နင်ငါ့ကို ချစ်ချစ်၊ မချစ်ချစ် ဟိုအရင်ကတည်းက နင့်ကို ငါကစပြီး ချစ်ခဲ့တာပါ။ ဒါပေမဲ့ နင့်ကို ငါဘယ်တော့မှ ရည်းစားမလုပ်ဘူး"

"ဘာဖြစ်လို့လဲ.... မိသူ"

"ငါ မပြောချင်ဘူးဟာ..."

ကျွန်တော်သည် စောစောတုန်းက ပြောခဲ့သော သူမ၏ စကားကို ပြန်လည်အသုံးချဖို့ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ခုနတုန်းကပြောတော့ ပွင့်ပွင့်လင်းလင်းဆို၊ တစ်ယောက်ကိုတစ်ယောက် မလိမ်ကြေးဆို..."

သူမက အနည်းငယ်စဉ်းစားပါသည်။

"အိုကေ... အိုကေ။ ငါပြောမယ်။ ငါနင့်ကို ရည်းစားမလုပ်တာ အချက်နှစ်ချက်ရှိတယ်။ ပထမအချက်က နင့်ကို ငါအရမ်းချစ်လို့ပဲ။ ငါက ဘဝမှာ အရမ်းလိုချင်တဲ့ အရာတွေဆို ဘယ်တော့မှ မယူဘူး။ အခုယူထားလိုက်ရင် တစ်ချိန်ချိန် ပြန်ဆုံးရှုံးတဲ့အခါ ငါခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ ဒီတော့ အစတည်းက ယူမထားတဲ့အတွက် ငါက ပြန်ဆုံးရှုံးစရာ မလိုတော့ဘူးပေါ့"

ထိုအခါ ကျွန်တော်က အံ့သြစွာနှင့် သူမ၏ စကားကို ဝေဖန်မိပါသည်။

"နင့်အတွေးအခေါ်ကလည်း တစ်မျိုးပါပဲလား။ ထားပါတော့။ ပထမအချက်က ပြီးသွားပြီ။ ဒုတိယအချက်ကို လုပ်ပါဦး"

"ဒုတိယအချက်က ဒီနေ့ပဲ တခြားကောင်လေးတစ်ယောက်ကို ငါအဖြေပေးစရာရှိလို့..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ... မိသူ..."

ကျွန်တော့်အံ့ဩမှုကိုဂရုမပြုဘဲ သူမက ကျွန်တော့်ကို ခပ်ထေ့ထေ့ဟန်နှင့် ကြည့်နေပါသည်။ ကျွန်တော့်ကို ဘာမှပြန်မပြောသော်လည်း သူမသည် ထိုကိစ္စကို တကယ်လုပ်မည်ဆိုတာ ကျွန်တော်ယုံကြည်ပါသည်။

ကျွန်တော်က သူမ၏ မျက်နှာကို အလွတ်ရသည်အထိ ငေးကြည့်နေမိ၏။ စကားလုံးတို့မှာ ဘာအကြောင်းပြချက်မှမရှိဘဲ ထွက်ပြေးသွားကြသည်။ မိုးမိုးမင်းသူသည် ကျွန်တော် နားမလည်ခဲ့သော သစ်ပင်ပေါ်က ဓားထစ်ရာတွေ ဖြစ်ပါသည်။

ကျွန်တော် အမျိုးအမည်မသိသော သူမခေါင်းပေါ်မှပန်းဝါဝါလေးတစ်ပွင့်ကို ကျွန်တော် အမျိုးအမည်မသိသော ခံစားမှုတစ်ခုဖြင့် သူမက ကျွန်တော့်ရှေ့မှာပဲ လွှင့်ပစ်လိုက်၏။

တန်ဖိုးတချို့သည် ဝယ်ယူ၍ မရပေ။

တန်ဖိုးတချို့သည် ဝယ်ယူ၍ ရပါသည်။

ခက်သည်မှာ ကျွန်တော်တို့အားလုံးသည် တန်ဖိုးများကို ဈေးကစားချင်သောစိတ် ရှိနေခြင်းဖြစ်လေသည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



။ ၆ ။

ကျွန်တော်တို့ မတ်တတ်ရပ်နေသော ကမ္ဘာကြီးသည် ၂၃ $\frac{၁}{၂}$ ဒီဂရီ စောင်းနေသည်ဆိုသော်လည်း ကျွန်တော်တို့ကတော့ တည့်မတ်စွာ ရပ်နိုင်ရန်လိုအပ်သည်။ ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့သည် ကိုယ့်ခံစားမှုကိုတော့ ကိုယ်လေးစားသင့်သည်။

ကျွန်တော်သည် လည်းကောင်း၊ မို့မို့မင်းသူသည် လည်းကောင်း "အချစ်"ဆိုသော စကားလုံးကို ကျွမ်းကျင်စွာတတ်မြောက်ခဲ့တာသေချာပါသည်။ ကုန်လွန်ခဲ့သော ရက်စွဲများအတွက် ကျွန်တော်က သူမဆီ ပန်းနုရောင် နှင်းဆီတစ်ခြင်း ပို့ပေးရဦးမည်။ ပြီးရင် ကျွန်တော့် နှလုံးသားတွင် သူမ၏ဓာတ်ပုံကို ချိတ်ဆွဲထားမည်။

ကောင်းကင်သည် အပြာရောင်လဲ့နေ၏။ တိမ်တွေက ပေါ့ပါးစွာ ရွေ့လျားနေကြသည်။ ဘဝ၏ ယုံကြည်မှုများကို မောင်းနှင်ရန် ကျွန်တော်တို့မှာ မိမိကိုယ်ကို မိမိအားကိုးမှု (Self-Relinace) ရှိရန်လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက သူမသည် ကျွန်တော့်ကို အောက်ပါအတိုင်း ပြောခဲ့ဖူး၏။

"အချစ်ဆိုတာ ဘာမှ သိပ်အရေးမကြီးတဲ့ ပေါ့ပြက်ပြက် တီထွင်မှုတစ်ခုပါဟာ... နင်ရော ဘယ်လိုထင်လဲဟင်"

အဲဒီတုန်းကတော့ ကျွန်တော်သည် ပြန်ပြောစရာစကား ဘာမှမရှိဘဲ တိတ်ဆိတ်စွာနေခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်သည် ဘယ်တော့မှ ပြန်မရတော့သည့် ဆက်ဆံရေးအား အဆုံးသတ်နိုင်ခဲ့ကြ၏။ အခုဆို သူမသည် အခြားတစ်ယောက်၏ ရင်ထဲတွင် ဘယ်လိုပုံစံမျိုးနှင့် ရှင်သန်နေမည်ကို ကျွန်တော် သိချင်ပါသည်။ သူမပြောသလို အချစ်သည် ဘာမှ အရေးမကြီးသည့် ပေါ့ပြက်ပြက် တီထွင်မှုတစ်ခုလို့ပဲ ဆိုပါစို့။ ကျွန်တော်တို့နှစ်ယောက်စလုံးသည် ထိုအချစ်တွင် ခဏတစ်ဖြုတ်လောက်တော့ အရေးကြီးဟန် ဆောင်ခဲ့ကြပါသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



။ ၇ ။


ကျွန်တော်သည် ဒိုင်ယာရီစာအုပ်ကို ပိတ်လိုက်ပါသည်။ လေထဲတွင် သူမနာမည်က တစိမ့်စိမ့်ပျံ့နှံ့နေ၏။ သစ်ရွက်တို့က တဖျပ်ဖျပ်လှုပ်ခတ်နေကြသည်။

ကျွန်တော်က ဒိုင်ယာရီစာအုပ်ကြားထဲမှ ခေါက်ဖိနပ်ရာထင်နေသော စွယ်တော်ရွက်ဝါဝါလေးအကြောင်း နောက်တစ်ခါ ဘယ်သူ့ကိုမှ မပြောပြတော့ဘူးဟု ဆုံးဖြတ်ထားမိပါသည်။ ။

**People မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



ချက်ချက်... သို့

www.burmeseclassic.com

www.burmeseclassic.com



# ချွန်ချွန်...... သို့

## ( ၁ )

ကျွန်တော် သူမကို သိပ်ချစ်မိသည့်အတွက် "မင်းကို ငါ ဘာကယ်မချစ်ခဲ့ဘူး" ဟု ဝန်ခံခဲ့ပါသည်။ ထိုစကားသည် တယ်လီဖုန်းထဲမှာ ပြောခဲ့သည့်စကားဖြစ်သည့်အတွက် သူမ၏မျက်နှာကို ကျွန်တော် မမြင်ရသော်လည်း (သူမ၏ လေသံအနေအထားကြောင့်) ကျွန်တော်က ခန့်မှန်းနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ဆိုသောအချိန်သည် လွယ်လွယ်ကူကူလေးမျှသာဖြစ်သည်။ သူမနာမည်ကို ကျွန်တော်က သူများတွေလိုမခေါ်ချင်တော့။ ဒါကြောင့် ကျွန်တော်သည် သူမနာမည်ကို မခေါ်ဘဲ၊ သူမကိုလည်း မဆက်ဆံတော့ဘဲ ဒီအတိုင်းပဲနေခဲ့၏။ ထိုအချိန်မှစ၍ သူမနှင့်ပတ်သက်သည့် ကျွန်တော့်မှတ်ဉာဏ်အားလုံးမှာ စုတ်ပြတ်နွမ်းရိနေခဲ့ပါသည်။

အခုတော့ အဲဒီအဟောင်းများကြားတွင် "ချွန်ချွန်" ဆိုသည့် (ကျွန်တော်တစ်ယောက်တည်းသာခေါ်သော)နာမည်လေးကို ပြန်လည်သတိရနေမိ၏။ နောက်တစ်ခုက သူမ၏ ဖုန်းနံပါတ်။ ပြီးတော့ သူမ၏ ကျစ်ဆံမြီးသေးသေးလေးတွေ၊ ပြီးတော့ အပြာရောင်နှင့် အနက်ရောင်များ၊ ပြီးတော့ သူမပေးထားခဲ့သော အရုပ်လေးတစ်ရုပ်။ ပြီးတော့...ပြီးတော့...အား တစ်ခုပြီးတစ်ခု ကျွန်တော် သတိရလာ၏။

အမှတ်တရဆိုသည့် အဖြစ်အပျက်များကြားတွင် ကျွန်တော်က ရိုးသားစွာသေဆုံးသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

"ဟဲလို..."

ကျွန်တော်သည် တစ်ဖက်မှ ဖုန်းခွက်ကိုင်ထားမည့် ကောင်မလေး၏ ရုပ်သွင်ကို နာကျင်စွာ မြင်ယောင်ကြည့်မိပါသည်။ သူမသည် ကျွန်တော့်မျက်ဝန်းထဲမှာ ငွေ့ရည်ဖွဲ့နိုင်ဆဲဖြစ်၏။ ချစ်ခြင်းဖြင့် သွယ်တန်းထားသော ကြိုးတစ်ချောင်းသည် ပြန်လည်၍ သတိရချင်စရာကောင်း၏။ သူမဆီမှ "ဟဲလို..." ဆိုသော နောက်ထပ်ဖုန်းထူးသံတစ်ခု ထွက်လာပါသည်။

ကျွန်တော်က ဘာမှမပြောဘဲ ဖုန်းခွက်ကိုလေဖြင့် မှုတ်လိုက်၏။ တစ်ဖက်မှခဏငြိမ်သက်သွားပြီး ကျွန်တော်ဘယ်သူလဲဆိုတာ တိတိကျကျ ပြောချလိုက်ပါသည်။

"ကိုအောင်ဇော်ဦး"

သူမသည် ဟိုးယခင်ကကဲ့သို့ပင် ကျွန်တော့်နာမည်ကို ရှေ့မှာ 'ကို' တပ်ပြီး အပြည့်အစုံခေါ်လေသည်။ ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ငြိမ်သက်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကိုအောင်ဇော်ဦး...ဘာဖြစ်လို့ ငြိမ်နေရတာလဲ"

ကျွန်တော်က တယ်လီဖုန်းခွက်ကို လေဖြင့်မှုတ်ပြရုံဖြင့် သူမက ကျွန်တော့်ကို ငြင်းမရအောင် သေသေချာချာ မှတ်မိသွား၏။ ဒါဆို သူမသည် ကျွန်တော်တို့နှစ်ယောက်ကြားထဲမှ အမှတ်တရများကို မမေ့သေးဘူးပေါ့။ ကျွန်တော် ကျေနပ်စွာ ဖုန်းကို ပြန်ချလိုက်ပါသည်။ တစ်ဖက်တွင် သူမသည် နှုတ်ခမ်းစူပြီး ကျန်ရစ်ခဲ့ပါလိမ့်မည်။

အချစ်ဆိုတာ ဒီလိုပဲ အသေးကြီးမှ အခြေအနေများကို တွက်ချက်၍ နေထိုင်တတ်ရပါသည်။ အတိတ်သည် လွမ်းစရာကောင်းနေ၏။

● ● ●

( ၃ )

"လေတွေက သိပ်တိုက်တာပဲနော်..."

သူမက ဆံပင်တွေကို တစ်ချက်သပ်တင်ရင်း ခေါင်းကိုညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မင်းကို သိပ်ချစ်တာပဲ... သိလား..."

ကျွန်တော့်စကားကြောင့် သူမသည် မျက်လုံးကိုပြူးပြ၍ ပြန်လုပ်၏။ ဒါပေမဲ့ သူမတကယ်မအံ့ဩဘူးဆိုတာ ကျွန်တော် ပါသည်။

"ကိုအောင်ဇော်ဦးနော်... လျှောက်ပြောမနေနဲ့။ စကားတွေက တခြားစီပဲ။ ဘာမှလည်း မဆိုင်ဘူး"

ကျွန်တော်က ဘာမှပြန်မပြောဘဲ ရယ်သောအခါ သူမက ကစောင်းထိုးပါသည်။ (နောင်အချိန်အနည်းငယ်ကြာပြီးနောက် ကျွန်တော်က သူမမျက်စောင်းလှလှလေးများအကြောင်း ကဗျာရေးခဲ့ပါသည်။)

သို့သော် သူမသည် ကျွန်တော်ရေးသော ကဗျာများထက် လက်စ်၏ သီချင်းများကို ပို၍ကြိုက်သူဖြစ်သည်။ နောက်ထပ် ကျွန်တော်သိရသည်မှာ သူမသည် ပီဇာမုန့်ကိုကြိုက်သည်။ ဗင်နက်ဆာ ကို ကြိုက်သည်။ M3 ဆိုသော စားသောက်ဆိုင်ကို ကြိုက်သည်။ နက်ရောင်နှင့် အပြာရောင်ကို ကြိုက်သည်။ သူမကို လူကြီးတစ် ယောက်လို နေရာပေးဆက်ဆံခံရတာကို ကြိုက်သည်။

ကျွန်တော်က စိတ်ထဲတွင် "မင်းကို ငါချစ်တာ တခြားတစ်

www.burmeseclassic.com

www.burmeseclassic.com



ခုခုနဲ့ ဆိုင်စရာလိုလို့လား" ဟု ပြောမိ၏။ တကယ်တော့ အချစ်ဆ
တာ သီးခြားရပ်တည်နေသော အမှီအခိုကင်းသည့် ခံစားမှုအတွေ
အခေါ်ဖြစ်လေသည်။

အခုတော့ အရာရာမှာ ရှုံးရှုံးနေခဲ့ပြီ။

ချွန်ချွန်ရေ...

...မင်းရဲ့ နှုတ်ခမ်းတွေကိုပဲ သတိရတယ်။

● ● ●

( ၄ )

တစ်ခါတုန်းကသည် တစ်ခါတုန်းကသာဖြစ်၏။ သို့သေ
တစ်ခါတုန်းက ခံစားမှုများသည် ယနေ့တိုင် သစ်လွင်နေဆဲဖြစ်သ
အခါ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သနားမိသွားတော့သည
ကျွန်တော်က ပြောင်ချော်ချော်ကောင်မလေးတစ်ယောက်၏ အကြော
ကြောင်နှင့် အမြီးအမောက်မတည့်မှုများကို လွမ်းနေ၏။ သူမသ

www.burmeseclassic.com

www.burmeseclassic.com



ွန်ခဲ့သော နွေရာသီတုန်းက ကျောင်းကားပေါ်တွင် သောက်ရေခွက် ဖြင့် ခြေဆေးခဲ့သောကြောင့် ကျွန်တော်က ဆူရပါသည်။

"မင်း အဲဒီလိုလုပ်တာ သူများတွေက မြင်သွားကြတယ်"

တကယ်က သူများတွေ မြင်၊ မမြင် ကျွန်တော်မသိပေ။

"တကယ်လား..."

အခုမှ ချွန်ချွန်သည် ကျွန်တော်က ခြိမ်းခြောက်သဖြင့် ကြောက်ရွံ့ဟန်ပြု၏။

"တကယ်ပေါ့ကွ၊ မင်းလုပ်နေတာကို သူတို့တစ်ယောက်နဲ့ တစ်ယောက် မေးငေါ့ပြနေတာ ကိုယ်တွေ့တယ်"

"ဟယ်... အဲဒါဆို သမီး ဘယ်ကောင်းမလဲ။ နောက်နေ့ကျ ရင် ရေခွက်အသစ်တစ်ခွက်ပြန်ဝယ်ပေးလိုက်မယ်။ အခုဟာ က သမီးလည်း အမှတ်တမဲ့ ဖြစ်သွားတာ... ရေတွေပိုနေ လို့ ခြေထောက်ပေါ် လောင်းချလိုက်တာ... ဘာသဘောမှ မရှိဘူး"

ကျွန်တော့်ကို သေချာရှင်းပြနေသည့် ပေတိပေစုတ်ပုံစံ ခင်ရာကောင်မလေးအား ကျွန်တော် ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်းကို သူတို့က ရိုင်းတယ်လို့ ထင်မှာပဲ"

ကျွန်တော့်စကားကြောင့် ချွန်ချွန်သည် စိတ်ညစ်စွာ ခေါင်း... သွား၏။ အပြစ်လုပ်မိသော ကလေးကစ်ယောက်က လူကြီးတစ်... ယောက်ရှေ့မှာ အပြစ်ကို ဘယ်လိုဆင်ခြေပေးရမလဲဟု စဉ်းစား... ဟန်မျိုး ဖြစ်နေသည်။ ခဏကြာတော့ သူမဆီမှ အသံထွက်လာ...

"ကိုအော်ဇော်ဦး... သူတို့ သမီးကို အဲဒီလိုမထင်အော... လုပ်ပေးပါ"

ကျွန်တော်သည် ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။ ... တော့ ချွန်ချွန်ကို နှစ်သိမ့်ရလေသည်။

"စိတ်ချပါ... ကိုယ်လုပ်ပေးမယ်"

ဒီလို ရှုးကြောင်ကြောင်နဲ့ ကိုးရိုးကားရားကောင်မလေး... ကျွန်တော်က ရှုးသွပ်စွာ တပ်မက်နေမိသောအခါ အရာရာသ... ဘာမှအရေးမကြီးတော့ပေ။ သေးငယ်သော တချို့အစိတ်အပိုင်း... သည် တစ်ခါတရံ ရပ်တန့်၍ မရဘဲရှိတတ်၏။ သူမသည် ... သော်လည်း ထိုကဲ့သို့ ရပ်တန့်၍မရခဲ့သော ကျွန်တော့်...၏ အင်... အပိုင်းတစ်ခု ဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော နွေရာသီတနင်္ဂနွေနေ့တွင် ကျွန်တော်သည် ချွန်ချွန်တို့အိမ်သို့ အလည်ရောက်ခဲ့၏။ ညီအစ်မလေးယောက်ရှိသော သူမတို့အိမ်တွင် ကျွန်တော့်ထက် အရင်ရောက်နေသော လူရွယ်တစ်ယောက်ကိုလည်း တွေ့ရ၏။

သူမသည် ကျွန်တော့်ကို အိမ်ပေါ်မှ ခေါ်လာပြီး ခြံထဲတွင် ဧည့်ခံပါသည်။

"ချွန်ချွန် ..."

သူမက ကျွန်တော့်ကိုကြည့်၏။ ကျွန်တော်က မေးဖို့ကိစ္စကို မနည်းစဉ်းစားရ၏။ စကားမမှားအောင်လည်း ဂရုစိုက်ရသေးသည်။

"ဟို အိမ်ပေါ်က အစ်ကိုကြီးက ဘယ်သူလဲ။ ဘယ်သူ့ဧည့်သည်လဲ"

ကျွန်တော့်မေးခွန်းကို ချွန်ချွန်က ပေါ့ပေါ့ပါးပါးပဲပြန်ဖြေ၏။

"အစ်မ ဧည့်သည်လေ။ အဲဒါ သမီးယောက်ဖပေါ့"

"ဘာ... ဘာ..."

"သမီးရဲ့ ယောက်ဖလေ... ဘာဖြစ်လို့လဲ"

ကျွန်တော်က သူမကို သေချာအောင်မေးရ၏။

www.burmeseclassic.com



"အဲဒီလူက မင်းအစ်မရဲ့ ရည်းစားလား..."

"ဟုတ်တယ်လေ"

"အဲဒါဆို မင်းခဲအိုပေါ့... ဘယ်ယောက်ဖ ဟုတ်မလဲ။ ယောက်ဖဆိုတာ ယောက်ျားလေးမှ ခေါ်ရတာ... မင်းက မိန်းကလေးပဲဥစ္စာ..."

"သမီးက အဲဒါတွေ သိပ်မသိဘူး ကိုအောင်ဇော်ဦးရဲ့၊ ကျောင်းမှာ သမီးသူငယ်ချင်းကောင်လေးတွေက တခြား တစ်ယောက်ရဲ့ အစ်မကို နောက်ရင် ယောက်ဖလို့ခေါ်တာ သမီးကြားဖူးတယ်။ အခု သူကလည်း သမီးအစ်မရဲ့ဘဲဆို တော့ သမီးယောက်ဖပေါ့... မဟုတ်ဘူးလား"

"အာ... မဟုတ်ဘူး ချွန်ချွန်ရဲ့... သူက မင်းရဲ့ ခဲအိုလို့ ခေါ်တယ်"

"မသိပါဘူး ကိုအောင်ဇော်ဦးရာ...သမီးကတော့ ယောက် ပဲ သိတယ်"

ထိုကဲ့သို့ သိချင်ရာသိပြီး၊ ပြောချင်ရာပြောသော ကောင်း လေးကို ကျွန်တော်က ဆက်ဆံရသည့်အကြိမ်များအားလုံး၌ ရယ်ေ ခွင့်လွှတ်ဖို့ပဲ ကြိုးစားခဲ့ပါ၏။ လေထဲ၌ မမြင်ရသော အလွှမ်းများသ

www.burmeseclassic.com



စုရုံးနေကြသည်။ ကျွန်တော့် သတိရခြင်းများကို မိုးသားအပြာရောင်များအဖြစ် ဖန်ဆင်းထားချင်ပါသည်။

အကြောင်းမှာ ချွန်ချွန်မော့ကြည့်လိုက်ရုံဖြင့် မြင်ရစေနိုင်ရန်ဖြစ်ပါသည်။

( ၅ )

အခုဆို ကျွန်တော်က သူမ၏ မတော်တဆ ရက်စက်ခြင်းထဲ၌ နေသားကျခဲ့ပြီ။ ကျွန်တော်မဟုတ်သော တခြားတစ်ယောက်၏ချစ်သူဘဝမှာ ချွန်ချွန်ကသာ ပျော်ရွှင်သည်ဆိုလျှင် ကျွန်တော်ကျေနပ်ပါ၏။

ကျွန်တော်သည် ယောင်ယမ်း၍ ခေါင်းငုံ့လိုက်မိသည်။ စီးထားသော ကျွန်တော့်ဖိနပ်၏ တံဆိပ်မှာ ADDA ဖြစ်၏။ ချွန်ချွန့်ဆီမှာ ADDA ဆိုသည့် ဖိနပ်တစ်ရန်ရှိခဲ့ဖူး၏။ ကျွန်တော်က သူမ

www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆင်တူဖြစ်စေရန် ဒီဖိနပ်ကို လိုက်ဝယ်ခဲ့ခြင်းဖြစ်သည်။ မရည်ရွယ် သော်လည်း ကျွန်တော်က နာကျင်စွာပြုံးမိသွားပါသည်။

ကျွန်တော်သည် သူမကို မသိမသာဘဲ လွမ်းချင်ပါသည်။

ဒါပေမဲ့… အခု ကျွန်တော့်အလွမ်းများသည် အရမ်းသိသာ နေခဲ့ပြီ။ ပြန်စဉ်းစားမိတိုင်း အမှတ်တရများသည် ကောက်ပနေ၏။

ကျွန်တော်က ADDA ဖိနပ်ကို ဖိနပ်စင်တွင် ချွတ်ထားလိုက် ပါသည်။

အနားမှာ သူမ မရှိသရွေ့ ဒီဖိနပ်ကို ဘယ်တော့မှ မစီးတော့ ဘူးဟု ကျွန်တော် ရည်ရွယ်ထားပါသည်။ ကျွန်တော်က ဖိနပ်တစ်ရံ ကို အဆုံးခံလိုက်ဖို့ ဝန်လေးသူတစ်ယောက်မဟုတ်ပေ။

ချွန်ချွန်ရေ… မင်းတစ်ယောက် ချမ်းမြေ့ပျော်ရွှင်ပါစေကွာ။

ရှိခဲ့ဖူးတဲ့ ကီစ္စတွေအတွက် ကျွန်တော့်ရင်ထဲမှာ မီးကုန်ယမ်း ကုန် လောင်ကျွမ်းပြာကျခဲ့ပြီးပြီ။ လူလူချင်း ဒီလောက်စွဲလမ်းစ လားလို့ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်မိတော့ ကျွန်တော်ကပဲ သိမ်ငယ် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးတွင် နွေဦးငှက်များက အော်မြည်နေကြ၏။ ကျွန်တော်က သူမ၏ ADDA ဖိနပ်လေးအကြောင်း၊ အူကြောင်ကြောင် အတွေးအခေါ်များအကြောင်း၊ ချစ်စရာကောင်းသော ကျစ်ဆံမြီးသေးသေးလေးတွေအကြောင်း၊ မက်မောစရာရှုဖွယ်ရာ အသည်းခွဲနည်းပညာများအကြောင်း... စသဖြင့် စဉ်းစားနေမိသည်။ မာနတရားသည် သူမနှင့် ပတ်သက်လာသောအခါ ရယ်စရာ ကောင်းသွားခဲ့၏။ ဒါကြောင့်ပင် စာရေးဆရာပိုင်စိုးဝေသည် "ငါ့မာနကို ဖွဖွဆုပ်ကိုင် လှောင်ရယ်နိုင်သည်" ဟု ရေးသားခဲ့ခြင်းဖြစ်ပုံရသည်။

အခု အဖြစ်အပျက်များ၏ နောက်ဆုံးအကြောင်းအရာမှာ ပေရယ်ဖူးဟု မရည်ရွယ်ဘဲ သူမကို ဧပြီ (၁) ရက်နေ့တွင် ရည်းစားစကားပြောမိသွားခြင်းဖြစ်ပါသည်။ ။

**People မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



နဂ္ဂတစ်ပိတောက်ပန်းများ

www.burmeseclassic.com

www.burmeseclassic.com



# နဂ္ဂတစ် ပိတောက်ပန်းများ

## ၁။

ကျွန်တော်သည် နွေဦး၏ သစ်ရွက်များကို ငေးကြည့်နေမိပါ ည်။ ဥသြငှက်များ၏ အသံကိုတော့ မကြားရသေး...။ ဧပြီလ၏ မဆုံးအပတ်တွင် သင်္ကြန်အတွက် ပြင်ဆင်ထားသော သူငယ်ချင်း စ်ယောက်၏မဏ္ဍပ်သို့ ကျွန်တော် ရောက်လာခဲ့ခြင်းဖြစ်၏။ ကျွန် ာ်သည် သူငယ်ချင်း၏ ခြံဝင်းထဲမှာ လှည့်ပတ်ကြည့်ရှုရင်း ခြံ ာင့်အုတ်ခုံပေါ်တွင် အနွေးထည်ထူထူဝတ်ထားသော သူမကို ငေးငြိ တွေ့လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသည် အနွေးထည်ဝတ်ရလောက်အောင် ချမ်းစိမ့်နေတာမျိုး မဟုတ်။ ပြီးတော့ သူမဝတ်ထားသော အနွေးထည်က အတော်ထူပြီး ဆောင်းရာသီမှသာ ဝတ်သင့်သော အနွေးထည်မျိုးဖြစ်သည်။ ဒီကောင်မလေး မအိုက်ဘူးလား။ ကျွန်တော်က သူမကိုယ်စား တွေးကြည့်နေစဉ် သူမ၏ မျက်လုံးတွေက ကျွန်တော့်အတွေးကို သိသွားသည့်အလား မျတ်ခနဲ ကျွန်တော့်ဆီလှမ်းကြည့်လိုက်လေသည်။

သူမ၏ မျက်လုံးနက်နက်လေးများက ကျွန်တော့်ရင်ခွင်ထဲကို တစ်ကြိမ်တစ်ခါတည်းနှင့် ရောက်ရှိသွားသည်။ ကောင်မလေးသည် ချက်ချင်း မျက်လုံးလွှဲသွားပါသည်။ ကျွန်တော်သည် ဘာမှမဟုတ်သော သူမ၏ ထိုအပြုအမူလေးပေါ်တွင် ပျော်ဝင်သေဆုံးသွား၏။

ဒီလိုနှင့်ပင် "အချစ်" ဟု အမည်တပ်လျှင် အဆင်ပြေမည် ထင်သော ခံစားမှုတစ်မျိုးသည် အနွေးထည်ထူထူ ဝတ်ထားသော ကောင်မလေးတစ်ယောက်ကြောင့် နွေဦးရက်စွဲတစ်ခုတွင် ဖြစ်ပေါ်ခဲ့ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



၂။

အဲဒီတုန်းက အိုစမာဘင်လာဒင်သည် W.T.C အဆောက်အအုံကြီးနှင့် ပင်တဂွန်စစ်ဌာနချုပ်ကို လေယာဉ်ပျံဖြင့် ဝင်မတိုက်ရသေး၊ အဲဒီတုန်းက ကမ္ဘာကျော်ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် ရီးရဲယ်မက်ဒရစ်ကလပ်ကို မပြောင်းရွှေ့ရသေး၊ အဲဒီတုန်းက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အိမ်ဖြူတော်၌ သမ္မတတာဝန်များကို မထမ်းဆောင်ရသေး၊ အဲဒီတုန်းက မြန်မာပြည်၏ အကျော်အမော်ကဗျာဆရာ မောင်ချောနွယ် မကွယ်လွန်သေး၊ အဲဒီတုန်းကပေါ့အတ်ပန်းချီလောက၏ ဘုရင်တစ်ဆူဖြစ်သော အင်ဒီဝါးဟိုး၏ ဓာတ်ပုံကို ကျွန်တော် မမြင်ဖူးသေး၊ အဲဒီတုန်းက ကျွန်တော်သည် သင်္ကြန်အကြိုကာလတစ်ခုတွင် အနွေးထည်အထူကြီး ဝတ်ထားသော ကောင်မလေးတစ်ယောက်ကို တွေ့မြင်ပြီး ချစ်ကြိုက်သွားလိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် မထင်ထားမိသေးသော အချိန်ကာလဖြစ်ပါသည်။

သူမ၏အမည်ကို မြနန္ဒာဟု သိရသည်။ သို့သော် ကျွန်တော်တို့ သူငယ်ချင်း ရဲမြင့်အပါအဝင် အားလုံးနီးပါးက သူမကို နန္ဒာလို့ပဲ ခေါ်ကြသည်။ ရဲမြင့်၏ညီမ ငြိမ်းငြိမ်းသည် သင်္ကြန်အကြိုနေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သူမနှင့် မိတ်ဆက်ပေးခဲ့ပါသည်။

သူမသည် ကျွန်တော့်ကို ဟိုတစ်နေ့တုန်းက မျက်လုံးချင်း တစ်ခါဆုံဖူးသူမှန်း ချက်ချင်းမှတ်မိသွား၏။ အားလုံးက နန္ဒာဟုခေါ် ကြသော်လည်း ကျွန်တော်ကတော့ မြနန္ဒာဟု သူမနာမည်ကို အပြည့် အစုံခေါ်ခဲ့ပါသည်။ ကျွန်တော့်နာမည်ကိုတော့ သူမက ထက်အောင် ကျော်အား တစ်လုံးလျှော့ပြီး ထက်အောင်ဟုသာ ခေါ်ခဲ့သည်။

သင်္ကြန်အကြိုနေ့အထိ ပိတောက်ပန်းတွေ မပွင့်သေးသော် လည်း ကျွန်တော်နှင့် မြနန္ဒာတို့ သူငယ်ချင်းတွေဖြစ်သွားပြီးနောက် ပိတောက်ပန်းတွေ ပွင့်လာခဲ့သည်။ ခြောက်သွေ့နေသော မြေမှုန်များ သည် သင်္ကြန်လက်ဆေးမိုးကြောင့် စိုစွတ်အေးမြလာ၏။ အဝေးကြီး ဆီမှ သံချပ်သံတွေကိုလည်း ကြားရသည်။

မြနန္ဒာသည် ကျွန်တော်နှင့် ခင်မင်သိကျွမ်းခြင်းအထိမ်း အမှတ်အဖြစ် ရဲမြင့်တို့အိမ်အနောက်ဘက်ရှိ အုတ်ကန်အကြီးကြီးဆီသို့ ခေါ်သွားပါသည်။

"ထက်အောင် အဲဒီမှာထိုင်..."

အုတ်ကန်နှုတ်ခမ်းကို ရောက်တော့ သူမက ထိုသို့ပြော၏။ ကျွန်တော်သည် သူမညွှန်ပြသော အုတ်ရိုးပုပုလေးပေါ်တွင် သူမဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ထိုင်ပေးလိုက်ရ၏။ အဲဒီနောက်မှာတော့ ရေလုံးဝမစိုသေးသော ကျွန်တော့်ကိုယ်ပေါ် ပလတ်စတစ်ရေခွက်ကြီးဖြင့် သုံးခွက်တိတိ ရလောင်းပါသည်။ သူမစိတ်တိုင်းကျ ရေလောင်းပြီးသွားတော့ သူမ ကို တစ်လှည့်ရေပြန်လောင်းစေသည်။

"ဒီနှစ်သင်္ကြန်မှာတော့ ငါ့ကို ပထမဆုံး ရေလောင်းတာနင်ပဲ..."

"ငါလည်း နင့်လိုပါပဲဟ... ဟားဟား... ဟား... ဟား"

ကျွန်တော်တို့ ရယ်သံတွေနှင့် နွေဦးသည် ပိုမိုလှပလာခဲ့၏။ ြီးတော့ ဒီနှစ်တွင် ပထမဦးဆုံးပွင့်သော ပိတောက်ပန်းများကို သူမ အတွက် ကျွန်တော်က လက်ဆောင်အဖြစ် ခူးပေးရသည်။ ရဲမြင့်တို့ အိမ်အပေါ် ဝရန်တာမှ ပိတောက်ပန်းတွေကို အလွယ်တကူခူး၍ရခြင်း သည် သစ်ပင်မတက်တတ်သော ကျွန်တော့်အတွက် တော်တော်အဆင် ပြေသွား၏။

မြနန္ဒာသည် ကျွန်တော် ခူးပေးသော ပိတောက်ပန်းတစ်ခက် ကို ခေါင်းတွင်ပန်ထားမိသဖြင့် သူငယ်ချင်းများ၏ ဝိုင်းနောက်ခြင်းကို ခံလိုက်ရသည်။ ကျွန်တော်တို့နှစ်ယောက်စလုံးသည် တစ်ယောက်ကို တစ်ယောက် မသိမသာ အကဲခတ်ကြည့်မိသည့်တစ်ခါမှလွဲ၍ ဘာမှ

www.burmeseclassic.com



မဖြစ်သလို နေကြပါသည်။ သူမသည် ဟိုတစ်ခါကနှင်းကလို အနွေး
ထည်ကြီးကို မဝတ်ထားတော့ပေ၊

ကျွန်တော့်ရင်ထဲတွင် အဝါရောင်တစ်မျိုးသည် ထုနှင့်ထည်
နှင့် ပေကျံနေခဲ့ပြီ။ ဘယ်ကမှန်းမသိသော အလွမ်းများသည် နွေဦး
သို့ရောက်လာ၏။ မြန်မာ၏ ပါးချိုင့်လေးသည် အခုတော့ ကျွန်တော်
ဖြစ်တည်မှုများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေခဲ့သည်။

ညရောက်တော့ ကျွန်တော်သည် သူမအကြောင်း စဉ်းစား
ရင်း မနက်ဖြန်ကို ကြိုတင်ရင်ခုန်နေမိတော့သည်။ အိပ်မက်ဆိုသည်
တစ်ခါတစ်ရံ နေရင်းထိုင်ရင်း တန်ဖိုးကြီးနေတတ်ပါသည်။

❖ ❖ ❖

၃။

သင်္ကြန်အကျနေ့တွင် ကျွန်တော်သည် အိပ်ရေးပျက်ထား
သော်လည်း လန်းဆန်းသည့်မျက်နှာထားဖြင့် ရဲမြင့်တို့၏ ရေကစား
မဏ္ဍပ်ကို ရောက်ရှိလာသည်။ အချိန်သည် နံနက်ရှစ်နာရီခန့်သာရှိသေး

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ကိုယ့်ကိုယ်ကိုယ် အစောဆုံးပဲလို့ ထင်ထားမိ၏။

သို့သော်... အုံ့ဩစရာအဖြစ် အနက်ရောင်ဝမ်းဆက်ဝတ်ထားသည့် မြနန္ဒာကို ဟိုတစ်ခါတွေ့ရသော ခြံထောင့်ကအုတ်ခုံတွင် မြင်ရသဖြင့် ကျွန်တော် ဝမ်းသာသွားသည်။ သူမကလည်း ကျွန်တော့်ကို လှမ်းမြင်သဖြင့် အဝေးမှပြုံးပြလေသည်။

"ဟဲ့... ထက်အောင်၊ စောလှချည်လား"

"အံမယ်... နင်ကျတော့ရော..."

"ငါက စောတာမဟုတ်ဘူး။ ညကတည်းက ဒီမှာ ငြိမ်းငြိမ်းနဲ့ အိပ်တာ..."

"ဩော်..."

နောက်တော့ ကျွန်တော်တို့နှစ်ယောက်အတွက် ရဲမြင့်တို့အောင်နှမသည် စကားပြောစရာ ခေါင်းစဉ်တစ်ခုဖြစ်လာခဲ့သည်။ ထိုဟိုသည်သည် လျှောက်ပြောကြသည်။ ညတုန်းက ကြည့်ဖြစ်သည့် ဒီယိုကားအကြောင်း၊ ဒီနေ့မနက်စာအကြောင်း၊ သင်္ကြန်နဲ့ပိတောက်ပန်းတွေကို ဘယ်လိုရင်ခုန်ကြောင်း... စသဖြင့် အများကြီးပဲ။

လူတွေစုံလာတော့ ရေပက်ဖို့ကိစ္စကို စတင်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေပက်စင်တွင်လည်း သူမသည် ကျွန်တော့်ဘေးတွင် ပိုက်တစ်ချောင်း ကိုင်ပြီး ရေကစားနေ၏။ ရောင်စုံသကြင်္န်သည် လူငယ်များ၏ ရင်ခုန် သံတွေကို ဖမ်းစားနိုင်လေသည်။

သူမသည် မြူးကြွသော တေးဂီတနောက်ခံနှင့်အတူ ခန္ဓာ ကိုယ်ကို လှုပ်ယမ်းနေ၏။ ကျွန်တော်နှင့် အကြည့်ချင်းဆုံသောအခါ သူမသည် ခပ်ဖွဖွ လှမ်းပြုံးပြတတ်သည်။

"မြနန္ဒာ..."

သူမဆံပင်တွေသည် ရေတွေစိုကပ်နေသည့်ကြားမှ ဝေ့ယမ်း သွားသေး၏။ လှည့်ကြည့်လိုက်သောကြောင့် သူမလက်ထဲမှ ရေပိုက် သည်။ ဘေးလူတစ်ယောက်၏ မျက်နှာကို ပက်မိလျက်သားဖြစ်သွား ပါသည်။ ထိုလူသည်လည်း ကျွန်တော်တို့၏ သူငယ်ချင်းတစ်ယောက် ဖြစ်၏။

"အို... ဆောရီး"

ထိုလူက ခွင့်လွှတ်သည့်သဘောဖြင့် လက်ကာပြ၏။ သူမက ကျွန်တော့်မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပါသည်။ ကျွန်တော့် ရင့်တွေ ခုန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြနန္ဒာ"

"ပြောလေ... ထက်အောင်"

"နင်က သိပ်လှတာပဲ..."

"ဟာ... ဘာမှန်းလည်း မသိဘူး"

ရေစိုနေသော သူမ၏ ခန္ဓာကိုယ်ကောက်ကြောင်းများတွင် အရှက်တရားသည် ဒီလောက်လွယ်ကူလိမ့်မည်ဟု ကျွန်တော်မထင်ခဲ့ပေ။ သကြိန်ရေတွေကြားထဲတွင် အရှက်ကြောင့် ခေါင်းငုံ့နေသော မြနန္ဒာဆိုသည့် ထိုကောင်မလေးကို ထိုခဏမှာပင် ကျွန်တော် ချစ်မိသွားခဲ့ပါသည်။

နောက်ဆက်တွဲအဖြစ် အဲဒီမဏ္ဍပ်တွင် ကျွန်တော်နှင့် မြနန္ဒာကို သူငယ်ချင်းတွေကတွဲ၍ စကြ၊ နောက်ကြလေသည်။ နေ့လယ်ပိုင်းကိုရောက်တော့ ရေပက်တာကို ခဏနားကြရသည်။ မြနန္ဒာသည် ငြိမ်းငြိမ်းတို့နှင့် အပေါ်ထပ်သို့ ရောက်သွား၏။ ရဲမြင့်တို့၊ မောင်မောင်ဦးတို့က ကျွန်တော့်ကို အတင်းဘီယာတိုက်ကြသည်။ ကျွန်တော်သည် ဘာမှမဆိုင်ဘဲ ဘီယာသောက်တာကို မြနန္ဒာကြိုက်ပါ့မလားဟု တွေးပူနေမိ၏။ တစ်မိုးတည်းအောက်မှာရှိနေသည့်တိုင် ကျွန်တော်က သူမကို ထိုခဏလေးမှာပင် လွမ်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘီယာနည်းနည်းမူးလာသောအခါ ခြံရှေ့ရှိ ဟိုတစ်ခါက သူမထိုင်ခဲ့သော အုတ်ခုံပေါ်မှာ ထိုင်နေခဲ့၏။ သစ်ရွက်ခြောက်တချို့က မြေပေါ်သို့ ကြွေကျလာသည်။ မကြွေသေးသော သစ်ရွက်များ၏ ဖြစ်တည်မှုအကြောင်း စဉ်းစားမိတော့ အချစ်ဆိုတာ ရယ်စရာကောင်းသွားခဲ့သည်။

ခေါင်းထဲတွင် ရီဝေဝေဖြစ်နေချိန်တွင် ကျွန်တော့်ဘေးနားသို့ မွှေးပျံ့သော ရနံ့တစ်ခုသည် ရောက်လာ၏။ မြနန္ဒာဆိုတာ ကျွန်တော် အလိုလိုသိလိုက်သည်။

သူမသည် ကျွန်တော့်ဘေးနားတွင် ဝင်ထိုင်ပါသည်။ စောစောတုန်းကလို ရေပက်ခဲ့သော အင်္ကျီမဟုတ်တော့...။ အစိမ်းနုရောင် လက်ရှည်အင်္ကျီပေါ်တွင် ပန်းသီးပုံရင်ထိုးလှလှလေးတစ်ခုကိုလည်း တွေ့ရ၏။

"နင်မူးနေလားဟင်..."

"သိပ်မမူးပါဘူးဟ။ ဒီလိုပါပဲ..."

"နင့်ပုံစံက တော်တော်မူးနေတဲ့ပုံကြီး..."

"နင်က စိုးရိမ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမက မျက်စောင်းတစ်ချက်ကို လှလှပပထိုးပါသည်။ (ဒီကမ္ဘာပေါ်မှာ ဘယ်မိန်းမကမှ မြနန္ဒာလောက် မျက်စောင်းလှအောင် မထိုးတတ်ဘူးဟု ကျွန်တော်က တစ်ဖက်သတ် ယုံကြည်မိ၏။)

ကျွန်တော်တို့၏ အဖြစ်အပျက်ကို အိမ်ထဲမှ သူငယ်ချင်းတချို့က မြင်သွားပြီး "နင်တို့က နားချိန်လေးတောင် မနားကြတော့ဘူးလား" ဟု နောက်ပါသည်။ ငြိမ်းငြိမ်းကလည်း "ကိုထက်အောင်ကျော် အခုမှ အကျနေ့ပဲရှိသေးတာ...။ နောက်နေ့တွေ ကျန်ပါသေးတယ်" ဟု ရယ်ကျဲကျဲနှင့်ပြော၏။

သူမရော ကျွန်တော်ပါ သူတို့၏ နောက်ပြောင်မှုများကို ရယ်မောနေခဲ့ကြ၏။ မြနန္ဒာရယ်လိုက်သောအခါ သူမရင်ဘတ်ပေါ်က ပန်းသီးပုံ ရင်ထိုးလှလှလေးသည် လှုပ်ယမ်းသွားပါသည်။ သင်္ကြန်ရက်ခွဲများပြီးလျှင် ကျွန်တော့်အစွဲအလမ်းများကို ဘယ်သူတာဝန်ယူမှာလဲ ဟုဉ်းစားမိ၏။ တချို့သော စဉ်းစားခြင်းများသည် အဖြေမရှိသော်လည်း ကျွန်တော်တို့က ဆက်လက်စဉ်းစားနေရဦးမည်ဖြစ်သည်။

ကျွန်တော်တို့သည် သင်္ကြန်အကျနေ့တွင် ရေပက်ကြပြီး၊ အကြတ်နေ့တွင် ရဲမြင့်တို့အိမ်က ကားနှင့်ပင် ရေပက်ခံထွက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန္မာသည် သူမကို စတွေ့သည့်နေ့က အနွေးထည်အထူကြီးကို ဝတ်ထားပြန်သည်။

"မြန္မာ..."

"ဘာလဲ"

"နင် အဲဒီအင်္ကျီကြီး ဝတ်ထားပြန်ပြီလား"

"ခစ်ခစ်... ခစ်၊ ဟုတ်တယ်ဟ... အခုဟာ ရေပက်ခံပြီးရင် ချမ်းမှာစိုးလို့။ ဟိုတစ်ခါတုန်းကတော့ နည်းနည်းဖျားချင်သလိုဖြစ်နေလို့၊ အဲဒါကြီးဝတ်ထားတာ။ နင်နဲ့ စတွေ့တဲ့အချိန်မှာ ငါအရမ်း အိုက်နေတာသိလား"

"ဘယ်သိမှာလဲ။ ဒါက ဒီလောက် ပူရအိုက်ရကြားထဲမှာ အနွေးထည်အထူကြီး ဝတ်ထားတော့ နင့်ကိုရူးနေတယ်မှတ်တာ..."

ထိုအခါ သူမသည် ကျွန်တော့်အား နှုတ်ခမ်းကိုက်ပြ၏။ ပိတောက်ပန်းရနံ့တွေက လေထဲတွင် ဝေ့ဝဲလာသည်။ အဲဒီနေ့က သူမသည် ကျွန်တော့်ရင်ခုန်သံနှင့် အနီးကပ်ဆုံးနေရာတွင်ရှိခဲ့သည်။ (ရေပက်ကြမ်းသော မဏ္ဍပ်များတွင် ထိုအချက်သည် ပိုမိုသေချာပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘေးနားတွင် သူမရှိနေသည့်အတွက် တိတ်ဆိတ်သော နွေဦးထဲတွင် ကျွန်တော်က ရောင့်ရဲနိုင်လေသည်။ သကြ်န်သည် နောက်ဆုံးအချိန်များကို လျှင်မြန်စွာဖြတ်သန်းနေ၏။ ကျွန်တော့်လက်ထဲတွင် ဘယ်သူမှမသိသော အလွမ်းများ အသံမြည်နေပါသည်။

❖ ❖ ❖

၄။

သကြ်န်သည် ရောင်စုံကောင့်မလေးများနှင့် အသက်ဝင်နေဆဲဖြစ်၏။ ကျွန်တော့် ဘေးနားတွင်တော့ ထိုကောင်မလေးတွေအားလုံးထက် အရောင်စုံသော မြနန္ဒာဆိုသည့် ကောင်မလေးရှိနေသည်။ အခုဆို မဏ္ဍပ်ရှိ သူငယ်ချင်းတွေအားလုံးက ကျွန်တော်နှင့်သူမကို အတွဲဟု သဘောထားပြောဆိုနေကြပြီ။

ကျွန်တော့် ရှူးသွပ်မှုများသည် သူမ၏နှလုံးသားတွင် ဘယ်လိုနေရာယူနိုင်မည်နည်း။ အဝါရောင်များက ကျွန်တော့်မြင်ကွင်းတွေကို စိုးမိုးထား၏။ မြနန္ဒာဝတ်ထားသော အဝါရောင် လက်ပြတ်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



လေးကြောင့် ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နေရသည်။ ရေပက်နေရင်းမှ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိသောအခါ ခံစားမှုတွေက ပို၍အရှိန်မြင့်လာတော့၏။

မောင်မောင်ဦးက မုန့်လုံးရေပေါ်စားဖို့ လာပြောသဖြင့် ကျွန်တော်တို့နှစ်ယောက်သား မဏ္ဍပ်အောက်ကို ဆင်းလာခဲ့သည်။ ခြံထဲတွင် သူငယ်ချင်းများနှင့် ဧည့်သည်များ ရှုပ်ထွေးနေသဖြင့် ကျွန်တော်က မုန့်လုံးရေပေါ် တစ်ပန်းကန်ယူလာခဲ့ပြီး ခြံထောင့်က အုတ်ခုံပေါ်တွင် သွားထိုင်ကြသည်။ သူမက ကျွန်တော့်ဘေးနားတွင် ငြိမ်သက်နေ၏။

"ထက်အောင်..."

ကျွန်တော့်နာမည်ကို ခေါ်လိုက်ပြီး ဘာမှ ဆက်မပြောသော ကောင်မလေးအား ကျွန်တော်က မက်မောစွာ စိုက်ကြည့်မိသွားသည်။ ထိုင်နေသော အုတ်ခုံအနီးရှိ သံပရာပင်ပုပုလေး၏ အကိုင်းတစ်ကိုင်းကို သူမက ကိုင်ကြည့်နေ၏။

"နင့်ကို ငါချစ်တယ် မြနန္ဒာ..."

သူမသည် ထိုစကားကြောင့် ခေါင်းငုံ့သွား၏။ ခေါင်းပြန်မော့လာသောအခါ သူမမျက်နှာသည် အနည်းငယ်နီရဲနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာပြောရမှာလဲ"

"ပြောချင်တာပြောပေါ့ဟ..."

"ဒါဆို ဒီလိုလုပ်ဟာ။ ငါဒီညစဉ်းစားလိုက်ဦးမယ်။ မနက်ဖြန်ဒီနေရာကို နံနက်ဆယ်နာရီ နင်လာခဲ့...။ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်။ ရဲမြင့်တို့ မောင်နှမက အေးဆေးပါ"

ကျွန်တော်သည် သူမပါးပြင်ပေါ်မှ သွေးကြောသေးသေးလေးတွေကို ခိုးကြည့်နေမိသည်။ မြနန္ဒာက မနက်ဖြန်အဖြေပေးမည်ဆိုသော အသိကြောင့် ကျွန်တော်က အလိုလိုတက်ကြွနေ၏။

"ရော့... ထက်အောင်၊ ပါးစပ်ဟ..."

သူမက မုန့်လုံးရေပေါ်တစ်လုံးကို ခက်ရင်းသေးသေးတစ်ခုနှင့် ခွဲ့ကျွေးပါသည်။ အဲဒီအပြုအမူကို ငြိမ်းငြိမ်းတို့၊ မောင်မောင်ဦးတို့က လှမ်းမြင်သွားပြီး ဝိုင်းနောက်ကြတော့၏။ သူမမျက်နှာပေါ်တွင် အရှက်တရားနှင့် အသိဉာဏ်သည် ရတ်တရက် ရောထွေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သင်္ကြန်နောက်ဆုံးနေ့မို့ ညနေခြောက်နာရီခွဲအထိ ကျွန်တော်တို့ ရေကစားဖြစ်ကြသည်။ ရေတွေ စိုရွှဲနေသော နေဝင်ချိန်သည် လှပလွန်း၏။

◆ ◆ ◆

၅။

နှစ်ဆန်းတစ်ရက်နေ့သည် သင်္ကြန်ကို လွမ်းစရာဖြစ်နေ၏။ ရေကစားမဏ္ဍပ်များကို ပြန်ဖျက်နေကြပုံများ၊ လမ်းပေါ်တွင်ပြန့်ကျဲနေသည့် ဘီယာဘူးခွံ၊ ရေသန့်ဘူးခွံနှင့် ကြွပ်ကြွပ်အိတ်များသည် ပြီးဆုံးသွားသော သင်္ကြန်၏ အမှတ်တရတွေဖြစ်သည်။

ကျွန်တော်သည် မြနန္ဒာချိန်းထားသော ရဲမြင့်တို့ခြံသို့ ပုံမှန်ခြေလှမ်းများဖြင့် လှမ်းလျှောက်နေ၏။ ရင်ထဲတွင် အမည်ဖော်ရန်ခက်ခဲသော ခံစားမှုတစ်မျိုးသည် တောက်ပနေ၏။ နွေဦးသည် သစ်ရွက်အဟောင်းများကို ခြွေချနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ ပထမဆုံး ကျွန်တော်ဝင်လိုက်၏။ ငြိမ်းငြိမ်းသည် Walk Man နားထောင်ရင်း ဒန်းစီးနေရာမှ ကျွန်တော့်ကို မြင်သွားသည်။ နောက်... ကျွန်တော့်ဆီလျှောက်လာ၏။

"ကိုထက်အောင်ကျော်၊ သင်္ကြန်ကပြီးသွားပြီနော်။ အခု ဘယ်သူ့ဆီလာတာလဲ"

ကျွန်တော်သည် ငြိမ်းငြိမ်း အားလုံးကိုသိထားခဲ့ပြီဟု တွေး လိုက်ပါသည်။ မျက်လုံးကို ဝေ့ယမ်း၍ မြနန္ဒာအား ရှာကြည့်မိ၏။ ငြိမ်းငြိမ်းက သဘောပေါက်စွာပြုံးတော့ ကျွန်တော်က မလုံမလဲဖြစ်ကာ အကြည့်ကို လွှဲလိုက်ပါသည်။

"မြနန္ဒာ ရောက်ပြီလား"

ကျွန်တော့် မေးခွန်းကြောင့် ငြိမ်းငြိမ်း အနည်းငယ်ကြောင် သွားပုံရသည်။ ပြီးမှ...

"နန္ဒာက ညကတည်းက ဒီမှာအိပ်တာလေ... လွန်ခဲ့တဲ့ နာရီဝက်လောက်ကမှ သူ့ကောင်လေးကားနဲ့ လာခေါ်သွားတယ်။ ကိုထက်အောင်ကျော်နဲ့ ချိန်းထားလို့လား" ရုတ်တရက် ကျွန်တော့် မျက်လုံးများ ဆူပွက်သွားပြီး ငြိမ်းငြိမ်းကို အံ့သြစွာ ကြည့်မိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ… ငြိမ်းငြိမ်း… ဘာ…"

"ဟုတ်တယ် ကိုထက်အောင်ကျော်။ နန္ဒာ့မှာ လက်ထပ်မဲ့သူ ရှိတယ်။ ရှေ့လထဲ သူတို့ လက်ထပ်ကြတော့မှာ…။ ကိုထက်အောင် ကျော်ကို နန္ဒာက မပြောပြဘူးလား"

ကျွန်တော်သည် ကြောင်အစွာ ငြိမ်းငြိမ်းကို ခေါင်းယမ်းပြမိ၏။ စိတ်ထဲတွင် လိပ်ပြာလွင့်လောက်အောင်ပင် တစ်စုံတစ်ရာသည် သေဆုံးသွားခဲ့ပြီ။

ငြိမ်းငြိမ်းကိုလည်း ဘာစကားမှပြောလိုစိတ် မရှိတော့…။ ကျွန်တော်သည် အသိမဲ့စွာ ထိုနေရာမှ ထွက်လာခဲ့သည်။ ဒါသည် ကမ္ဘာလောကကြီးထဲမှာ ကျွန်တော့်အတွက် သေးကွေးသော ရှုံးနိမ့်မှု တစ်ခုဖြစ်ပါသည်။

သူမနှင့် ချိန်းထားသောခြံထောင့်က အုတ်ခုံလေးဆီ ကျွန် တော်ရောက်လာ၏။ အုတ်ခုံအနီးက သံပရာပင်အကိုင်းလေးတွင် ကျွန်တော့်အကြည့်များ ရပ်တန့်သွားသည်။ နွမ်းရိနေသော ပိတောက် ပန်းတစ်ခက်ကို ဖဲကြိုးအဝါရောင်နှင့် ချည်နှောင်ထားတာမြင်ရ၏။ ထိုပိတောက်ပန်းတစ်ခက်သည် မြနန္ဒာအတွက် ကျွန်တော် ချူးပေး တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် သူမပေးခဲ့သောအဖြေသည် ဒါပဲဖြစ်ပါသည်။ ညှိုးနွမ်းနေသော ပိတောက်ပန်းတစ်ခက်။ အဝါရောင်ဖဲကြိုးတစ်ချောင်း။

ဘဝ၏ တချို့အခြေအနေများသည် အစလိုပဲ ဘာမှမသိလိုက်ရဘဲ ပြီးဆုံးသွားတတ်ကြသည်။ ကျွန်တော်က အဝါရောင်ဖဲကြိုးလေးကို ဆွဲဖြေပစ်လိုက်ပါသည်။ ပိတောက်ပန်းအနွမ်းလေးသည် မြေပေါ်သို့ ကျသွား၏။

ကျွန်တော်သည် နာကျင်စွာပြုံးရင်း ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။ ရင်ထဲတွင် ဘာမှမရှိတော့ ခြင်းသည် အဓိပ္ပာယ်တစ်ခုဖြစ်နေလေသည်။ ။

**People မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဂတွမိုးရေထဲမှာ...



www.burmeseclassic.com

www.burmeseclassic.com



# အချစ်တွေ မိုးရေထဲမှာ

॥ ၁ ॥

ကျွန်တော်နှင့် သူမ၏ ပထမဆုံး နေ့စွဲများသည် ဘာမှ မသေချာသော ချစ်ခြင်းမေတ္တာတရားတစ်မျိုး ဖြစ်ပါသည်။ ပထမနှစ် စိတ်ပညာကျောင်းသူတစ်ယောက်အနေဖြင့် မိုင်နာဘာသာဖြစ်သော (Logic) လောဂျစ်ကို သူမသိပ်မလိုက်နိုင်ဟု ကျွန်တော့်ရှေ့မှာပဲ သက်နှောင်ကို ပြောပြခဲ့၏။ ထိုနေ့က မိုးတွေ ခပ်ဖွဲဖွဲရွာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံကန်တင်း၏ လက်ဖက်ရည် ခပ်ညံ့ညံ့တစ်ခွက်ကို သောက်ပြီး ရွှေပြည်စိုးဆေးပေါ့လိပ်ကို ဖွာနေခိုက် သက်နောင်က ဖြတ်လျှောက်သွားသော ထီးနှင့် ကောင်မလေးတစ်ယောက်ကို လှမ်းနှုတ်ဆက်လိုက်ပါသည်။

"ဟော့... သဥ္ဇာ"

သူမက ဆံပင်တွေ ဝဲသွားအောင် သမင်လည်ပြန်လှည့်ကြည့်ပါသည်။ သဥ္ဇာဆိုသော ထိုကောင်မလေး၏ ဆံပင်တွေသည် ရွှေအိုရောင်နှင့် ကြေးနီရောင်တစ်လှည့်စီ အရောင်ပြောင်းနေ၏။ သူမက ကျွန်တော်နှင့် သက်နောင်ထိုင်နေသော စားပွဲဆီသို့ လျှောက်လာ၏။

သက်နောင်ကို ပြုံးပြလိုက်သောအခါ သူမ၏ သွားဖုံးလေးများကို လှစ်ခနဲ ကျွန်တော်မြင်ခွင့်ရလိုက်သည်။ သူမက ကျွန်တော့်ကို သိပ်ဂရုမစိုက်ဘဲ သက်နောင်ကိုသာ စာမေးပွဲနီးပြီမို့ လောဂျစ်ကို သင်ပေးဖို့ ပြောနေ၏။ သက်နောင်သည် စာတော်သော်လည်း သူတစ်ပါးကို ပြန်သင်ပေးတတ်သူ မဟုတ်ပေ။

ဒီတော့ မြားဦးက ကျွန်တော့်ဖက်ကို လှည့်လာ၏။

"သဥ္ဇာ... ဒါက ငါ့သူငယ်ချင်း ရဲကျော်တဲ့။ ငါတို့မေဂျာကပဲ။ ဒီကောင်က လောဂျစ်တွေ၊ ဘာတွေ ကျွမ်းတယ်။

www.burmeseclassic.com



ငါတို့တောင် မသိရင် ဒီကောင့်ကိုမေးရတာ...”

ထိုအခါ သူမ၏မျက်လုံးတွေက ကျွန်တော့်ဆီလှပစွာရောက်
...၏။

“သက်နောင် ပြောတာ ဟုတ်လား ဟင်...”

ထိုကိစ္စသည် အလွန် ကိုးရိုးကားရားနိုင်သော ကိစ္စတစ်ခု
...ပါသည်။ မဟုတ်ဘူးဟု ငြင်းလျှင်လည်း တကယ်ဟုတ်နေသော
...ကြောင့် လိမ်ပြောရာရောက်မည်။ သူမကို မသင်ပေးချင်သည့် သဘော
...နေ၏။ ဟုတ်ပါတယ်ဆိုရင်လည်း ကြွားရာရောက်မည်။ ဆရာ
...ယ်ခင်သည့်သဘောလည်း ဖြစ်နေသည်။

သို့သော် ကျွန်တော်သည် မျက်နှာခပ်ပြောင်ပြောင်နှင့်ပင်
...ခေါင်းညိတ်ပြလိုက်ပါသည်။ သဥ္စာဆိုသော ကောင်မလေးဆီမှ ပျော်
...သွားသော ရနံ့တစ်မျိုးကို ကျွန်တော် ခံစားလိုက်ရသည်။

နောက်တော့ သူမကို ကျွန်တော်က စာသင်ပေးဖို့ဖြစ်လာ
...သည်။ ဘာကြောင့်မှန်းမသိဘဲ ကျွန်တော်က သဥ္စာကို သံယောဇဉ်
...ယ်မိသွား၏။ ကျွန်တော်သည် ထိုကိစ္စကြောင့် ကိုယ့်ကိုယ်ကိုယ်
...သြနေခဲ့သော်လည်း ဘာမှအရေးမကြီးသလို နေခဲ့ပါသည်။ ထိုရက်
...အတွင်း သက်နောင်က ကျွန်တော့်ကို သဥ္စာအကြောင်း သိသင့်

www.burmeseclassic.com

www.burmeseclassic.com



သိထိုက်တာတွေကို ပြောပြခဲ့၏။

ကျွန်တော်တို့နှစ်ယောက် စာသင်နေချိန်များတွင် သက်နောင်ကို ဘေးမှာ အဖော်အဖြစ် ကျွန်တော်က ခေါ်ထားရသည်။ အကြောင်းမှာ ရည်းစားများသော သဘောကြောင့် ကျွန်တော်က နှစ်ယောက်တည်းကန်တင်းမှာ စာမသင်ချင်တာဖြစ်သည်။ သူမ၏ ကောင်လေးတွေက တစ်ကျောင်းလုံး ဘယ်မေရာတွင်မဆို ရှိနိုင်သည် မဟုတ်ပါလား။

ကျွန်တော်နှင့် သူမ၏ သူငယ်ချင်းဘဝသည် ဆင်ခြင်တုံတရားတစ်ဝက်၊ သံယောဇဉ်တစ်ဝက်ဖြင့် ထိုသို့ စတင်မိခဲ့ပါသည်။

✧ ✧ ✧

॥ ၂ ॥

စာမေးပွဲတွေပြီးသွားတော့ ကျောင်းငွေနှစ်လပိတ်သည်။ ထိုအချိန်များအထိ ကျွန်တော်သည် သူမနှင့်ပတ်သက်သမျှအားလုံးကို အမှတ်တမဲ့သာ သဘောထားခဲ့ပါသည်။

ကျောင်းတွေ ပြန်ဖွင့်တော့ ကျွန်တော်နှင့်သူမသည် ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com



သော အပေါင်းအသင်းတွေ ဖြစ်နေပြီ။ ကျွန်တော် သင်ပေးသော လောဂျစ်ဘာသာ အောင်သွားသဖြင့် သူမက ကျွန်တော့်ကို ကျေးဇူးတင်သည်ဟု သိရပါသည်။ ကျွန်တော်သည် သူမ၏အကြောင်းတွေကို တဖြည်းဖြည်း သိလာခဲ့၏။ သဉ္ဇာသည် နာမည်ကြီးသလောက်ဆိုးသွမ်းသူ မဟုတ်ဘဲ တစ်ခါတစ်ရံ ကျွန်တော့်ထက်ပင် သူမကစဉ်းစားဆင်ခြင်တတ်သေးသည်။

နောက်ပိုင်းတော့ သူမနှင့် လျှောက်သွားဖြစ်သည့်အခါများတွင် ကျွန်တော်က သက်နောင်ကို မခေါ်တော့ပေ။

ကျွန်တော်နှင့် သူမ၏ ဆက်ဆံရေးကို သူငယ်ချင်းတချို့က စိုးရိမ်စွာ သတိပေးခဲ့သော်လည်း ကျွန်တော်က ပေါ့ပေါ့ပါးပါးပဲ လက်ကာပြခဲ့မိသည်။ ကျွန်တော်တို့နှစ်ယောက်သည် ရင်းနှီးလာခဲ့သည့် အချိန်ကာလများအတွင်း အဖြူရောင် အဆောက်အအုံတစ်ခုကို တည်ဆောက်မိခဲ့ကြသည်။

သဉ္ဇာ၏ ချစ်သူကောင်လေးတွေသည် ကျွန်တော့်ရှေ့မှာပဲ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားခဲ့၏။

ဖိနပ်တွေပြောင်းခဲ့သည်။ သစ်ရွက်တွေပြောင်းခဲ့သည်။ စိတ်ခံစားတွေ ပြောင်းခဲ့သည်။ စာအုပ်တွေ ပြောင်းခဲ့သည်။ လမ်းမတွေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ခဲ့သည်။ ပြက္ခဒိန်တွေ ပျောက်ခဲ့သည်။ ထိုအတူ ကျွန်တော်တို့ နှစ်ယောက်ဖြတ်သန်းလာခဲ့သော ရက်စွဲတို့သည်လည်း ပျောက်ခဲ့ပါသည်။

ယိုနေ့က ကောင်းကင်အပျောက်အောက်ရှိ ထိုင်ခုံအပျောက်တစ်နေရာတွင် ကျွန်တော်တို့က နှလုံးသားအသစ်တွေအကြောင်း ပြောမိခဲ့လေသည်။

✧ ✧ ✧

॥ ၃ ॥

ညနေခင်းတစ်ခုတွင် သူမက ကျွန်တော့်ထံ ရောက်လာပါသည်။

"ကိုရဲကျော်... ဒီနေ့ ဘာဖြစ်လို့ ကျောင်းမတက်တာလဲ ဟင်..."

"နေသိပ်မကောင်းလို့ပါ"

"ဩော်... မသိပါဘူး။ ကိုရဲကျော်က နေမကောင်းလို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပျက်မယ်ဆိုရင် သမီးကို ကြိုပြောတာမဟုတ်ဘူး"

"ပြောဖို့ အချိန်မှ မရှိဘဲ သဥ္စာရဲ့..."

"အချိန်မရှိလည်း ရှိအောင်လုပ်ပြီးပြောပေါ့။ အခုတော့..."

ကျွန်တော်သည် အဆက်အစပ်ကင်းမဲ့သော၊ ပဟေဠိတစ်ခု အဆုံးမသတ်သော သဥ္စာ့စကားကို အနည်းငယ် အံ့သြသွားပါသည်။

"ပြောလေ သဥ္စာ... မင်းစကားကို ဆုံးအောင်ပြောလေ"

"ဒီနေ့ သမီးက ကိုရဲကျော်ကို ကျောင်းထဲမှာ ပတ်ပြီးရှာနေတာ... သိလား။ အရူးကျနေတာပဲ"

"ဘာကိစ္စရှိလို့လဲ။ ပိုက်ဆံအကြွေးတောင်းမလို့လား"

ကျွန်တော်က သဥ္စာထံမှ ပိုက်ဆံအချို့ အကြွေးပေးရန်ရှိသည်။ သူမက ရယ်ချင်သည့်မျက်နှာကို ဖုံးကွယ်ရင်း စိတ်ပျက်သွားသလို ခေါင်းကိုယမ်း၏။

"ဒါဖြင့်..."

သူမသည် ကျွန်တော့်မျက်လုံးတွေကို ဟိုးတစ်ဆုံးအထိ စူးစိုက်ကြည့်နေ၏။ ပြီးတော့မှ စကားကို တစ်လုံးချင်းပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ကိုရဲကျော်ကို သတိရလို့..."

ကြည့်စမ်း...။ ဒီကောင်မလေးဟာ ငါ့ကို စိတ်ဝင်စားနေတာပါလား။ ကျွန်တော်သည် သဉ္ဇာ့မျက်လုံးများကို ခပ်တည်တည်ပင် အချစ်ဟု ခေါင်းစဉ်တပ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပစ်လိုက်၏။ (နောင်အချိန်တွေကြာလာသောအခါ သဉ္ဇာလိုကောင်မလေးမျိုးဆီမှ အချစ်သည် ဂုဏ်ယူစရာမဟုတ်မှန်း ကျွန်တော် သဘောပေါက်ခဲ့ပါသည်။)

တိတ်ဆိတ်နူးညံ့စွာ အရိုင်းဆန်နေသောသူမသည် ကျွန်တော့်ထံမှ ဘာကိုလိုချင်သလဲဆိုတာ ကျွန်တော်မသိပေ။

သို့သော်... ကျွန်တော်သည် အစစအံ့ရာရာကို တတ်သိသူတစ်ဦးကဲ့သို့ ဟန်ဆောင်နေလိုက်ပါသည်။

"သဉ္ဇာက ကိုယ့်ကို သတိရလို့... ဟုတ်လား"

သူမက ခေါင်းညိတ်ပြရင်း ဝန်ခံသည်။ လေထဲတွင် အမျိုးအစားမသိသော ရနံ့တစ်မျိုးက တုန်ခါနေ၏။ ဘယ်လိုအကြောင်းအရာကမှ ကျွန်တော်တို့နှစ်ယောက်ကြားတွင် ဝင်ရောက်နှောင့်ယှက်မဖြစ်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျွန်တော်သည် သူမဆံပင်များကို နမ်းရှိုက်ကြည့်ချင်လာ၏။

"ကိုယ်လည်း မင်းကို သတိရပါတယ် ဟန်နီရယ်..."

"ဘယ်လို၊ ဘယ်လို..."

"ဟန်နီလို့ ခေါ်လိုက်တာလေ။ ကိုယ် မင်းကို ဟန်နီလို့ ခေါ်မယ်။ သိလား..."

သူမသည် တကယ့်ကို ဘာမှ နားမလည်သော ကလေးငယ်တစ်ဦးကဲ့သို့ မျက်လုံးလေးများကို ဝိုင်းရင်းခေါင်းညိတ်ပြပါသည်။ ကျွန်တော်က သူမ၏ မျက်ဝန်းများကို စိုက်ကြည့်ဖြစ်သွားသောအခါ ဟန်ဆောင်မှုမရှိသည့် မြတ်နိုးစရာကောင်းတချို့အား သူမထံမှ လက်ခံရရှိလေသည်။

"ကိုရဲကျော်က သမီးကို အမြဲတမ်း ဟန်နီလို့ခေါ်မှာလား ဟင်"

"ဒါပေါ့..."

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာပင် ထိုသို့အဖြေပြန်ပေးမိခဲ့သည်။ ထိုနေ့က အိမ်မပြန်မီ ကျွန်တော်က သူမထံမှ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို တောင်းဆိုခဲ့သည်။ တခြားတော့မဟုတ်...။ သူမ
ရွှေအိုရောင်ဆံပင်များ နမ်းကြည့်ခွင့်ဖြစ်သည်။

ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက်ကြားတွင် အချစ်ဆိုသေ
သစ်ပင်တစ်ပင်ဖြစ်ပေါ်လာခဲ့ပါသည်။

✧ ✧ ✧

။ ၄ ။

ရည်းစားတွေ ဖြစ်လာခဲ့ပြီးနောက် ကျွန်တော်တို့နှစ်ယော
၏ အနေအထားများသည် ချက်ချင်းပြောင်းလဲသွား၏။ ပတ်ပန်းက
မှ "ထင်တဲ့အတိုင်းပဲ" ဆိုသော အဓိပ္ပာယ်ရသည့် အကြည့်များ
ပထမတော့ ကျွန်တော်သည် အနည်းငယ်ခံရခက်ပါသည်။ ကျွန်တေ
ကသာ ရှက်ကိုးရှက်ကန်းဖြစ်နေခဲ့သော်လည်း သူမက ဘယ်တော
ခပ်တည်တည်ပဲဖြစ်သည်။

ကျောင်းဝင်းထဲတွင် သူမ၏ ရည်းစားဟောင်းများနှင့်ဆုံတို
ကျွန်တော်က မျက်နှာပူစွာ မသိချင်ယောင်ဆောင်နေခဲ့သည်ချည်းဖြ

www.burmeseclassic.com

www.burmeseclassic.com



၏။ အေးစိမ့်သော ခံစားချက်တစ်မျိုးကို ကျွန်တော်က သူမနှလုံးသား ထဲ၌ သိမ်းဆည်းထားခဲ့ပါသည်။

သူမ၏ ရွှေအိုရောင်နှင့် ကြေးနီရောင် ရောယှက်နေသော ဆံပင်များကို ကျွန်တော်က တစ်စထက်တစ်စ စွဲလမ်းလာခဲ့တော့၏။

ကျွန်တော်တို့နှစ်ယောက် ရည်းစားဘဝတွင် တစ်ယောက် လိုက်နာရမည့် စည်းကမ်းများကို တစ်ယောက်က ရေးရသည့်အခါ ကျွန်တော်က သူမခက်ခဲစေမည့်ကိစ္စများကို အလိုက်သိစွာချန်ထားရစ် ခဲ့ရသည်။ သဉ္ဇာသည် ကျွန်တော့်ကို ဂရုစိုက်ခဲ့သည်ဟု သူမအပြုအမူ များဖြင့် ဖော်ပြပါသည်။

အံ့သြစရာကောင်းသည်မှာ သူမက ကျွန်တော့်ကို တခြား ကောင်မလေးများနှင့် သဝန်တိုတတ်ခြင်းဖြစ်သည်။

ကျွန်တော်က သူမကိုသဝန်တိုရသည်မရှိဘဲ သူမကပဲ အပြ တမ်းဦးအောင် သဝန်တိုနေသဖြင့် ကျွန်တော့်မှာ အခက်တွေ့ရသေး ၏။ နောက်တော့ ကျွန်တော်က သူမကို နည်းနည်းမာယာသုံးရပါ သည်။ သူမနှင့် ရည်းစားဖြစ်ခဲ့ဖူးသူ ကောင်လေးတစ်ယောက်နှင့် ရန်ဖြစ်ချင်ဟန်ဆောင်လိုက်သောအခါ ကျွန်တော်က သဝန်တိုတတ်သူ ပြန်ဖြစ်သွားသည်။ သဉ္ဇာသည် ထိုကောင်လေးနှင့် ရန်မဖြစ်ဖို့ သူမ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဲဒီကောင်လေး ဘာမှမပတ်သက်ကြောင်း ကျွန်တော်ကို တပ်
တလဲလဲ ပြောပြပါသည်။

အဲဒီနေ့က အင်းလျားသည် မိုးသံများမှအပ ငြိမ်သက်တိတ်
ဆိတ်နေ၏။ မိုးတွင်းရက်စွဲများသည် ကျွန်တော်တို့နှစ်ယောက်၏
ပျော်ရွှင်စရာကောင်းသော ကစားနည်းများဖြစ်သည်။

"ကိုရဲကျော်... သမီး မိုးရွာထဲမှာ လမ်းလျှောက်ချင်တယ်"

"ဟာ... ဟန်နီကလည်း၊ ကလေးမဟုတ်၊ ဘာမဟုတ်
ဖျားမယ်"

ဆိုအခါ သူမသည် ဘာမှမပြောတော့ဘဲ ငြိမ်သက်စွာ စိတ်
ကောက်တော့သည်။ ကျွန်တော်သည် သူမကို ချော့မော့ဖို့ နည်းလမ်
များကို စဉ်းစားနေမိသည်။ နောက်ဆုံးတော့ ကျွန်တော် စဉ်းစား၍
ရသွားပါသည်။

"လာ... ဟန်နီ"

သူမက အံ့သြနေသော မျက်ဝန်းများဖြင့် ကျွန်တော့်ကိုကြည့်
၏။ ကျွန်တော်သည် ဆိုင်အမိုးအောက်မှ သူမလက်ကိုဆွဲ၍ မိုးရွာ
ထဲကို ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် အရမ်းသည်းမနေဘဲ ခပ်ဖွဲဖွဲမျှသာရွာနေ၏။ သူမ၏ ရွှေအိုရောင်ဆံပင်တွေသည် မိုးကြောင့် အချောင်း၊ အချောင်းတွေဖြစ်ကုန်သည်။ အေးစက်သော မိုးမှုန်များကြောင့် ကျွန်တော်သည် ပျော်ရွှင်အူမြူး ...၏။ မိုးရွာနေသောကြောင့် ကန်ပေါင်ပေါ်တွင် ကျွန်တော်တို့နှစ်ယောက်သာရှိပြီး လူရှင်းလျက်ရှိသည်။

တချို့က မိုးရွာထဲမှာ လမ်းလျှောက်နေကြသော ကျွန်တော်တို့အတွဲကို အနည်းငယ် အံ့သြသလို ကြည့်ကြပါသည်။

သဉ္ဇာသည် ကျွန်တော့်ကို စကားတစ်ခွန်းမှမပြောဘဲ ကောင်းကင်ကြီးကို မော့ကြည့်နေ၏။ သူမ၏ ဘ်ခမ်းတွေသည် တဖြည်းဖြည်း တပ်မက်စရာကောင်းလာသည်၊ ရေစိုနေသဖြင့် သူမ၏ ခန္ဓာကိုယ်ကောက်ကြောင်းများက ပိုမိုထင်ရှားလာသည်။

ကျွန်တော့်ကို လက်တွဲထားသော ထိုကောင်မလေး၏ လက်တွေသည် မိုးရွာထဲမှာပင် ပူနွေးနေပြန်သည်။

ကျွန်တော်တို့၏ မျက်နှာများသည် မိုးစက်၊ မိုးမှုန်တွေနှင့် ထိတွေ့ပြီး လန်းဆန်းတက်ကြွလာသည်။ သူမပါးပြင်ပေါ်မှ သင်းပျံ့သော ရနံ့သည် ကျွန်တော့်မှတ်ဉာဏ်ထဲမှာ စွဲမြဲစွာ နေရာယူထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာထဲမှာ တစ်နာရီကျော် ထိုင်ကြပြီးသောအခါ မိုးတိတ်သွားပါသည်။ ထိုအခါ အိမ်ပြန်ကြဖို့ ဖြစ်လာသည်။

ဒီလိုမှန်းသာသိလျှင် ခပ်စောစောကတည်းက ကျွန်တော်သည် မိုးမတိတ်သည့် ဂါထာတစ်ပုဒ်လောက် သင်ထားကောင်း သင်ထားမိပေလိမ့်မည်။

တချို့သော ဂါထာများသည် အကျိုးအကြောင်းတိုက်ဆိုင်ပါက တစ်ခါတစ်ရံ အစွမ်းပြတတ်ကြပါသည်။

✧ ✧ ✧

॥ ၅ ॥

လျင်မြန်သောအချိန်ကာလအတွင်း သဥ္ဇာသည် ကျွန်တော့်အတွက် သုညတစ်လုံးကဲ့သို့ တန်ဖိုးရှိလာခဲ့သည်။ မိုး၏ တိတ်ဆိတ်စွာ ရွာသွန်းပုံကို ကျွန်တော်တို့သည်တစ်လျှောက်လုံး ထိုင်ငေးကြည့်ခဲ့ကြသည်။ မမြင်ရသော အိပ်မက်ဆန်သည့်ကိစ္စများသည် ကျွန်တော်တို့နှစ်ယောက်ကြားတွင် အမြဲ ရယ်မောဖွယ်ကောင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော တနင်္ဂနွေနေ့တွင် ကျွန်တော်တို့နှစ်ယောက်သည် အင်းလျားမှာပဲ ရေတွေကိုကြည့်ဖို့ ချိန်းထားကြသည်။ အဲဒီနေ့က မိုးတွင်းဖြစ်သော်လည်း မိုးမရွာဘဲ ထူးခြားစွာ ခြောက်သွေ့လျက်ရှိ၏။ သဉ္ဇာသည် ချိန်းထားသောအချိန်ထက် နာရီဝက်ခန့် နောက်ကျပြီးမှ ရောက်လာပါသည်။

"ကိုရဲကောင် ရောက်နေတာကြာပြီလား..."

"အင်း... နာရီဝက်လောက်တော့ရှိပြီ။ ဟန်နီက ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

ကျွန်တော့် မေးခွန်းကို ကြားသောအခါ သူမက အနည်းငယ်ပြုံးပါသည်။

"ဘောဘီကြောင့်ပေါ့..."

ကျွန်တော်သည် သူမ၏အဖြေကြောင့် ရုတ်တရက် ကြောင်သွား၏။ သူမပြောသော ဘောဘီဆိုတာကို ကျွန်တော်မသိပေ။ ဘောဘီဆိုတာ သူမ၏ သူငယ်ချင်းလား။ ဒါမှမဟုတ် သူမတို့အိမ်မှ မိသားစုဝင်တစ်ယောက်လား။ ဘာလဲ...။ ဟန်နီဟာ ဘောဘီကြောင့် နောက်ကျရခြင်းကို ဘာမှမသိသော ကျွန်တော်သည် ယုံကြည်လိုက်ပါသည်။

ဒါပေမဲ့ ကျွန်တော်က သဉ္ဇာကို သိချင်သည့် မေးခွန်းတစ်

www.burmeseclassic.com



ခွန်းကိုတော့ မေးလိုက်၏။

"ဘောဘီဆိုတာ ဘယ်သူလဲဟင်..."

"ကိုရဲကျော်က ဘယ်သူလို့ထင်သလဲ"

"ဟန်နီတို့ အမျိုးထဲက တစ်ယောက်ယောက်ဖြစ်မှာပေါ့"

ကျွန်တော်က ထိုစကားကို ရိုးသားစွာထင်သည့်အတိုင်း ပြောလိုက်ခြင်းသာဖြစ်သော်လည်း သူမက ချက်ချင်းနှုတ်ခမ်းစူသွား၏။

"သွားသေလိုက်ပါလား..."

ကျွန်တော့်ကို မကျေမနပ်နှင့် ရန်တွေ့နေသော သူမ ကျွန်တော် နားမလည်နိုင်ပေ။ ဒါဘာကြောင့်ပါလိမ့်။

"ဟန်နီ... ဘယ်လိုဖြစ်နေတာလဲ။ ကိုယ်ဘာမှ နားမလည် ဘူး။ ဘောဘီဆိုတာ ဘယ်သူလဲ။ ကိုယ့်ကို ပြောပြဦးလေ"

ထိုအခါ သူမသည် မလုံမလဲနှင့် ရှက်နေပြီး ခပ်ဟဟရယ် လိုက်ပါသည်။ ပြီးတော့ ကျွန်တော့်ကို ပြောပြလေ၏။

"ဘောဘီဆိုတာ သမီးတို့အိမ်မှာ မွေးထားတဲ့ ခွေးနာမည် ကိုရဲကျော်ရဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျွန်တော်သည် စောစောတုန်းက သဥ္ဇာ ဘာကြောင့်စိတ်ဆိုးရသည်ကို သဘောပေါက်သွား၏။ ရယ်ချင်စိတ်ကို တတ်နိုင်သမျှ ထိန်းသိမ်းသေးသော်လည်းမရဘဲ ရယ်မိသွားသေးသည်။ သူမက တကယ် စိတ်မဆိုးဘဲ နှုတ်ခမ်းကိုက်ပြ၏။

"ဆောရီးနော်... ဟန်နီကို ဘေဘီက နောက်ကျအောင် ဘယ်လိုလုပ်သလဲ။ ကိုယ်ဖြင့် စဉ်းစားလို့ကို မရဘူး"

"ဘေဘီက သမီး ဒီနေ့စီးမဲ့ ဖိနပ်ကို ကစားရင်းနဲ့ ကိုက်ပစ်လိုက်တယ်လေ။ ဖိနပ်က ဖော့ဖိနပ်ဆိုတော့ ပဲ့သွားတာပေါ့။ အဲဒါနဲ့ ရှိတဲ့ ဖိနပ်ပဲစီးလာရတယ်။ ဒီဖိနပ်နဲ့လိုက်တဲ့ အဝတ်အစားတွေပြန်လဲနေရတော့ သမီးက နောက်ကျသွားတာ...။ အဲဒီလို ကိုရဲကျော်ရဲ့..."

ကျွန်တော်သည် သူမ၏ ရင်သပ်ရှုမောဖွယ် နောက်ကျရခြင်းအကြောင်းအရင်းကို နားထောင်ရင်း အံ့သြနေမိသည်။ ကျွန်တော့်ခေတ်သူကောင်မလေးတွင် ဒီလိုကျွန်တော်နားမလည်သော ကိစ္စမျိုးတွေ ဘယ်လောက်များများရှိနိုင်မလဲဆိုတာ မစဉ်းစားတတ်ချေ။

"ကိုရဲကျော်..."

ကျွန်တော်က ခေါ်သံကြောင့် အလျင်အမြန်လှည့်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူမသည် ခဏမျှငြိမ်သက်နေပြီးမှ စကားတစ်ခွန်းကို ပြောပါသည်။

"သမီးတို့ ဒီနေ့ ရုပ်ရှင်သွားကြည့်ကြမယ်လေ။ မကောင်းဘူးလား"

"ဟန်နီက ရေတွေကို မကြည့်တော့ဘူးလား"

"ဟင့်အင်း... တော်ပြီ။ မကြည့်တော့ဘူး။ ရေတွေကိုကြည့်ရတာ လူကပိုရင့်ကျက်သွားသလိုပဲ။ သမီးက လူကြီးတစ်ယောက်လိုရင့်ကျက်ပြီး အစစအရာရာ လူကြီးလိုမျိုး စဉ်းစားတတ်သွားမှာ သဘောမကျဘူး။ ကလေးတစ်ယောက်ရဲ့ ဖြူစင်မှုတွေကိုပဲ သမီးက ပိုမက်မောတယ်"

ဒါဖြင့် အဲဒီကောင်မလေးဟာ ဘယ်လိုအတွေးအခေါ်မျိုးတွေနဲ့ ရည်းစားတွေ အများကြီးထားခဲ့ပါသလဲ။ ကျွန်တော်သည် ထိုမေးခွန်းကို စိတ်ထဲကပဲ မေးကြည့်မိ၏။ သူမ ဘယ်လိုပြန်ဖြေမည်ကို ကျွန်တော်သိချင်သော်လည်း မမေးရဲခဲ့ပေ။

ခြောက်သွေ့တိတ်ဆိတ်နေသော အဲဒီနေ့က မိုးသည် ကျွန်တော်တို့နှစ်ယောက် ရုပ်ရှင်ရုံထဲရောက်ချိန်ကျမှ ရွာသွန်းလေသည်။ ထိုအချက်မှာ ကံကောင်းသည်ဟုဆိုလျှင် ဆိုနိုင်သော်လည်း ကံဆိုး

www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ်အပျက်တချို့လည်း ရှိပါ၏။ ကံဆိုးသည့်ကိစ္စမှာ တခြားမဟုတ်...။ ကျွန်တော်တို့ ကြည့်မိသည့် ရုပ်ရှင်ကားမှာ ပေါချောင်ကောင်းရိုက်ထားသော အလွန်ညံ့ဖျင်းသည့် မြန်မာကားတစ်ကားဖြစ်နေခဲ့သည်။

တွမ်ဟင့်၏ ပရိသတ်တစ်ယောက်ဖြစ်သော ကျွန်တော်သည် ထိုမြန်မာကားထဲမှ မင်းသား၏ အပေါစားအိုက်တင်များကို သူ့ကိုယ်စား ရှက်ရွံ့စိတ်ပျက်နေမိ၏။ သဥ္စာကို ငဲ့စောင်း၍ကြည့်လိုက်သောအခါ သူမက အံ့ဩစရာပင် ရုပ်ရှင်ကားကို စိတ်ဝင်စားနေလေသည်။

မီးအဖျောင်ထဲတွင် သူမ၏ ဆံပင်တွေသည် ရနံ့တစ်မျိုးဖြင့် ကျွန်တော့်အား ဖြားယောင်းနေ၏။ နောက်တော့ လေအေးစက်တပ် ရုပ်ရှင်ရုံထဲတွင် လိပ်ပြာလှလှလေးများ ပျံသန်းနေသည်ဟု ကျွန်တော်က ထင်မိပါသည်။

ကျွန်တော်သည် ရုပ်ရှင် ဘယ်လိုပြီးသွားသည်ကို မသိလိုက်...။ ရုပ်ရှင်ရုံမှ ပြန်ထွက်လာသောအခါ သဥ္စာက ချစ်တီးထမင်းစားချင်သည်ဟုပူဆာပြန်သည်။ ရွှေဘုံသာလမ်းမှ သူမသိသော ချစ်တီးထမင်းဆိုင်ဆီသို့ ကျွန်တော်ပို့သွားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ… ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ စာအုပ်ဆိုင်များ၊ ထိုမှ… J'DONUTS၊ ထိုမှ… ဝက်သားတုတ်ထိုးဆိုင်၊ ထိုမှ… ထိုမှ… အများကြီးလျှောက်သွားဖြစ်ကြသည်။ သိပ်မကြာခင် လမ်းများပေါ်တွင် နီယွန်မီးများလင်းလာ၏။

အိမ်ပြန်ချိန်သည် မိုးချုပ်လှပြီ။ သို့သော် ပျော်နေသောသူမ၏ မျက်ဝန်းများကြောင့် ကျွန်တော်က မှတ်ဉာဏ်ထဲက အချက်အလက်များစွာကို တမင်မေ့ပစ်ခဲ့ပါသည်။

✧ ✧ ✧

။ ၆ ။

မိုးရာသီ ရက်စွဲများကို ဖြတ်သန်းရင်း ကျွန်တော်တို့နှင့် ယောက်စလုံး စိမ်းလန်းသည့် ပျော်ရွှင်မှုအကြောင်းကို တန်ဖိုးထာ တတ်လာခဲ့သည်။ သဘာဝတရားသည် ကျွန်တော်တို့၏ မေ့ကျ သော ခံစားမှုများကို ပြက်ရယ်ပြုချင်ပြုနိုင်သေး၏။ ဘဝ၏ သေးငယ် သော ဒဏ်ရာများကို ကျွန်တော်က ဥပေက္ခာပြုဖို့ ကြိုးစားသေးသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သူမကတော့ ခပ်တည်တည်ပင် မသိချင်ယောင်ဆောင်နေခဲ့ပါသည်။

သူမသည် ချစ်တီးထမင်းဆိုင်နှင့် မြန်မာကား ခပ်ညံ့ညံ့တွေကို ကြိုက်သည်။ နောက်ထပ် သဥ္ဇာကြိုက်သေးသည်မှာ ကျွန်တော် ဘယ်လိုမှ ခံစား၍မရသည့် နာမည်လေးလုံးနှင့် မြန်မာမင်းသမီးတစ်ယောက်ဖြစ်၏။ သဥ္ဇာ့ဆီတွင် ထိုမင်းသမီးကိုင်သည်ဟု နာမည်ကြီးသော ထီးတစ်လက်လည်းရှိသည်။ ကျွန်တော်သည် ကံဆိုးစွာ ထိုထီးကို ဖျောက်ပစ်လိုက်မိ၏။ သူမမြတ်နိုးသော ထီးကို ကျွန်တော်ဖျောက်ပစ်လိုက်သဖြင့် သဥ္ဇာသည် ကျွန်တော့်ကို နှစ်ရက်တိတိ အတွေ့မခံဘဲ စိတ်ဆိုးခဲ့ပါသည်။ သူမရှေ့တွင် တခြားကောင်မလေးတစ်ယောက်နှင့် စကားပြောမိသဖြင့် ပြဿနာဖြစ်ရသည်။

"ဟန်နီ အဲဒီလိုကြီး စိတ်မကောက်နဲ့ကွာ...။ သူနဲ့ ကိုယ်နဲ့က ရိုးရိုးဘော်ဒါတွေပါ"

သူမသည် ထိုအခါ ကျွန်တော့်ဖက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။

"ဘာ... စိတ်ကောက်တယ်၊ ဟုတ်လား။ သွားစမ်းပါ။ ဒီအကြောင်းတွေက စိတ်ကောက်ရလောက်အောင် မနူးညံ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုအချိန်မှစ၍ သဥ္ဇာကို နားလည်ရန် မကြိုးစားတော့ဘဲ ကိုယ့်ကိုယ်ကိုယ်သာ လိုအပ်သလို ထိန်းချုပ်ခဲ့ပါသည်။

သဥ္ဇာသည် ကျွန်တော်နှင့် တစ်စတစ်စ ပိုမိုဝေးကွာလာသလို ခံစားရ၏။ ကျွန်တော်သည် သူမ၏ မိန်းမဆန်လွန်းသည့်အပြုအမူတချို့ကို စိတ်ပျက်မိသည်ကလွဲ၍ သဥ္ဇာကို စိတ်ထဲမှပင် မသင်္ကာခဲ့ဖူးပေ။

မိုးရာသီ ကုန်ခဲ့သလို ကျွန်တော်တို့နှစ်ယောက်၏ ရည်းစားဘဝသည် ကုန်ဆုံးခဲ့ပါသည်။ မနာလိုစရာကောင်းသည်မှာ သူမသည် ကျွန်တော့်ထက် အချစ်ဆိုသည့် ဘာသာရပ်ကို ကျွမ်းကျင်နေခြင်းဖြစ်၏။

နောက်ပိုင်းတွင် ကျွန်တော်တို့ နှစ်ယောက်သည် ဘာအကြောင်းပြချက်မှ မရှိဘဲ ဘာသိဘာသာ နေလာခဲ့ကြသည်။ သူမလည်း သူ့အပေါင်းအသင်းနှင့်သူ၊ ကျွန်တော်လည်း ကိုယ့်အပေါင်းအသင်းနှင့်ကိုယ်။ ဝေးကွာမှုသည် မယုံနိုင်စရာကောင်းလောက်အောင် အေးစက်နေ၏။

တစ်ခါတစ်ရံ ကျွန်တော်တို့နှစ်ယောက်သည် လမ်းမှာ၊ ကန်

www.burmeseclassic.com



တင်းမှာ၊ သိီရေတာရှေ့မှာ ဆုံတတ်ကြပါသည်။ သူမသည် ထိုအခါများတွင် မသိချင်ယောင် ဆောင်နေတတ်၏။

နွေးထွေးသော အရင်လိုအကြည့်များကို သူမက သုစိမ်းဆန်စွာ မေ့ပစ်ခဲ့လေပြီ။ ကျွန်တော်တို့နှစ်ယောက်ကို စတင်မိတ်ဆက်ပေးသော သက်နောင်သည် သဉ္ဇာအတွက် ကျွန်တော့်ကို မျက်နှာပူကြောင်းပြောသည့်အခါ ကျွန်တော်က အားရပါးရပင် ရယ်မောပစ်ခဲ့သည်။

ကျွန်တော့်ဘဝ၏ မတော်တဆအကြောင်းအရာများစွာအနက် သဉ္ဇာသည် အပေါ့ပါးဆုံးမတော်တဆမှုတစ်ခု ဖြစ်ပါသည်။ တိတ်ဆိတ်သော မိုးရေစက်များကို ကျွန်တော်က သတိရမိသည့်အခါ နမ်းရှိုက်နေကျ သူ၏ ရွှေအိုရောင်ဆံပင်တွေသည် ကျွန်တော့်ကို ခြောက်လှန့်နေခဲ့၏။

ဘာအကြောင်းပြချက်မှမလိုသော ကျွန်တော်တို့၏ ပြတ်စဲမှုတွင် သံယောဇဉ်တို့မှာ အားနာစရာကောင်းလေသည်။

"ကိုရဲကျော်... သမီးတို့ ရပ်ရှင်ပြီးရင် ချစ်တီးထမင်းသွားစားကြမယ်နော်"

ရုတ်တရက် တစ်ချိန်တုန်းက သူမပြောခဲ့သော စကားသံတွေကို ကြားယောင်လာ၏။ ကျွန်တော်တို့နှစ်ယောက်သည် မြန်မာရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကားများကို အပျင်းပြေ ကြည့်ခဲ့သည်။ ချစ်တီးထမင်းဆိုင်များမှာ အဆာပြေစားခဲ့သည်။

တက္ကသိုလ်ပရဝဏ်အတွင်းက ကျော်ကြားသော စုံတွဲများစွာ အကြောင်းကိုလည်း သုမဆီမှ ကျွန်တော် သိခွင့်ရခဲ့သည်။ ဒါတွေ အားလုံးမှာ ကျွန်တော့်အချစ်နှင့် ဘယ်လိုမှ မပတ်သက်သော်လည်း ကျွန်တော်က သုမကို ကျေးဇူးတင်ပါသည်။

ညတုန်းက ကျွန်တော် အိပ်မက်,မက်သည်။ သဥ္စာက အိပ်မက်ထဲမှာ မိုးတွေရွဲနေ၏။ ကျွန်တော်က စိုးရိမ်စွာ သုမကိုမေးလိုက်၏။

"ဟန်နီ... ဘယ်လိုဖြစ်လာတာလဲ။ မိုးတွေရွဲလို့ပါလား"

"ကိုရဲကျော်ပဲ သမီးထီးကို ဖျောက်ပစ်လိုက်ပြီးတော့..."

ကျွန်တော်သည် အလန့်တကြား အိပ်ရာမှနိုးလာ၏။ ထိုနေ့က ကျွန်တော်သည် ရန်ကုန်တစ်မြို့လုံးရှိ ဈေးများ၊ စူပါမားကတ်များတွင် သုမကို အလျော်ပေးရန် ထီးလိုက်ရှာခဲ့ပါသည်။

သို့သော်... ထီးက ဘယ်မှာမှ ရှာမရ...။ နောက်ဆုံးတော့ ကျွန်တော် လက်လျှော့ကာ ပြန်လာခဲ့ရသည်။ ဒီအကြောင်းတွေကို သုမသိလျှင် သွားဖုံးလေးတွေပေါ်အောင် ပြုံးရယ်လိမ့်ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူမဆီသို့ ဖုန်းဆက်ရန် အလွတ်ရနေသည့် ဖုန်းနံပါတ်ငါးခုကို နှိပ်လိုက်၏။ တစ်ဖက်မှ သူမ၏ "ဟဲလို"ဆိုသည့် အသံလေးကိုကြားလျှင် ဘာမှပြန်မပြောဘဲ ဒီအတိုင်းပြန်ချထားလိုက်သည်။ အမှတ်တရများသည် ပြန်လည်၍တောက်ပနေ၏။

ထိုအခိုက်မှာပဲ အိမ်အပြင်၌ မိုးစက်တွေ ခပ်ဖွဲဖွဲရွာကျလာသည်။ သေနတ်နှင့် နှင်းဆီပန်းများအဖွဲ့၏ နိုဝင်ဘာမိုးသီချင်းသည် အမှတ်ရစရာကောင်းလာ၏။ အခုသည် နိုဝင်ဘာလဖြစ်ပါသည်။

✧ ✧ ✧

॥ ၇ ॥

ဟာန်နီရေ…

အခုတော့ ငါ့အလွမ်းတွေကို မိုးရေထဲမှာပဲထားခဲ့ပြီပေါ့။ မင်းအချစ်တွေကို ဘယ်လိုမီးတောက်နဲ့ လောင်ကျွမ်းစေခဲ့သလဲ။ ငါ့ကို သတိရတဲ့အခါမှာရော မိုးစက်တွေကို မေးခွန်းထုတ်သေးသလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တောင်စဉ်ရေမရ လျှောက်စဉ်းစားနေပြီး ူမနာမည်ကို စာရွက်အလွတ်တစ်ရွက်ပေါ်တွင် ထပ်ကာ ထပ်ကာ ရေးနေမိ၏။

ရင်ထဲတွင် နာကျင်မှုများက တဖြည်းဖြည်းပေါ့ပါးလာသည် ရေစိုနေသော သူမ၏ နှုတ်ခမ်းများကိုလည်း လွမ်းလာလေသည် တိတ်ဆိတ်ညင်သာသော မေတ္တာတရားအဖြစ် ကျွန်တော်က သဥ္စာကို ခေါင်းယမ်း၍ ငြင်းဆန်လိုက်မိသည်။

ဥပေက္ခာတရားဆီမှ အသံတစ်ခုကို အကျယ်ကြီး ကြားလိုက် ရသည်။ ကျွန်တော်သည် မျက်လုံးတွေ မှိတ်ထားလိုက်ပါသည် မိုးရေထဲမှာ သူမသည် ကျွန်တော့်လက်ဖဝါးတွေကို ကိုင်ထား၏

သဥ္စာ (သို့မဟုတ်) မိုးရွာထဲက ကောင်မလေးတစ်ယောက်

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရင်ထဲမှာ မိုးရေစက်တွေ ရှိနေဆဲ ပါသည်။ ။

People မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

သေးသေးကွေးကွေးလေး
ကြီးကြီးကျယ်ကျယ်ဖတ်ဖို့ပေးစာ



www.burmeseclassic.com

www.burmeseclassic.com



# သေးသေးကွေးကွေးလေး
# ကြီးကြီးကျယ်ကျယ်ဖတ်ဖို့ပေးစာ

॥ ၁ ॥

ကျွန်တော့်ရဲ့ မိုးမလင်းသေးတဲ့ နေ့ရက်တွေကို အလင်းထွန်းညှိပေးဖို့ [illegible] ရောက်လာခဲ့ပါတယ်။ အဲဒီ သူမဟာ အရမ်းချစ်စရာကောင်းတဲ့ သေးသေးကွေးကွေး ကောင်မလေးတစ်ယောက်ပေါ့။ ရင်းနှီးခင်မင်မှုတွေအများကြီးနဲ့ တစ်ယောက်ကိုတစ်ယောက် ရစ်ပတ်ချည်နှောင်ခဲ့ပေမယ့် မသမာသူ ကံကြမ္မာက ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဟိုလိုလို၊ ဒီလိုလို လုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာ အခုတော့ ပျက်စီးခဲ့ပါပြီ။ အချိန်နည်းနည်းကြာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူ့အကြောင်းစဉ်းစားမိရင် ကျွန်တော်က ရင်ခုန်နေဆဲ။ လွမ်းနေမိဆဲ။ ကမ္ဘာလောကကြီးရဲ့ တစ်စုံတစ်ရာသော အမိပ္ပာယ် မှာ သူမက ကျွန်တော့်ကို ငြင်းခွင့်မရလောက်အောင် ရှုံးသွပ်စေခဲ့ပါ တယ်။

သေးသေးကွေးကွေးလေးရေ...

အခု မင်းမေ့လျော့သွားတဲ့ သံယောဇဉ်တွေကို စကားလုံး အဖြစ်နဲ့ ပေးပို့လိုက်ပါတယ်။

ჯ ჯ ჯ

॥ ၂ ॥

ဆောင်းရဲ့ သစ်ရွက်ချွန်ချွန်လေးတွေက သူမနာမည် ကျွန်တော့်နှလုံးသားမှာ ရေးထိုးသွားခဲ့ပြီ။ သဘာဝတရားရဲ့ နေ မှုထဲသို့ ကျွန်တော်တို့က တိုးဝင်ရယ်သွမ်းနေမိဆဲ...။ သူမရဲ့ အော နှုတ်ခမ်းအနီးက မှဲ့ကလေးကိုလည်း ကျွန်တော်က သဘောထား ပေးခဲ့ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူမက ကျွန်တော့်ကို နှင်းဆီတစ်ပွင့်လို ဆုံးရှုံးသွားခဲ့ အမျက်ကြီးနေတုန်းပဲ။

ကျွန်တော့်ရဲ့ ခံစားမှုတွေကို ရေးဖွဲ့ထားတဲ့ ဟောဒီစာမျက်နှာတွေကို သေးသေးကွေးကွေးလေးက အပျင်းပြေတယ်ဆိုရင် ကျွန်တော် ကျေနပ်ပါတယ်။ သူမရဲ့ အကြောင်းအရာများစွာအနက် ခွင့်လွှတ်ခြင်းဆိုတဲ့ကိစ္စဟာ ကျွန်တော်အတွက် တန်ဖိုးမဖြတ်နိုင်ခဲ့ပါဘူး။ ကျွန်တော့်ရဲ့ ခွင့်လွှတ်ခြင်းနဲ့ သူမရဲ့ ခွင့်လွှတ်ခြင်းဟာ အဓိပ္ပာယ်မတူညီတဲ့ ခါ 'အလွမ်း' ဆိုတာကို ကျွန်တော်က ဝါသနာပါသလိုဖြစ်ခဲ့ရပါတယ်။

ကျွန်တော့်ရဲ့ သေးသေးကွေးကွေးလေးဟာ ကလေးဆန်ဆန်ကြီးတတ်သူတစ်ယောက်ပေါ့။ သူမဟာ အချစ်ကို သူ့နည်းသူ့နဲ့ နားလည်တတ်မြောက်ခဲ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘယ်သူက ဘယ်သူ့ကို သင်ကြားခဲ့မသိဘဲ ပြိုင်တူနားလည်နိုင်စွမ်းတွေရှိခဲ့တယ်။ နှုတ်ခမ်းနီပေကျံတဲ့ တစ်ရှူးစလေးတွေရှိခဲ့တယ်။ အပြန်အလှန်ပေးဖတ်ခဲ့ကြတဲ့တွေ၊ ကဗျာတွေရှိခဲ့တယ်။ ည (၉) နာရီလောက်မှ သူမကိုပြန်ပို့ (၃၉) ဘတ်(စ်)ကားရဲ့ ခရီးစဉ်တချို့ရှိခဲ့တယ်။ သူမျှားအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေပြောပြီး ရယ်မောဟားတိုက်ခဲ့တဲ့ ပျော်ရွှင်မှုတွေရှိခဲ့တယ်။ ကျွန်တော့် မွေးနေ့မှာ "ဘာသာရှိသလား၊ ဒါဆိုဘုရားသွားရအောင်" ဆိုတဲ့ သူမရဲ့ ဦးဆောင်မှုတွေရှိခဲ့တယ်။

ဒါပေမဲ့ နောက်ဆုံးအကြောင်းအရာများကတော့ သူ ရည်းစားအကြောင်းပြောပြပြီး ကျွန်တော်ရဲ့ ရည်းစားအကြောင်း မေးမြန်းခဲ့တာပါပဲ။

❀ ❀ ❀

॥ ၃ ॥

အိပ်မက်ထဲမှာတော့ ကျွန်တော့် သေးသေးကွေးကွေး ... ဟာ အမြဲတမ်း ဘုရင်မပေါ့။ ကျွန်တော်က သူမကို အဲဒီအ... ပြောပြတော့ "ငါက မိဖုရားမလုပ်ချင်ဘူး။ ကိုယ်တိုင် ဘု... ချင်တာ" လို့ ပြန်ပြောပါတယ်။ နောက်ပြီး မိဖုရားပဲလုပ်... သူမသူငယ်ချင်း ကောင်မလေးတချို့အကြောင်း ကျွန်တော့်ကို... နှစ်ယောက်သား ဟားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နဲ့ နီးစပ်ရာက တေးများဟာ သူမနဲ့ကျွန်တော်တို့ရဲ့ အပြစ်ပြောစရာ၊ ရယ်မောစရာ ခေါင်းစဉ်တွေဖြစ်လာကြရဲ့။

ဒီလိုအခြေအနေတွေမှာ ဝေးကွာမှုဆိုတာ ကျွန်တော် နားမလည်ခဲ့တဲ့ ဝေါဟာရပဲ။ သေးသေးကွေးကွေးလေးရဲ့ လက်မောင်းသားညိုညိုလေးတွေမှာ ကျွန်တော့်သတိရခြင်းပွေ့က အခုတိုင် တောက်ပနေဆဲပါ။ လူ့အလစ်မှာ နှုတ်ခမ်းနီအမြန်ဆိုးရတဲ့ ဒုက္ခက မင်းတစ်ယောက် လွတ်မြောက်နိုင်ပါစေကွာ...။

အလင်းရောင်တွေ ရောက်မလာခင် နှင်းစက်ရောင်ခြည်မှုန်တွေတို့က အေးမြဝိုတ်ဆိတ်နေပြီ။ ပကတိသစ္စာတရားမှာ အကြွင်းမဲ့တဲ့ အဖြူရောင်။ အမှုန်းတွဲ့။

ဟင့်အင်း...။ မဖြစ်နိုင်တာ...။

ငါနောက်ကျသွားခဲ့ပြီလား။ တင်းနေအောင်စေ့ထားတဲ့ နှုတ်ခမ်းပါးပါးလေးဟာရော မင်းဆန္ဒအစစ်မှ ဟုတ်ရဲ့လား။ လူသိမခံနိုင်တဲ့ သွို့ဝှက်ချက်တွေ မင်းဆီမှာ တကယ်ပဲရှိခဲ့သလား။ ဘာတွေလဲ... ဘာတွေလဲ။

ကျွန်တော် ဘာမှ ကွဲကွဲပြားပြား မသိပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း သေချာမသိခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သေးသေးကွေးကွေးလေးဟာ ကျွန်တော့် ဒေါသထွက်တယ်ဆိုတာရယ်၊ မကျေနပ်ဘူးဆိုတာရယ်၊ ကျွန်တော် ပတ်သက်ပြီး ဘာခံစားမှုမှမရှိဘူးဆိုတာရယ်... စတာတွေကို ကျွ တော်ပြန်ကြားနိုင်လောက်တဲ့ လူတွေဆီ သတင်းလွှင့်လိုက်တယ် ဒါပေမဲ့ အဲဒါတွေအားလုံး သူမတစ်ခုမှ မဖြစ်ခဲ့ဘူးဆိုတာ သေချာ တယ်။

ကျွန်တော်တို့နှစ်ယောက် မတော်တဆ ဆုံမိကြတဲ့အခါ မှာ သူမမျက်လုံးတွေက အရင်အရိပ်အယောင်တွေ ရောနှောနေတ ပဲ။ ဒါဟာ အမှန်တရားကို မြင်အောင်ပြသတတ်တဲ့ သူမရဲ့ အ အချင်းတစ်မျိုးပဲ မဟုတ်လား။

။ ၄ ။

အခုတော့ လမ်းတွေက ဝါဝါ၊ အလင်းတွေကညို ကူးတွေက စိမ်းစိမ်း၊ ခံစားမှုက ဆွေးဆွေး... ဒီလိုမြင်းကိုသ လိုက်ချင်တော့တယ်။ တစ်ယောက်တန်ဖိုးကို တစ်ယောက် သ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားတဲ့အခါ လွတ်ကျခဲ့တဲ့ကိစ္စတွေကို မင်းနှမြောတတ်လာမှာပဲ။ အဲဒီအခါကျရင်သာ တစ်ယောက်ကိုတစ်ယောက် မသိချင်ယောင်ဆောင်နေဖို့ပဲလိုတယ်။

သေးသေးကွေးကွေးလေးရေ…

မင်းဟာ ငွေစလေးတွေ ပို့ရှင်လာတာကလွဲလို့၊ ရန်သူပိုများလာတာကလွဲလို့၊ မျက်မှန်အသစ်ပြောင်းတပ်လိုက်တာကလွဲလို့၊ ငါ့ကိုမြင်တိုင်း မသိခဲ့ဖူးသလို ဟန်ဆောင်နေခဲ့တာကလွဲလို့၊ ရည်းစားအဟောင်းနဲ့ပဲ အဆင်ပြေနေပြီး ရည်းစားအသစ်မရသေးတာကလွဲလို့ …ငါတစ်ယောက်တည်း ထားရစ်ရဲခဲ့တာကိုလည်း ဂုဏ်ယူလိုက်ပါရဲ့။

အပြောင်းအလဲတွေများပြားလွန်းတဲ့ လူ့လောက၊ လူ့ဘဝမှာ အစကတည်းက ဒီအတိုင်းပဲဆိုလည်း ရှိပါစေတော့။ အေးစက်သွားခဲ့တဲ့ ချစ်ခြင်းမေတ္တာမှာ မာယာတိုင်းကို မင်းအနိုင်ရပါစေ။ တစ်ခုတော့ရှိတယ်… ပျော်ချင်ယောင်တော့ မဆောင်ပါနဲ့ကွာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



။ ၅ ။

တရားမျှတမှုပဲဖြစ်ဖြစ်၊ အခမ္မဆန်တာပဲဖြစ်ဖြစ် ... ခံစားမှုကသာ အမှန်တရားဖြစ်ပါတယ်။ အချစ်ဆိုတာ အားလုံးနဲ့ ကင်းလွတ်တဲ့ သီးသန့်ခံစားမှုပဲ မဟုတ်လား။

အပြောရောင်နေ့

❒ ဆိုခဲ့သလိုအဲဒီနေ့က
သူမဟာ
ရယ်သံထဲက ဆင်းလာတယ်။
ကျွန်တော်က
ဟောလိဝုဒ်လမ်းသရဲကားထဲက ဓာတ်လိုက်ဆန်ဆန်
ပခုံးတစ်ဖက်ကိုနှိမ့်ထားရဲ့။
နစ်ယောက်စလုံးရဲ့ အကြည့်တွေမှာ
ယုံကြည်ရာလုပ်ရင်း သွေးကြီးခဲ့သလို
ဘဝကို
စာရွက်လွှတ်တွေပေါ် ပုံအောခဲ့။

www.burmeseclassic.com

www.burmeseclassic.com




"နင်ကလည်း..."
ရုတ်တရက်သူမက
ကျွန်တော့်လက်မောင်းကို ပုတ်လိုက်တယ်။
ပြီးတော့ သူမဟာ
နှုတ်ခမ်းကို ခပ်ဖွဖွကိုက်ပြ
ကျွန်တော့်စိတ်တွေ လွင့်သွားပြီ။

ရှပ်လိုက်တာ...
နောက်တစ်ခါဆို
မျက်မှန်မပါတဲ့ ကောင်မလေးကိုပဲ
ချစ်ဖို့စိတ်ကူးထားပါတယ်။ ။

**People မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



အဆောင်သူအတွက်...

www.burmeseclassic.com

www.burmeseclassic.com



# အဆောင်သူအတွက်...

## ( ၁ )

ကျွန်တော်သည် မိုးတိမ်များကို ငေးကြည့်ရင်း ဘာမှန်းမသိ သေးသော ခံစားမှုတစ်မျိုးကို ခုခံကာကွယ်နေရ၏။ မိုးသားများမှာ ပြာလွင်နေပြီး ကျွန်တော့်မျက်လုံးများကို ဆွဲဆောင်လျက်ရှိသည်။ ငှက်နှစ်ကောင်၊ သုံးကောင်သည် မြောက်အရပ်သို့ ဦးတည်ပျံသန်း သွားကြသည်။ ကျွန်တော့်အခန်းပြတင်းပေါက်ဘောင် ကျော်သွားသော အခါ ထိုငှက်များသည် ကျွန်တော့် မြင်ကွင်းထဲမှ ပျောက်သွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပြတင်းပေါက်လေးသည် ကျွန်တော့်အတွက် ဘောင်ခတ်ထားသည့် ရှုမျှော်ခင်းတစ်ချပ်လိုဖြစ်နေ၏။ ကျွန်တော်သည် ဒီအခန်းလေးကို ငှားရမ်းနေထိုင်ခဲ့သည်မှာ ခြောက်လခန့်ရှိပြီ။ ဘဝ၏ အလှည့်အပြောင်းတစ်ခုအား ရင်ဆိုင်ရန် ကျွန်တော်သည် ရန်ကုန်သို့ ရောက်လာခဲ့ခြင်းဖြစ်၏။

ရပ်ကွက်လေးထဲတွင် အဆောင်တွေ အများကြီးရှိသည်။ ကျွန်တော့်အထင်ပြောရလျှင် ရန်ကုန်မြို့တွင် အဆောင်အများဆုံးရှိသောရပ်ကွက်ဟုပင် ဆိုနိုင်သည်။ နာမည်ကျော် မိန်းကလေးဆောင်သုံးဆောင်ရှိ၏။ စံပယ်ဆောင်၊ မေမေဆောင်၊ သီရိမြိုင်ဆောင်တို့သည် လူများပြီး ထိုအဆောင်များရှိ အဆောင်သူများသည် အလှဆုံးဖြစ်သည်ဟု သူငယ်ချင်းကျော်ဦးက ကျွန်တော့်ကို ပြောပြထား၏။ ကျော်ဦးသည် မန္တလေးသားဖြစ်ပြီး ကျွန်တော့်အခန်းဖော် သူငယ်ချင်းလည်းဖြစ်သည်။

ကျော်ဦးက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပြီး ညနေခြောက်နာရီလောက်မှ အလုပ်က ပြန်လာတတ်ပါသည်။ ကျွန်တော်သည် သူပြန်မလာမချင်း ပျင်းရိနေတတ်ကာ အမြဲလိုလို ကဗျာရေးရန် စကားလုံးများကို ရှာဖွေနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



အခုဆို ကျွန်တော်ကဗျာရေးမရတာ တစ်လလောက်ရှိနေပြီ။

ရုတ်တရက် ကျွန်တော် မြင်လိုက်ရသည်မှာ ပန်းနုရောင် လက်ပြတ်ဝတ်ထားသော ကောင်မလေးတစ်ယောက်ဖြစ်သည်။ သူမ သည် ကျွန်တော်ကြည့်နေသော ပြတင်းပေါက်ရှေ့တည့်တည့်ရှိ လမ်းမ ပေါ်တွင် ဖြတ်လျှောက်လာခြင်းဖြစ်၏။

ပန်းနုရောင်သည် သူမ၏ အသားအရည်နှင့် အလွန် လိုက် ဖက်သည်ဟု ထင်ပါသည်။ ညနေခင်းသည် သူမကြောင့် ပိုမိုပြည့်စုံ သွားရသည်။ ကျွန်တော် ဒီရပ်ကွက်တွင် နေလာခဲ့သည့်သက်တမ်း တစ်လျှောက်လုံး ဒီကောင်မလေးကို ပထမဆုံးအကြိမ် တွေ့မြင်ရ ခြင်းလည်းဖြစ်၏။ ကျွန်တော့်မျက်လုံးများဆီမှ နှလုံးသားထဲသို့ သူမက စီးဆင်းသွားပါသည်။

လမ်းလျှောက်ထွက်ခွာသွားသော သူမ၏ နောက်ကျောကို ငေးကြည့်ရင်း ကျွန်တော်ငြိမ့်သက်လောင်ကျွမ်း နေမိ၏။

သူမဟာ အခုမှ ရပ်ကွက်ထဲကို ပြောင်းလာသူလား၊ ဒါမှ မဟုတ် အလည်လာတဲ့ ဧည့်သည်တစ်ယောက်လား။ ဒါမှမဟုတ် ဒီရပ်ကွက်သူ အိမ်တွင်းပုန်း ကောင်မလေးတစ်ယောက်လား။ ကျွန်တော် လျှောက်စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ ကျော်ဦး ပြန်ရောက်လာ၍ ကျွန်တော့်အတွေ မျှား ပြတ်တောက်သွားခဲ့ပါသည်။ ညနေခင်းမှ ညဦးပိုင်းသို့ ကူ ပြောင်းလာခဲ့၏။ ကျွန်တော်သည် ပန်းနုရောင်လက်ပြတ် အင်္ကျီ ကောင်မလေးကို သတိရနေမိသည်။ အဲဒီညက သူမအကြောင်း ဘာမှမသိဘဲ ကျွန်တော့် ဒိုင်ယာရီထဲတွင် သူမကို စတွေ့ရပုံအ ဖွဲ့နွဲ့မိလေသည်။

❖ ❖ ❖

( ၂ )

ကျွန်တော်နှင့်သူမ ဒုတိယအကြိမ် ဆုံတွေ့ရခြင်းမှာ အ ငယ်အပေါ်စားဆန်သော ရုပ်ရှင်ဇာတ်ဝင်ခန်း တစ်ခုနှင့် ခပ်ဆင်ဆ တူ၏။

ထိုနေ့က ကျွန်တော်စားနေကျ 'မြတ်' ထမင်းဆိုင်၌ ဆ ဦးနှောက်ဟင်းက တစ်ပွဲစာသာကျန်တော့သဖြင့် သူမနှင့် ထိုဟင်း လုကြရပါသည်။ ပုံမှန်ဆို ကျွန်တော်က မိန်းကလေးတစ်ယော

www.burmeseclassic.com

www.burmeseclassic.com



ဘမင်းဆိုင်မှာ ဟင်းလုစားရလောက်အောင် သတ္တိမရှိပေ။ သို့သော် ကျွန်တော့်ပြိုင်ဖက်မှာ သူမမှန်းသိသွားပြီးနောက် ကျွန်တော့်ကို သူမ သတိထားမိစေရန် ဆိတ်ဦးနှောက်ဟင်းတစ်ပွဲကို လုဝယ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်မည်။

"ကျွန်မတို့အရင်ဝယ်ဖို့ ပြောတာလေ အစ်မရဲ့"

"ဘယ်ဟုတ်မလဲ၊ ကျွန်တော် စားမလို့ကြည့်နေတုန်း သူတို့က နောက်မှရောက်လာတာ"

ဆိုင်ရှင်အစ်မကြီးသည် ဘယ်သူ့ကို ဦးစားပေးရောင်းရမှန်း မသိဘဲ စိတ်ညစ်နေပုံရသည်။ ကျွန်တော် ဒေါသခတ်ကြည့်ရသလောက်တော့ သူမသည် နည်းနည်းမှ အလျှော့ပေးမည့်ပုံမပေါ်ချေ။

ကျွန်တော်သည် သူမအား စိတ်အနှောင့်အယှက်ပေးရသဖြင့် ကျေနပ်နေ၏။ ဟင်းပွဲကို စုပုပ်ထားသည့်ကြားမှ သူမသည် ချစ်စရာ ကောင်းနေဆဲ။

သူမနှင့်အတူပါလာသော အဖော်ကောင်မလေးက သူမကို အလျှော့ပေးလိုက်ဖို့ ဖျောင်းဖျနေ၏။ သို့သော် သူမက ခေါင်းမာမြဲ မာနေ၏။ ထိုအခါ ကျွန်တော်က အခြေအနေကို ချက်ချင်းပြောင်း လဲပစ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်အစ်မ၊ သူတို့ ဒီဆိတ်ဦးနှောက်ဟင်းကို အရမ်းစားချင်ရင် ပေးလိုက်ပါ။ ကျွန်တော် တခြားဟင်းနဲ့ပဲ စားတော့မယ်"

ဒါတောင် သူမက မကျေနပ်သေးဘဲ ကျွန်တော့်ကို မျက်စောင်းတိုးရင်း 'အမျိုးမျိုးပဲ' ဟု အပြစ်ဆိုသေးသည်။

ထမင်းစားတော့လည်း သူမတို့က ကျွန်တော့်ရှေ့က ဝိုင်းမှာဖြစ်သည်။ သူမတို့နှစ်ယောက်သည် ငြိမ်ငြိမ်သက်သက် ထမင်းမစားကြတော့ဘဲ ခေါင်းချင်းဆိုင်ပြီး (ကျွန်တော့်အကြောင်းဟု ထင်ရသောအရာများကို) တိုးတိုး ငိုးတိုး ပြောကြပြန်၏။ ပြီးတော့ ခိုးခိုးခစ်ခစ် ရယ်ကြသေးသည်။

ကျွန်တော်သည် အလှောင်ပြောင် ခံရသော်လည်း သူမက ကျွန်တော့်ကို မှတ်မိသွားပြီဆိုသော အသိကြောင့် ကျေနပ်ပါသည်။

ထမင်းစားပြီးသွားတော့ သူမတို့က ပိုက်ဆံရှင်းပြီး ထွက်သွားကြ၏။ ကျွန်တော်ကလည်း မလှမ်းမကမ်းမှနေ၍ သူမတို့နောက်ကိုလိုက်သွားရ၏။ သူမတို့က ပထမဦးစွာ စားအုပ်အငှားဆိုင်သို့ သွားကြသည်။ ပြီးမှ အဆောင်ကို ပြန်သည်။

ကျွန်တော့်ရင်တွေ ခုန်နေ၏။ သူမသည် နာမည်ကျော် 'သီရိမြိုင်' ၏ အဆောင်သူ....။

www.burmeseclassic.com



ကျွန်တော်သည် သူမနာမည်ကိုမသိရသေးသောကြောင့် ယာယီအားဖြင့် "အဆောင်သူ" ဟု ခပ်တိုးတိုး ခေါ်ကြည့်မိ၏။ ကြည်နူးစရာကောင်းလောက်အောင်ပင် ထိုနာမည်လေးက ကျွန်တော့်ကို ဆွဲဆောင်နိုင်လေသည်။

အဆောင်သူ... အဆောင်သူ... အဆောင်သူ...

အဆောင်သူ... အဆောင်သူ...

အဆောင်သူ...။

ထိုညက ကျွန်တော့်စိတ်ထဲမှာ ကဗျာတွေဖြစ်နေတော့၏။

❖ ❖ ❖

( ၃ )

နောက်နေ့များတွင် ကျွန်တော်သည် အဆောင်သူ၏ တစ်နေ့တာ သွားလာလှုပ်ရှားမှု အချိန်စာရင်းကို လေ့လာဖြစ်သည်။ သူမသည် မနက်ဆို နွားနို့ပူပူတစ်ခွက်ကို သောက်သည်။ ဘာမုန့်မှ သ... ...ကိုမျှ မစား။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင် ကုမ္ပဏီကြီးတစ်ခု၏ တူညီဝတ်စုံကိုဝတ်ပြီး ရုံးသွား၏။ ညနေ ငါးနာရီခွဲဆိုလျှင် ဒီ ဆောင်ကို သူမ ပြန်လာတတ်သည်၊ နောက် ရေမိုးချိုး အဝတ်အစားလဲပြီး ရပ်ကွက်ထဲမှာ ဟိုဟိုသည်သည် လမ်းသလားမည်။ စာအုပ်ငှား၊ အချဉ်ထုပ်ဝယ်၊ တစ်ခါတစ်ရံ အင်းလျားပေါ်လမ်းလျှောက်။ ဒါပဲ။ (ကုမ္ပဏီပိတ်ရက်များတွင်တော့ အချိန်ဇယားသည် အပြောင်းအလဲရှိနိုင်ပါသည်။) ထိုသူမ၏ တစ်နေ့တာလုပ်ငန်းများကို ကျွန်တော်သိရှိသွားပြီးနောက် အခန်းဖော်ကျော်ဦးကို ဘာမှမဆိုင်ဘဲ ဘီယာလိုက်တိုက်ရပါသည်။ ဒါကို အဆောင်သားတစ်ယောက်၏ အောင်ပွဲဟု ကျော်ဦးက အမည်တပ်သည်။

အဲဒီနေ့က ကျွန်တော့်ကို ကျော်ဦးက အချစ်အကြောင်းစတင်ဆွေးနွေးလေသည်။ တခြားယောက်ျားတစ်ယောက်နှင့် အိမ်ထောင်ကျသွားသော သူ့ရည်းစားဟောင်းအကြောင်းတွေကို ကျွန်တော့်အားပြောပြ၏။ မိန်းမတွေ၏ သစ္စာမဲ့ပုံတွေကို သူက အသေးစိတ်ဋီကာဖွဲ့တော့သည်။ ကျွန်တော့်ကိုလည်း မိန်းမတွေကို သိပ်အရမ်းကြီး မချစ်မိဖို့ သြဝါဒခြွေ၏။

ကျွန်တော်ကတော့ ဘယ်သူတွေဘာပဲပြောပြော အချစ်ဆိုတာ ပန်းနုရောင်လက်ပြတ်အင်္ကျီဝတ်ထားသော ကောင်မလေး တစ်ယောက်၏ လက်မောင်းသားများဟုသာ ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဦးစကားတွေကို ကျွန်တော်က နားမထောင်ဘဲ သူမကို ယုံကြည်စွာချစ်ခဲ့ပါ၏။ လူဆိုသည်မှာ ကိုယ့်ကိစ္စကိုယ် ယုံယုံကြည်ကြည် ရူးသွပ်ဖို့လိုအပ်သည်မဟုတ်ပါလား။ ပန်းချီဆရာ ဗိသုကာ ခင်မောင်ရင်သည် 'နှမလက်လျှော့နေလေတော့'ဆိုသည့် ရုပ်ရှင်ဇာတ်ကားကို ယုံကြည်စွာ ရိုက်ကူးခဲ့သည်။ မောင်ချောနွယ်သည် ဒုက္ခပေါင်းများစွာဖြင့် ခေတ်ပေါ်ကဗျာကို ယုံကြည်စွာရေးခဲ့သည်။ ရာဇာနေဝင်းသည် သူ့အိုက်တင်အတိုင်းသာ ယုံကြည်စွာ သရုပ်ဆောင်ခဲ့သည်။ ကတ်ကိုပိန်းသည် သူ့နားထင်ထဲသို့ ကျည်ဆန်တစ်တောင့်ကို ယုံကြည်စွာ ပစ်သွင်းခဲ့သည်။ ကျွန်တော်က ဘာမှန်းမသိရသေးသော ကောင်မလေးကို ယုံကြည်စွာချစ်ခဲ့သည်။

လူတို့၏ ယုံကြည်မှုသည် ကိုယ့်ကိုယ်ကိုယ် သူတစ်ပါးနှင့်မတူဘဲ ကွဲပြားခြားနားစေပါသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



(၄)

ကျွန်တော်နှင့်သူမ၏ ရင်းနှီးနွေးထွေးသော ဆက်ဆံရေးသည် တစ်ခုသော တနင်္ဂနွေနေ့တွင် စတင်ခဲ့ပါသည်။ အဲဒီနေ့က ကျွန်တော်ရော၊ ကျော်ဦးပါ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ခင်ဝမ်းသီချင်းကို နားထောင်နေခိုက် သူမက ဆိုင်ရှေ့မှ ဖြတ်လျှောက်လာခြင်းဖြစ်၏။ နေ့လယ်ခင်းမို့ သီချင်းသံမှအပ တခြားအသံတွေ တိတ်ဆိတ်နေ၏။

ကျော်ဦးက သူမနောက်ကို လိုက်သွားဖို့ အချက်ပြတော့ ကျွန်တော် နည်းနည်းတွေဝေနေသေးသည်။ ခပ်လှမ်းလှမ်းကို သူမရောက်သွားသောအခါ ကျော်ဦးက ထပ်မံတိုက်တွန်းပြန်သည်။

"ဝင်းမိုး ဟောကောင်၊ မင်းလိုက်သွားလေကွာ၊ ဒီလိုအချိန်မှ မလိုက်ရင် မင်းလောက်တုံးတဲ့ကောင် ကမ္ဘာပေါ်မှာ ရှိမှာမဟုတ်ဘူး၊ သွား...သွား ငါ ဒီမှာစောင့်နေမယ်"

ကျွန်တော်လည်း နည်းနည်းအားတက်သွားပြီး ဖတ်လက်စရန့်သစ်မဂ္ဂဇင်းကို ကိုင်ကာ ထလိုက်သွားမိသည်။ ကျော်ဦးကတော့ ခင်ဝမ်းသီချင်းတွေနှင့်ကျန်ရစ်ခဲ့၏။ သူမနားကို ရောက်လာတော့

www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီတွေက အလိုလို ရှိနေလေသည်။

"ဟိတ်"

ကျွန်တော်က အဲဒီလို ခေါ်လိုက်တော့ သူမက လှည့်ကြည့်ပါသည်။ ချက်ချင်းပဲ သူမက ကျွန်တော့်ကို မှတ်မိသွား၏။ ပြီးတော့ မျက်နှာကိုမဲ့လိုက်ရင်း ခြေလှမ်းများကို နှေးပစ်လိုက်သည်။

"ကျွန်တော့်ကို မှတ်မိလား"

"ဘာလာကြောင်နေတာလဲ"

"ကျွန်တော် ခင်ဗျားကို ချစ်မိသွားလို့ပါ"

"ဟာ ပြဿနာပဲ၊ ပေါ်တင်ကြီးပါလား"

"ဟုတ်ကဲ့၊ ကျွန်တော်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်လို့ပါ"

ထိုအခါ သူမက မျက်ခောင်းတစ်ချက်လှမ်းထိုး၏။ ကျွန်တော်က သူမ၏ မျက်ခောင်းကို တပ်မက်စွာ ငေးကြည့်နေမိသည်။ မထင်မှတ်ဘဲ သူမက ကျွန်တော့်ကိုမေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးလိုက်ပါသည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းမိုး"

"ဟုတ်ပြီ ရှင်ကရော၊ ကျွန်မနာမည်သိသလား"

"ဟင့်အင်း မသိပါဘူး"

"မှတ်ထား မိမိတဲ့"

"ဟုတ်ကဲ့"

"ကျွန်မကို ဝင်းမိုးက ချစ်ရအောင် ကျွန်မအကြောင်းတွေကို ဘယ်လောက်ထိသိလို့လဲ"

"ကျွန်တော် ဘာမှမသိပါဘူး၊ ဒီအတိုင်းလေးပဲ ခံစားမှုနဲ့ ရိုးရိုးသားသား ချစ်ပါတယ်"

မိမိဆိုသော သူမသည် ကျွန်တော့်စကားကြောင့် ပခုံးနှစ်ဖက်ကို ဟန်ပါပါတစ်ချက်တွန့်၏။ ကျွန်တော်က သူမမျက်ဝန်းတွေကို လိုက်၍ အကဲခတ်နေမိသည်။

ဒီလိုနှင့် ကျွန်တော်တို့လမ်းလျှောက်လာခဲ့သည်မှာ ပြည်လမ်း မပေါ်သို့ရောက်လာ၏။ သူမက လမ်းကူးပြီး မဂ်လာဒုံဖက်သွားမည့် ကျောင်းကွေ့မှတ်တိုင်ကိုသွားပြန်သည်။ ကံကောင်းသည်မှာ ဆိုက်(ခ) ကားမှတ်တိုင်တွင် လူတစ်ယောက်မှမရှိဘဲ ကျွန်တော်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သာရှိသည်။ ကျွန်တော်က ထိုအခွင့်အရေးကို အမိအရ အသုံးချဖို့ လိုအပ်မှန်း သဘောပေါက်ထားပါသည်။

"မိမိ"

သူမက ကျွန်တော့်ခေါ်သံကြောင့် စိတ်ရှုပ်သလို လှည့်ကြည့်၏။ နောက် မျက်ခုံးကိုပင့်ပြပါသည်။ ဘာလဲ ဆိုသည့်သဘော။

"ကျွန်တော့်ကို တစ်ခုခု ပြန်ပြောဦးလေ"

"ကျွန်မရှင်ပြောတဲ့ကိစ္စကို မှတ်ထားမယ်၊ အခု ရှင်ပြန်တော့... ကျွန်မမှာ သွားစရာကိစ္စတစ်ခုရှိလို့ ဟုတ်ပြီလား"

"အာ... မရဘူး၊ ကျွန်တော့်ကို အခု ချက်ချင်းအဖြေပေးပါ"

"ရော် ခက်နေမှပဲ၊ ကျွန်မကို အဲဒီလို အကျပ်မကိုင်ပါနဲ့။ ဟိုမှာ ဘတ်(စ်)ကားလာနေပြီ။ ပြန်တော့နော်"

တကယ်ပင် (၅၁) ဘတ်စ်ကားကြီးသည် ကျောင်းကွေ့မှတ်တိုင်ဆီသို့ ဦးတည်မောင်းနှင်လာ၏။ သူမသည် ကျွန်တော့်ကို လိုက်မလာဖို့ ဟန့်တားသလိုတစ်ချက်ကြည့်ရင်း ကားပေါ်သို့ တက်သွားပါသည်။ ကျွန်တော်ကလည်း ခေါင်းမာစွာ ကားပေါ်သို့ လိုက်တက်လိုက်ပါသည်။ (၅၁) ဘတ်(စ်)ကားကြီးသည် တငြိမ့်ငြိမ့်နှင့် မှတ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်လာခဲ့တော့၏။ သူမမျက်နှာသည် စိတ်တိုနေပြီး ခပ်တည်တည်ဖြစ်နေသည်။ ကျွန်တော်က နည်းနည်းပျော်နေ၏။

"ကဲ... ညီလေး ကား‌ခ"

စပယ်ယာ၏အသံကို ကြားတော့ ကျွန်တော်ပြာသွား၏။ အခုမှပင် ကျွန်တော့်မှာ ပိုက်ဆံပါမလာမှန်း သတိပြုမိသည်။ ဒုက္ခပါပဲ။ ကျွန်တော့်လက်ထဲတွင် ကိုင်ထားသော ရန့်သစ်မဂ္ဂဇင်းကို ယောင်ယမ်း၍ လှန်လိုက်မိတာ ကံကောင်းသွား၏။ စာအုပ်အငှားဆိုင်က ပြန်အမ်းလိုက်သော နှစ်ဆယ်တန် အနွမ်းတစ်ရွက်ထွက်လာ၍ ဖြစ်ပါသည်။ ကျွန်တော် အနည်းငယ်စိတ်သက်သာသွားပြီး စပယ်ယာကို ငွေနှစ်ဆယ်ပေးလိုက်၏။ လောလောဆယ်တော့ ငွေကြေးပြဿနာ ပြေလည်သွားသော်လည်း ကျွန်တော့်မှာ အပြန်ခရီးအတွက် စိတ်မအေးနိုင်ဘဲရှိ၏။

သူမကို လှမ်းကြည့်လိုက်သောအခါ ကားပြတင်းမှတစ်ဆင့် တရိပ်ရိပ်ကျန်ခဲ့သော ရှုခင်းတွေကို ငေးနေလေသည်။ ကျွန်တော်က ရှုခင်းတွေကို ငေးနေသော သူမအားပြန်ငေးနေမိ၏။ သူမမျက်နှာတွင် ပူပြင်းသော အလှတရား တစ်မျိုးကို တွေ့ရပါသည်။ ဒီခဏမှာပင် ကျွန်တော်က အရာရာကို မေ့လျော့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘတ်(စ်)ကားကြီးသည် မှတ်တိုင်တွေတစ်ခုပြီးတစ်ခု ချန်ရစ်ခဲ့၏။ ဝါယာလက်မှတ်တိုင်ကို ရောက်တော့ သူမက ကားပေါ်မှ ဆင်းပါသည်။ ကျွန်တော်ကလည်း လိုက်ဆင်းရ၏။ သူမက ကားလမ်းမကြီးပေါ်မှ လမ်းသွယ် တစ်ခုထဲသို့ ချိုးကွေ့၍ ဝင်သွားသည်။ ကျွန်တော်ကလိုက်ဝင်ပြန်သည်။ သူမသည် သည်းမခံနိုင်တော့။

"ရှင် ဘယ်လိုလူလဲ၊ ကျွန်မနောက် တကောက်ကောက် လျှောက်လိုက်မနေနဲ့လေ"

"ဒါဆို ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် အသိအမှတ် ပြုပြီးဆက်ဆံပေါ့"

"ဟုတ်ပြီ ဟုတ်ပြီ။ ဒါဆို ရှင်က ကျွန်မစကားကို နားထောင်မယ်ပေါ့ ဟုတ်လား"

ကျွန်တော်က သူမကို ရယ်ချင်စွာ ခေါင်းညိတ်ပြမိသည်။ ထိုအခါ သူမက မယုံသလိုနှင့် တည်ကြည်စွာ စူးစမ်းသည်။ ခဏကြာတော့

"တကယ်နော် ဝင်းမိုး။ ကျွန်မက ကတိတည်မှ ကြိုက်တာ"

ကျွန်တော်က ထပ်မံ၍ ခေါင်းညိတ်ပြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော ဒါဆိုဝင်းမိုး နားထောင်၊ အခု ကျွန်မ သွားမဲ့အသိ အိမ်က မေမေ့သူငယ်ချင်း အပျိုကြီးတစ်ယောက် အိမ် စည်းကမ်းကြီးတယ်။ ဇိဇာလည်းကြောင်တယ်။ ဝင်းမိုးပုံစံနဲ့ ဘယ်လိုမှမဖြစ်ဘူး။ အဲဒါ သူတို့အိမ်ရှေ့မရောက်ခင် ဒီနား မှာပဲနေခဲ့ပါ။ အဲဒီအိမ်မှာ ကျွန်မက တော်သော်ကြာဦးမှာ ဝင်းမိုးပြန်တော့နော်၊ လိမ္မာပါတယ်"

ကျွန်တော်သည် သူမနှုတ်ခမ်းမှ ထွက်လာသည့် ထိုစကား သံလေးများကို နာခံချင်လာသည်။ ဒါကြောင့် ဘာမှ ပြန်မပြောတော့ ဘဲ ခေါင်းညိတ်ပြလိုက်ပါသည်။ သူမက ကျွန်တော်မမြင်အောင် လှစ်ခနဲတစ်ချက် ခိုးပြုံးပါသည်။

"အိုကေ သွားပြီနော် ဝင်းမိုး၊ နောက်နေ့မှ တွေ့ကြတာပေါ့"

ကျွန်တော်က ခြေစုံရပ်ကာ ကျောခိုင်းသွားသော သူမ၏ နောက်ပိုင်းအနိမ့်အမြင့်များကို ကြည့်နေမိလေသည်။

သူမကို ငေးကြည့်ရင်းမှ ကျွန်တော်သည် ပြန်ဖို့အတွက် ဘတ်(စ်)ကားခ မကျန်တော့တာ သတိရသွား၏။ ထိုစဉ်မှာ သူမ အနီရောင် ခြံခတ်ထားသော အိမ်တစ်လုံးဆီသို့ ဝင်သွားပါသည်။ ကျွန်တော်လိုက်ဝင်သွားဖို့ စဉ်းစားမိသေးသော်လည်း သူမ၏ "ကျွန်

www.burmeseclassic.com



က ဟတိတည်မှ ကြိုက်တာ" ဆိုသည့် စကားကိုကြားယောင်မိသွားက ခြေလှမ်းတွေက အမြစ်တွယ်နေခဲ့သည်။

ကျွန်တော်သည် အနီးအနားကို အကဲခတ်ကြည့်မိသည်။ ကောင်းစွာ နှစ်ယောက်ထိုင်ခုံလေးတစ်ခုပါသော ရေတမာပင်တစ်ပင်ကိုတွေ့ရ၏။ အရာရာသည် ရော်ဝါကြွပ်ဆတ်နေသ ို့ ခံစားရပါသည်၊ ထိုသစ်သားထိုင်ခုံလေးသည် ဟောင်းနွမ်းဆွေးမြည့်နေပြီး တစ်စိတ်တစ်ပိုင်း ကျိုးပဲ့ပျက်စီးနေသည်။ သို့သော် ကျွန်တော့်အတွက်တော့ ဒီလိုနေရာတွင် မိမိကို သက် သာင့်သက်သာ ထိုင်စောင့်နိုင်ရန်ရှားပါးသော အခွင့်အရေးတစ်ခုဖြစ်၏။

လက်ထဲက ရန့်သစ်မဂ္ဂဇင်းကိုဖတ်ရင်း၊ သူမ၏ ပြန်ထွက်လာမည့် ခြေလှမ်းများကို မျှော်ရင်း၊ တိတ်ဆိတ် သောညနေခင်းကို ငေးရီရင်း သူမကို စောင့်နေမိသည်။ နာရီမှ စက္ကန့်လက်တံလေးသည် အပတ်ပေါင်းများစွာ လှည့်ပတ်နေရ၏။ အချိန်တစ်နာရီ ကျော်ကျော်လောက်ရှိတော့ မိမိသည် သူမဝင်သွားသော ခြံထဲမှ ပြန်ထွက်လာသည်။ အဝေးမှ ငှက်အော်သံတွေကို ကြားရသည်။

ရုတ်တရက် ကျွန်တော့်ကိုမြင်သွားတော့ သူမ မျက်လုံးလေးတွေ ဝိုင်းသွားပါသည်။ ကျွန်တော်က သူမကို ပြုံးပြလိုက်၏။ သူမက

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို အနည်းငယ်မဲ့သည်။

"ဘယ်လိုလဲ ပြန်ပြီလား"

ကျွန်တော့်မေးခွန်းကြောင့် သူမက တိုးဖွဖွတစ်ချက်ရယ်ပါ သည်။ ပြီးတော့ ကျွန်တော့်ကို မှတ်ချက်တစ်ခုချ၏။

"အရမ်းဖွဲ့ကောင်းတာပဲနော်"

"အချစ်က အဲဒီလိုပဲဗျ၊ အရမ်းပျင်းတဲ့ ငပျင်းလေးတစ် ယောက်ကို ဖွဲ့ကောင်းလာစေပါတယ်"

"တော်ပါ"

သူမ နှုတ်ခမ်းတွေသည် ခပ်မြူးမြူးလေး ပြုံးရိပ်ထင်နေပြီ၊

"ဝင်းမိုးက ဘယ်မြို့ကလဲ"

"သရက်"

"ဒါဖြင့် မချစ်ရပေါ့"

ရုတ်တရက်တော့ ကျွန်တော်ကြောင်သွားသေး၏။ သူမက ကျွန်တော့်ပုံစံကို ကြည့်ပြီးရယ်သောအခါမှ သူမ၏ နောက်ပြောင်မှုကို သဘောပေါက်ပါသည်။ သူမနှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ရလောက်အောင် ရင်းနှီးနေပြီလား

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်သည် သိပ်မသေချာသော်လည်း ကျွန်တော်ပျော်ပါသည်။

ထို့နောက် ဘတ်(စ်)ကားမှတ်တိုင်တွင် ကျွန်တော်တို့ခဏမျှ ကားစောင့်ကြရသေး၏။ ခြောက်သွေ့သောညနေခင်းသည် ကျွန်တော့် ရင်ထဲက အချစ်စိတ်ကိုတောက်ပစေလေသည်။ ထိုစဉ် (၅၁)ဘတ်(စ်) ကားကြီးက မှတ်တိုင်ကို ရောက်လာသဖြင့် ကျွန်တော်တို့ ကားပေါ် တက်လိုက်ကြ၏။

အဲ...။ ကျွန်တော့်မှာကားခ မပါမှန်းသတိရသွားကာ နည်းနည်း စိုးရိမ်သွားသော်လည်း သူမရှိနေသဖြင့် အားတက်သွား ပြန်သည်။ ကားပေါ်မှာ ကျွန်တော်က သူမကို ခပ်တိုးတိုးပြောပြရ သည်။

"မိမိ"

သူမက အံ့ဩသလို မော့ကြည့်၏။

"ကျွန်တော်ကလေ မိမိကိုမြင်လို့ ရုတ်တရက်လက်ဖက်ရည် ဆိုင်က ထလိုက်လာတာဆိုတော့ ပိုက်ဆံပါမလာဘူး။ အဲဒါ ကျွန်တော့်အတွက် ကားခပေးပေးပါနော်"

သူမမျက်နှာသည် စိတ်ညစ်နေရာမှ ရယ်ချင်သွားပုံရပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ကျွန်တော်ပင်။ ပိုက်ဆံနှစ်ဆယ်တောင် မရှိကဲ့ကောင်ကို ဘယ်မိန်းမက ကြိုက်မှာလဲ။

"ဟုတ်ကဲ့ ကျွန်မပဲ ကားခပေးလိုက်ပါမယ်"

သူမ၏ ခပ်ရွဲ့ရွဲ့စကားကြောင့် ကျွန်မတော်က ပခုံးတွန့်သည်။

"ကားခတွေ၊ ကားခတွေ... ဟောဒီ ဝါယာလက်က တက်လာတဲ့နှစ်ယောက်"

မီမီသည် နှစ်ရာတန် တစ်ရွက်ကိုထုတ်ပြီး 'နှစ်ယောက်'ဟု ပြောကာ စပယ်ယာအားပေးလိုက်၏။ စပယ်ယာက ပိုက်ဆံကို ချက်ချင်းပြန်မအမ်းသေးဘဲ ကားအတွင်းပိုင်းသို့ ဝင်သွားပါသည်။ ဒ ဖြည်းဖြည်းနှင့် ဘတ်(စ်)ကား ကြီးသည်မှတ်တိုင်တွေကို တစ်ခုပြီး တစ်ခု ဖြတ်ကျော်လာခဲ့၏။ ဈေးသွားကြီးကုန်းမှတ်တိုင်တွင် လူတွေအများကြီးတက်လာသဖြင့် ကားက တော်တော်ကျပ်လာသည်။ နောက်တက်လာသော လူတွေကြောင့် သူမသည် ကျွန်တော်နှင့်နည်း နည်း အလှမ်းဝေးသွား၏။

ဒီတော့မှ စပယ်ယာက ပြန်အမ်းစရာရှိသော ပိုက်ဆံတစ်ရာ ခြောက်ဆယ်ကို လာပြန်အမ်းသည်။ စပယ်ယာသည် ကျွန်တော်ကို

www.burmeseclassic.com



နှစ်ယောက်ကို အတူတူဟု သဘောထားကာ ပိုက်ဆံကို ကျွန်တော့်အား လာပေးသဖြင့် ယူထားလိုက်ရသည်။

သူမနှင့်လည်း နည်းနည်းဝေးနေသည်မဟုတ်ပါလား။ မိမိသည် ဘာမှမပြော ကျွန်တော့်အား တစ်ချက်ကြည့်၏။ ကျွန်တော်က သူမ၏ ထိုအကြည့်လေးများကို ဆွဲဆန့်ထားချင်မိသည်။ သို့သော် သူမက မျက်နှာလွှဲသွားပြန်သည်။

ဒီလိုနှင့်ကားကြီးသည် ကျောင်းကွေ့မှတ်တိုင်သို့ ရောက်လာ၏။ သူမသည် ကျွန်တော့်ထက်အရင် ကားပေါ်မှ ဆင်းသည်။

အချိန်သည် ညနေစောင်းကာ ညဦး င်းဆီရောက်စပြုနေပြီ။ မိုးတိမ်တွေက ခပ်ညိုညို ရင့်နေလေသည်။ ယိုစဉ် မိမိနှင့်အတူနေသော အဆောင်သူအုပ်စုက တစ်ဖက်ကားလမ်းမှ ကူးလာကြပြီး သူမကို ဝိုင်းနောက်နေကြသည်။ မိမိက ရယ်သာရယ်နေပြီ ဘာမှ ပြန်မပြောရှင်းပေ။

ကျွန်တော့်ကိုပါ ဝိုင်းလောင်ကြသဖြင့် ကျွန်တော်လည်း သူမနောက်ဆက်မလိုက်ရဲတော့ဘဲ မိမိကိုခပ်တိုးတိုး နှုတ်ဆက်ကာ အဆောင်သို့ ပြန်လာခဲ့ရသည်။ အဆောင်ကိုပြန်ရောက်တော့ ကျော်ဦးသည် ကျွန်တော်ကို ချစ်စနိုးနှင့် လှမ်းဆဲ၏။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒီနေ့ အတွေ့အကြုံအား ပြောပြတော့သူကပါ ဝမ်းသာနေ၏။ ကျွန်တော့်ထံတွင် ပါလာသော သူမ၏ ပိုက်ဆံတစ်ရာ့ခြောက်ဆယ်ကို ကျော်ဦးက ထုံးစံအတိုင်း အဆောင်သားတစ်ယောက်၏ အောင်ပွဲပြောကာ ဘီယာဆိုင်ကို ခေါ်သွားပြန်သည်။

ထိုနေ့ညက ကျွန်တော်သည် ငွေတစ်ရာ့ခြောက်ဆယ် အတွက် ကျော်ဦးကို ထောင့်ခြောက်ရာကျော်လောက် စည်ဘီယာဖိုး ရှင်းခဲ့ရသည်။

သူမကတော့ ကျွန်တော့်ကို ပိုက်ဆံတစ်ရာ့ခြောက်ဆယ်ပြန် မပေးချင်၍ မေ့ဟန်ဆောင်သွားသူဟု ထင်လေမည်လား။

❖ ❖ ❖

(၅)

အချစ်ဆိုသည်မှာ ဘာ...ဟု တိတိကျကျ မသိခင်မှာပဲ ကျွန်တော်က သူမကို တိတိကျကျ ချစ်သွားမိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်နှင့် ကျော်ဦးတို့သည် သူမတို့ အဆောင်ရှေ့မှာ သီချင်းဆိုကြသော အုပ်စုတွင် အဖွဲ့ဝင်များ ဖြစ်လာခဲ့၏။ အဆောင်ခန်းဆီးနောက်ကွယ်မှအရိပ်များကို မြင်ရလျှင် ကျွန်တော့်မှာ ပျော်မဆုံးတော့။ ထိုအချိန်များသည် ကြည်နူးစရာ ကောင်းသော လူငယ်ဘဝ၏ နေ့ရက်တွေလည်း ဖြစ်လေသည်။

နောက်ပိုင်းတွင် ကျွန်တော်သိရသည်မှာ ကျွန်တော်ပါသော ဂစ်တာအဖွဲ့လာလျှင် သူမအိပ်ရေးပျက်တတ်ပြီး မနက်ရုံးသွားနောက် ကျရသည်တဲ့။ ကျွန်တော်သည် မိန်းမတစ်ယောက်ကို ဒီလောက်ဆွဲ ဆောင်နိုင်မှန်း ကြိုမသိခဲ့သဖြင့် သိသိချင်း ဘဝင်နည်းနည်းမြင့်ချင် သလို ဖြစ်သွားခဲ့သေးသည်။

ကျွန်တော်တို့နှစ်ယောက်၏ ပထမပိုင်း ဆက်ဆံရေးသည် သူငယ်ချင်းဆိုသော ခေါင်းစဉ်အောက်တွင်သာ ဖြစ်ပါသည်။

"ဝင်းမိုး... ရှင် ကျွန်မကို သူငယ်ချင်းလိုပဲ ဆက်ဆံရမယ် နော်" ဆိုသည့် သူမ၏ ပညတ်ချက်ကို ကျွန်တော်ပြုံးရင်း ခေါင်း ညိတ်ပြခဲ့မိ၏။ အချိန်ကာလသည် သူငယ်ချင်းမဟုတ်သော ချည် နှောင်မှုများဖြင့် အတိုပြီးခဲ့ရသည်။

မနက်ဆို ကျွန်တော်သည် သူမဘေးမှာ နွားရိုင်းအတူတူ

www.burmeseclassic.com

www.burmeseclassic.com



သောက်ခွင့်ရသည်။ သို့သော် သူမ၏ ကုမ္ပဏီကိုတော့ လိုက်ပို့ခွင့်မရ ပြီးရင် သူမ၏ နူးညံ့သော မျက်ဝန်းတွေကို ကျွန်တော် လေ့လာခွင့် သည်။ ခံစားမှုဆိုတာ တစ်ခါတစ်ရံ ဒီလိုပဲ လေ့လာမှုရှိဖို့လိုသည်ဟု ကျွန်တော်ထင်ပါ၏။

ကျွန်တော့်ရင်ထဲက စကားလုံးများသည် သူမအကြောင်း ကဗျာတွေ ဖြစ်လာခဲ့ပါသည်။ ထိုကာလများအတွင်း ကျွန်တော် မျှော်လင့်ချက်များကို မေ့ထားရန် ကြိုးစားရ၏။ သို့သော် မျှော်လင့် ချက်ဆိုသည်မှာ ထိုသို့ မေ့လျော့ထားဖို့ မဖြစ်နိုင်သောအခါ ကျွန်တော် က သူမကို ငေးရီရင်း ခပ်ဖွဖွ ရယ်မောလိုက်ရသော တတ်နိုင်တော -သည်။

"ရှင်က အစကတော့ တစ်ဖွတ်ထိုးသမားလိုလို၊ ဘာလိုလို တကယ်တမ်းကျတော့ သိပ်ရောင့်ရဲနိုင်တာပဲနော်"

မီမီက ချီးမွမ်းသလို ထိုစကားကို ဆို၏။ ကျွန်တော်သည် သူ ပြောသကဲ့သို့ တကယ်ပင် ရောင့်ရဲနိုင်ပါသလား။ စဉ်းစား ကြ တော့ အဖြေမရပေ။

ကျွန်တော့်အဖို့မှာ သူမရှိနေခြင်းကပင် ပျော်ရွှင်စရာ သင်္ချာတစ်မျိုးဖြစ်ခဲ့ပါသည်။ နွေဦး ရာသီ၏ သစ်ပင်များသည် အ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍လှသည်။ စနေ၊ တနင်္ဂနွေနေ့များဆိုလျှင် ကျွန်တော်တို့နှစ်ယောက်သည် နွေဦး၏ ဖြားယောင်းမှုအောက်တွင် တစ်နေကုန်ငြိတွယ်နေမိတတ်၏။ သူမ၏ လက်ပြတ်အင်္ကျီလေးများမှာ ပို၍ရင်ခုန်စရာကောင်းလာခဲ့တော့သည်။

"မိမိ"

လေထဲတွင် ကျွန်တော့်အသံက တိုးတိတ်စွာ လွင့်၍သွား၏။

သူမက လှည့်ကြည့်တော့ ဥသြငှက်တွေက အော်မြည်ကြပါသည်။ ကျွန်တော်က သူမအား စူးနစ်မော‌ဟိုက်စွာ ကြည့်မိလေသည်။

"ပြောလေ ဘာပြောမလို့လဲ"

ကျွန်တော်က ဘာမှမပြောဘဲ သူမ၏ လက်ဖဝါးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်၏။ မိမိသည် ငြိမ်သက်စွာ ကျွန်တော့်ကို ပြန်ကြည့်နေသည်။ ထိုအခိုက်အတန့်အတွင်းမှာပင် သူမ၏ ခံစားမှုများကို ကျွန်တော် အကဲခတ်နိုင်ခဲ့၏။ ဒီလိုနှင့်ပင် 'အချစ်'ဆိုသည့် စကားလုံးအား သုံးစွဲရန်မလိုဘဲ ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်လာခဲ့ပါသည်။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ကလင့်အိစ်ဝုဒ်ကတော့ "လူမှာနိုင်ရည်အတိုင်းအတာဆိုတာရှိတယ်၊ ကိုယ်က အဲဒီအတိုင်းအတာ

www.burmeseclassic.com



ပမာဏကို သိဖို့လိုအပ်တယ်"ဟု ပြောခဲ့ဖူး၏။ ကျွန်တော်ကရော သူမနှင့်ပတ်သက်ပြီး မည်၍မည်မျှ ခံနိုင်ရည်ရှိပါသလဲ။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့်သောအခါ အရာရာသည် ဟားတိုက်လှောင်ပြောင်ပစ်လိုက်ရုံထက် မပိုတော့ပေ။

ပထမတော့ သူမနှင့်ကျွန်တော်၏ကြားရှိ နူးညံ့သော တစ်ရံတစ်ရာအကြောင်းကို ပတ်ဝန်းကျင်မှ လူတွေက စပ်စုခဲ့ကြသေးသည်။ ပတ်ဝန်းကျင်ဆိုတာ သူ့တစ်ပါးအကြောင်းတွေကို အချိန်အကြာကြီး စိတ်ပါလက်ပါ စပ်စုနိုင်သူများ မဟုတ်ကြသောကြောင့် နောက်ပိုင်းတွင် ကျွန်တော်တို့လည်း ပုံမှန်ပြန်ဖြစ်လာခဲ့သည်။ ကျွန်တော်၏ ဘဝရပ်တည်မှုနှင့်ပတ်သက်ပြီး မိမိသည် အားမလိုအားမရ တိုက်တွန်းခဲ့ဖူး၏။

"မောင် ပုံမှန်ဝင်ငွေရှိတဲ့အလုပ်တစ်ခုလောက် လုပ်ပါလား ဟင်"

ဖျတ်ခနဲကျွန်တော်တို့နှစ်ယောက်သား အကြည့်ချင်းဆုံမိကြသည်။ ကျွန်တော့်မျက်ဝန်းဆီမှ တင်းမာမှုကို သူမခံစားရသည်ဟု ထင်ပါသည်။



"ဟို တို့ပြောတာ မောင်ကဗျာရေးတဲ့ကိစ္စကို ထိခိုက်ပြီး ပြောတာမဟုတ်ဘူးနော်၊ မောင်သဘောပေါက်တယ် မဟုတ်လား"

ကျွန်တော်သည် မာကျောစွာ ခေါင်းယမ်းပစ်လိုက်၏။ ကျွန်တော်ချစ်သောမိန်းမတစ်ယောက်သည် ကျွန်တော့်ထံမှ တောင်းဆိုစရာကိစ္စတွေရှိနေပြီဟု ကျွန်တော်နားလည်သွားပါသည်။ လက်တွေ့ဆန်သော ဘဝရပ်တည်နေထိုင်မှုအတွင်းမှာ ကျွန်တော့်အနုပညာသည် သိပ်အရေးပါလှသည် မဟုတ်ချေ။

"ကောင်းပြီ မိမိ မောင်ပိုက်ဆံရှာမယ်"

ကျွန်တော့်စကားကြောင့် သူမ ဝမ်းသာသွားသည်။

"ကောင်းတယ်၊ ကောင်းတယ်... မောင့်နဲ့လိုက်မယ့် အလုပ်တစ်ခုတို့တွေ့ထားတယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့ စက်ရုံမှာ စာရိုက်မှူးလုပ်ရမှာ။ မောင်ဘယ်လိုသဘောရသလဲဟင်၊ သူများတွေဆို အဲဒီနေရာကို လိုချင်လွန်းလို့ ငမ်းငမ်းတက်ဖြစ်နေတာသိလား။ သူငယ်ချင်းကို တို့က မနည်းပြောထားရတာ"

"ဟင့်အင်းကွာ၊ မလုပ်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟို တို့ပြောတာ မောင်ကဗျာရေးတဲ့ကိစ္စကို ထိခိုက်ပြီး ပြောတာမဟုတ်ဘူးနော်၊ မောင်သဘောပေါက်တယ် မဟုတ်လား"

ကျွန်တော်သည် မာကျောစွာ ခေါင်းယမ်းပစ်လိုက်၏။ ကျွန်တော်ချစ်သောမိန်းမတစ်ယောက်သည် ကျွန်တော့်ထံမှ တောင်းဆိုစရာ ကိစ္စတွေရှိနေပြီဟု ကျွန်တော်နားလည်သွားပါသည်။ လက်တွေ့ဆန်သော ဘဝရပ်တည်နေထိုင်မှုအတွင်းမှာ ကျွန်တော့်အနုပညာသည် သိပ်အရေးပါလှသည် မဟုတ်ချေ။

"ကောင်းပြီ မိမိ မောင်ပိုက်ဆံရှာမယ်"

ကျွန်တော့်စကားကြောင့် သူမ ဝမ်းသာသွားသည်။

"ကောင်းတယ်၊ ကောင်းတယ်... မောင်နဲ့လိုက်မယ့် အလုပ်တစ်ခုတို့တွေ့ထားတယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့ စက်ရုံမှာ စုတိုမှူးလုပ်ရမှာ။ မောင်ဘယ်လိုသဘောရသလဲဟင်၊ သူများတွေဆို အဲဒီနေရာကို လိုချင်လွန်းလို့ ငမ်းငမ်းတက်ဖြစ်နေတာသိလား။ သူငယ်ချင်းကို တို့က မနည်းပြောထားရတာ"

"ဟင့်အင်းကွာ၊ မလုပ်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းပါဘူးမောင်ရဲ့၊ မောင်က ဆယ်တန်းအောင်ပြီး သားပဲ။ ပစ္စည်းစာရင်းလေး နည်းနည်းပါးပါးလုပ်ပေးရုံပါ၊ လုပ်မယ်မဟုတ်လားဟင် မောင်"

ခေါင်းကိုယမ်းရင်း သက်ပြင်းချမိ၏။ သူမသည် ကျွန်တော့် အမူအရာကို အံ့သြစွာငေးကြည့်နေ၏။

"မလုပ်ဘူး ဟုတ်လား၊ မောင်ပဲ ပိုက်ဆံရှာမယ်ဆို"

"အင်းလေ မောင်က ပိုက်ဆံရှာမယ်လို့ပဲ ပြောတာလေ၊ အလုပ်လုပ်မယ်လို့ ပြောတာမှ မဟုတ်ဘဲ"

ကျွန်တော့်စကားကြောင့် သူမသည် စိတ်ပျက်စွာ ခေါင်းကို ယမ်းပါသည်။ ပြီးတော့ ကျွန်တော့်ကို သနားတာလား... ကြင်နာ တာလား... သိပ်မကွဲပြားသောအကြည့်မျိုးဖြင့် ကြည့်၏။

"မောင်ကွာ အဲဒီလို အူကြောင်ကြောင်အတွေးအခေါ်တွေ ကြောင့် တို့နှစ်ယောက်ဝေးရမှာ"

ထိုစကားကြောင့် ကျွန်တော်နာကျင်စွာ ရယ်မောဖြစ်သွား တော့သည်။ ကျွန်တော်တို့၏ အခြေအနေသည် အနည်းငယ် ဝတ္ထု ဆန်ကာ အေးစက်မှုတစ်ခုဆီ ဦးတည်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေ၏ တံလျှပ်အခိုးအငွေ့များသည် အဝေးကြီးမှ ပြေးလာနေကြ၏။ ဘဝသည် ကြေးစားဆန်ရမည့်နေ့ရက်များ ရှိနေသည့်တိုင်အောင် လူဆိုသည်မှာ မိမိ၏ယုံကြည်မှုကို စွန့်လွှတ်ရန် ခေါင်းမာတတ်ကြပါသည်။

နောက်ပိုင်းရက်စွဲများကတော့ အဆောင်သူကို သိပ်တွေ့ခွင့်မရတော့ဘဲ သူမကိုယ်စား အလွမ်းတွေကိုသာ လက်ခံရရှိပါသည်။ နွားနို့အတူတူသောက်ခွင့်ရသော နံနက်ခင်းတွေလည်း အခုတော့ ဆုံးရှုံးခဲ့ပါပြီ။ သူမ အဆောင်ရှေ့ကို ညဘက်ဂစ်တာတီးသွားလျှင်လည်း အရင်လိုမဟုတ်ဘဲ အခန်းပြတင်းပေါက်မှာ ပိတ်လျက်သားဖြစ်နေတတ်၏။

ကြားရသည့်သတင်းတချို့မှာ မိမိကို လူတစ်ယောက်က မနက်ဆိုကားနှင့်အဆောင်ရှေ့မှာလာကြိုတတ်သတဲ့။ ကျွန်တော်က သူမကို မျက်နှာချင်းဆိုင်ပြီး စကားတစ်ခွန်း၊ နှစ်ခွန်းခန့်ပြောဖို့ ကြိုးစားကြည့်သေးသော်လည်း ဘယ်လိုမှ အခွင့်အရေးမရခဲ့ပေ။ ဘာပဲလုပ်လုပ်ပါ... သူမသာ ပျော်ရွှင်သည်ဆိုလျှင် ကျွန်တော်ကျေနပ်ပါသည်။

မိမိသည် တစ်စုံတစ်ရာအတွက် အမြဲတမ်း ယှဉ်ပြိုင်နေပုံရသည်။ ဒါကလည်း မိမိတင်မဟုတ်။ တခြားမိန်းမတွေလည်း ဒီ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ မဟုတ်လား။ မိန်းမဆိုတာ ကျွန်တော်အမျိုးအစားမခွဲခြား တတ်သော ပြိုင်ပွဲများကို အမြဲတမ်းပြိုင်ဆိုင်နေကြသူများ ဖြစ်ပါသည်။

✾ ✾ ✾

( ၆ )

နွေသည်ကုန်လွန်ခဲ့ပြီ။ မီမီသည် အဆောင်သူတစ်ယောက် မဟုတ်တော့။ တိုက်ခန်းတစ်ခန်းကို ပြောင်းရွှေ့နေထိုင်သည်ဟု သတင်းရပါသည်။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာတော့ အဆောင်သူပါ ပဲ။ ကျွန်တော့်ကို အတွေ့မခံတော့သော သူမသည် နောက်ထပ် လူတစ်ယောက်နှင့် ထပ်ပြောင်းတွဲပြန်သည်ဟု ကျော်ဦးက ပြောပြ၏။

ကျော်ဦးသည် အရင်က မိန်းမတွေသစ္စာမဲ့ပုံအကြောင်း အမြဲ ပြောတတ်သော်လည်း အခုတော့ မုဆိုးမငယ်ငယ်လေးတစ်ယောက် နှင့် အဆင်ပြေနေပြန်သည်။ ကျွန်တော့်ကိုလည်း မိန်းမမကောင်း ကြောင်း သိပ်မပြောတော့။ လူဆိုတာ ဒီလိုပဲ ကိုယ့်အရေးသာရှိမှ ကိုယ်ငြိမ်သက်စွာ ကာကွယ်တတ်ကြသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဦးက ကျွန်တော်နှင့်ဝေးကွာနေချိန်အတွင်း မိမိသည် ပိုလှလာသည်ဟု ပြောတော့ ကျွန်တော်ခပ်ဖွဖွမျှ ရယ်မောမိခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်သည် 'ချစ်တယ်'ဟု ပြောစရာမလိုဘဲ ချစ်သူတွေဖြစ်လာခဲ့ပြီး 'မုန်းတယ်' ဟု ပြောစရာမလိုဘဲ လမ်းခွဲမိလျက်သားဖြစ်နေခဲ့၏။ ဘာမှတ်တမ်းမှတ်ရာမှ မကျန်ရစ်ခဲ့သော ကျွန်တော်တို့၏ ချစ်သူဘဝသည် တစ်မျိုးတော့ လွမ်းစရာကောင်းပါသည်။ သူမနေခဲ့သော အဆောင်ရှေ့ကိုရောက်တော့ ကျွန်တော်က ရင်ခုန်နေခဲ့သေး၏။

"ဟိတ် ဝင်းမိုး"

အနောက်ဘက်ဆီမှ ကျွန်တော့်နာမည် ခေါ်သံသေးသေးစူးစူးလေးအား ကြားရသည်။ အို – ဒါ အဆောင်သူပါလား။ မိမိပါလား။ ကျွန်တော် လှည့်ကြည့်လိုက်ပါသည်။ သူမသည် ကျော်ဦးပြောပြခဲ့သလိုပင် ပိုလှလာပါသည်။

"ဘာငေးနေတာလဲ"

ကျွန်တော် နည်းနည်းရှက်သွားပြီး အကြည့်လွှဲလိုက်မိ၏။

"ဪ ခက်နေပါပြီ။ သူကပဲ ရှက်နေရသေးတယ်၊ ဒါနဲ့ ဝင်းမိုး ဒီကို ဘာလာလုပ်တာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော့်ကို အရင်လို 'မောင်'ဟု မခေါ်တော့တာ သိပ်သေချာပါသည်။

"ဒီလိုပါပဲ အလွမ်းပြေပေါ့"

ကျွန်တော့်အဖြေစကားကြောင့် သူမ ခပ်သောသောရယ်၏။ ပြီးတော့ ကျွန်တော့်ကို သူမလက်ကိုင်အိတ်ထဲမှ ဖိတ်စာတစ်စောင် ထုတ်ပေးပါသည်။ သူမဟာ ကျွန်တော်မဟုတ်တဲ့ တခြား သူစိမ်းယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ဖို့ အဆင်သင့် ဖြစ်နေပါရောလား။ ကျွန်တော်က ဖိတ်စာကို ကိုင်ထားရင်းမှ သူမကို စိုက်ကြည့်နေမိသည်၊

"ရှေ့အပတ် တနင်္ဂနွေ ကျရင် ကျွန်မလက်ထပ်တော့မှာ"

"ဪ"

ကျွန်တော့်ထံတွင် ဘာစကားလုံးမှ ပြောစရာမရှိဘဲ ရင်ခွင်တစ်ခုလုံးသည် ဆွတ်ပျံ့နေလေသည်။ ဖိတ်စာပေါ်တွင် အသည်းပုံနှစ်ခုကို စွယ်တော်ရွက်ကဲ့သို့ ထပ်ထားတာ မြင်ရ၏။

"ဘယ်လိုလဲ မင်္ဂလာပွဲကို လာမယ်မဟုတ်လား"

"လာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖြေစကားကြောင့် သူမက တိုးသွဲ့စွာ ရယ်၏။ နောက်..

"ဪ ဝင်းမိုးကို ပြစရာတစ်ခုရှိသေးတယ်"

မိမိသည် သူမလက်ကိုင်အိတ်ထဲမှ တစ်စုံတစ်ရာကို ရှာဖွေနေသည်။ ခဏကြာတော့ သူမလက်ထဲမှာ အနည်းငယ် ဟောင်းနွမ်းနေသော ဖိတ်စာတစ်ခု ထပ်ပါလာပြန်သည်။

"ရော့ ဒီဖိတ်စာကို အဆောင်ရောက်မှ ဖတ်ကြည့်၊ ကျွန်မ သွားတော့မယ်"

ပြောပြောဆိုဆို သူမက ကျွန်တော့်လက်ထဲကို ဖိတ်စာထည့်ပေးပြီး ကျောခိုင်းသွားတော့သည်။ ကျွန်တော့ လက်ထဲတွင် ကျွန်တော့်နာမည်ရေးထိုးမထားသော ဖိတ်စာနှစ်စောင်သည် ငြိမ်သက်နေ၏။ ကျွန်တော်က ဖိတ်စာနှစ်စောင်စလုံးကို မဖတ်သေးဘဲ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ကျဆိမ့်တစ်ခွက်နှင့် လန်ဒန်တစ်ပွဲကို မှာသည်။ ကောင်တာမှာ ဖွင့်ထားသော ဇော်ဝင်းထွဋ်၏ သီချင်းသံက ကျွန်တော့်အား လှောင်ပြောင်နေသလိုထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



**တီမိပြာပြာနေ့တစ်နေ့ ဆန်းဒေးမှာကွယ်**

**မင်္ဂလာဆောင်ပွဲလေး ကျင်းပနေပါတယ်**

**ပျော်ရွှင်စရာလေးပေါ့၊ ချစ်တဲ့သူရယ်...**

**သူများကိုအားကျမိတယ်၊ အချစ်လေးရယ် ဘယ်လို လဲပြော...။**

ဖိတ်စာနှစ်စောင်အနက် ပထမဖိတ်စာသည် လာမဲ့အပတ် တနင်္ဂနွေနေ့တွင် ကျင်းပမည့် သူမ၏ မင်္ဂလာပွဲဖိတ်စာမှန်း ကျွန်တော် သိထားပြီးပြီ။ ဒုတိယဖိတ်စာကသာ ကျွန်တော့်အတွက် ပဟေဠိဖြစ် နေ၏။ ကျွန်တော်သည် ဒုတိယဖိတ်စာအဟောင်းလေးကိုပဲ ဖွင့်ဖတ် လိုက်မိသည်။

မောင်သက်ဝင်းအောင် နှင့် မပီပီ

တို့၏ မင်္ဂလာညစာစားပွဲ

အို...

ကျွန်တော်အလန့်တကြား နာကျင်မိသွား၏။ မင်္ဂလာဆောင် သည့်ရက်စွဲကို အလျင်စလို ဖတ်ကြည့်လိုက်တော့ လွန်ခဲ့သော သုံးနှစ်

www.burmeseclassic.com

www.burmeseclassic.com



တုန်းက နေ့ရက်တစ်ခုဖြစ်နေ၏။ မီမီသည် ကျွန်တော်နှင့် မပတ်သက်ခင် သွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက အိမ်ထောင်ကျခဲ့ ဖူးသည်တဲ့။ ကျွန်တော့် တကယ်ပဲ အံ့သြတုန်လှုပ်ရပါသည်။

မယုံချင်သော်လည်း အမှန်တရားကို လက်ခံဖို့ ကိုယ့်ကိုယ်ကိုယ် အဆင်သင့်ဖြစ်အောင် ကျွန်တော်ကြိုးစားရတော့မည်။ သူမ၏ ကျွန် တော့်ကို ထားရစ်ခဲ့ခြင်းမှာ ရက်စက်စွာ လှပခဲ့ပါသည်။

ဒီအကြောင်းတွေကိုသာ ကျော်ဦးသိလျှင် ဘာပြောဦးမည်နည်း။

ဘာပဲဖြစ်ဖြစ် ရှေ့အပတ် တနင်္ဂနွေနေ့တွင် မီမီသာ တကယ် ပျော်ရွှင်မည်ဆိုလျှင် ကျွန်တော်ဝမ်းသာပါသည်။ သူမသည် ယောကျ်ား တစ်ယောက်ကို နောက်တစ်ကြိမ် လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်း အတွက် မျှော်လင့်စရာတွေ ရှိကောင်း ရှိပါလိမ့်မည်။

လူဆိုသည်မှာ အသက်အရွယ်အလိုက် မျှော်လင့်ချက်တွေ ပြောင်းလဲတတ်သည် မဟုတ်ပါလား။ ။

**People မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာသတင်း

www.burmeseclassic.com

www.burmeseclassic.com



# ဒီဇင်ဘာသတင်း

## ( က )

ခရုဂ်[illegible]ပ်ဆိုသည်မှာ သွားတက်လှလှလေးများကို လွှမ်းရသည့်ကိစ္စဟု ကျွန်တော့်ဘဝတွင် တစ်ခါမှ မထင်ခဲ့ဖူးပေ။ အခုတော့ ကျွန်တော်သည် သူမနှင့် ပတ်သက်သမျှကို ပြန်စဉ်းစားရင်း ဖျားနေခဲ့ပြီ။

ဒီနှစ် ဒီဇင်ဘာသည် ကျွန်တော် ကြုံဖူးခဲ့သော ဒီဇင်ဘာများအနက် အလှပဆုံး ဒီဇင်ဘာတစ်ခုဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ခရစ်စမတ်သီချင်းဆိုနေပုံသည် တော်တော် Mood ကောင်းပြီး သူမ၏ ထိုပုံစံလေးမှာပင် ကျွန်တော် ကျဆုံးသွားခဲ့တာ ဖြစ်နိုင်သည်။ ဒီဇင်ဘာနှင်းတွေကြားမှာ လွင့်ပျံ့လာသော သူမ၏ သီချင်းသံကို ကျွန်တော် လွမ်းဆွတ်စွာ ပြန်ကြားယောင်နေမိလေသည်။

ဘာပဲဖြစ်ဖြစ် ဘုရားသခင်သည် ကျွန်တော့်အစွဲအလမ်းများကို ကူညီနိုင်လိမ့်မည်ထင်ပါသည်။

꩜ ꩜ ꩜

( ၁ )

လေထဲတွင် ရနံ့သေးသေးလေးများ ပျံသန်းနေကြ၏။ သူမသည် ကျွန်တော့်ရင်ထဲတွင် ဓာတ်ပုံရိုက်ထားသလို စွဲမြဲနေသည်။ ဘာ့ကြောင့်မှန်း မသိဘဲ သူမအကြောင်း လေးနက်စွာစဉ်းစားနေမိသည်။ ကာလတရားအတွင်း သူမ၏ပုံရိပ်များသည် ဆောင်းရာသီ အမှတ်တရများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံပုံမှာ တကယ့်ကို မတော်တဆဖြစ်လေသည်။ Carol Singing အကြိုသီချင်းတိုက်ရန် သူငယ်ချင်းတွေက အတင်းခေါ်သဖြင့် ကျွန်တော်က သူမတို့ဆီသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်ဘဝနှင့် ဖြတ်သန်းမှုအရ ပတ်သက်ခဲ့ဖူးသော ကောင်မလေးများစွာရှိပါသည်။ သို့သော် ဒီတစ်ခါသည် ဘာနှင့်မှ မတူဘူးဟု ကျွန်တော်ထင်ပါသည်။ သူမ၏ သွားတက်ချွန်ချွန်လေးများကိုမြင်ရပြီးသည့်နောက် ကျွန်တော်သည် အလိုလို ရဲရင့်နေမိသည်။

ခရစ်စမတ်နေ့မတိုင်မီ Carol ထွက်ကြသည့် သူငယ်ချင်းအဖွဲ့များကြားတွင် ကျွန်တော်သည် သူမကြောင့် တစ်စုံတစ်ရာ အဓိပ္ပာယ်ရှိနေ၏။ ပထမကတော့ ကျွန်တော်သည် သူတို့ အတင်းအကျပ်ခေါ်ဆောင်လာခဲ့သောကြောင့် ဒီအဖွဲ့ထဲသို့ ရောက်လာခဲ့သော်လည်း နောက်တော့ ကျွန်တော်ကိုယ်တိုင် လိုလိုလားလား ရှိလာခဲ့သည်။

သူမနှင့် မျက်လုံးချင်းဆုံတိုင်း ကျွန်တော့်ရင်ထဲတွင် အမည်မသိသော ရှုပ်သွပ်မှုတစ်ခုရှိနေသည်ဟု ကျွန်တော် သတိပြုမိ၏။ ကျွန်တော့် သွေးကြောထဲတွင် သူမ၏ နှုတ်ခမ်းများက ပျံ့နှံ့နေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူမကို ဂရင်း (Green)ဟု တိတ်တဆိတ် နာမည်ပေး ထား၏။

သူမသည် ကျွန်တော့်အတွက်တော့ အစိမ်းရောင်အိပ်မက်များ သာဖြစ်ပါသည်။

ꩰ ꩰ ꩰ

( ၈ )

ပထမဆုံး Carol Singing ထွက်သည့်နေ့မှာပင် သူမကို ကျွန်တော်က စတင်ဆက်ဆံခွင့်ရခဲ့ပါသည်။ ကားသည် အနည်းငယ် သေးနေပြီး လိုက်မည့်လူက ထင်သည်ထက် ပိုမိုများပြားလာသော ကြောင့် ကားက တော်တော်ကျပ်လေသည်။

ဂရင်းသည် အနက်ရောင်ဝတ်စုံကို ပုံမှန်သာဝတ်ဆင်ထား ခြင်းဖြစ်သော်လည်း ကျွန်တော်က သူမကို အရမ်းလှသည့် ကောင်း လေးတစ်ယောက်ဟု ထင်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သီချင်းတိုက်သည့်ကာလတစ်လျှောက်လုံး သူမ သီချင်းဆိုပုံကိုသာ ခိုးကြည့်နေသဖြင့် တကယ်တမ်း Carol ထွက်သည့်အခါ ဘာသီချင်းမှ ဟုတ်တိ ပတ်တိမရဘဲ သူများသီချင်းသံများနှင့် လိုက်ရောချနေရသည်။ သီချင်းကို သံပြိုင်ဆိုနေကြသည့် အားလုံးထဲတွင် သူမအသံတစ်မျိုးတည်းကို ကျွန်တော်က ခွဲခြားနားထောင်နိုင်စွမ်းရှိလေသည်။

စွဲမက်စရာကောင်းသော ဂရင်း၏ မျက်ဝန်းနက်နက်များနှင့် သုံးလေးကြိမ်ဆုံတွေ့ပြီးနောက် ကျွန်တော်သည် ဘဝင်မြင့်တတ်လာခဲ့၏။ ကျွန်တော်တို့ သီချင်းလိုက်ဆိုကြသည့်အိမ်များသည် ရန်ကုန်မြို့အနှံ့ဖြစ်ရာ ကျွန်တော်တို့က နီးစပ်ရာအိမ်များကို မြို့နယ်အလိုက် ကားလမ်းကြောင်း သင့်သလိုသွား ရောက်ကြရသည်။ ဒီဇင်ဘာဆောင်းသည် စိမ့်နေအောင်အေးစက်လေသည်။ တချို့အိမ်များတွင် ခဏနားခိုကြပြီး တချို့အိမ်များတွင် အကြာကြီး နားခိုကြရသည်။ အိမ်ရှင်များက ကျွေးမွေးသော ကော်ဖီနှင့်မုန့်များ၊ အချိုရည်နှင့် သကြားလုံးချောကလက်များအား ကျွန်တော်က လိုက်လံဝေငှသောအခါ သူမက ကျွန်တော့်ကို နောက်ပါသည်။

"အရမ်းကျေးဇူးတင်ဖို့ကောင်းတာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သီချင်းကောင်းကောင်းမဆိုတတ်သော ကျွန်တော်အား ရွဲ့စောင်းချိုးမွမ်းခြင်းသာဖြစ်သည်။ ဂရင်းနှင့်အတူတွဲနေသော ကောင်မလေးများက ထိုစကားကြောင့် ဝိုင်းရယ်ကြ၏။

ကျွန်တော်က မသိချင်ယောင်ဆောင်ကာ သူမတို့အနားက ထွက်ခွာလာခဲ့ရသည်။ ဆောင်းရာသီ၏ နှင်းမြူများကြားတွင် သူမသည် ကျွန်တော့်အတွက် ဘုရားသခင်၏ ဆုလာဘ်တစ်မျိုးဖြစ်နိုင်ပါသည်။

နောက်တော့ သူမသီချင်းဆိုနေချိန်များတွင် ကျွန်တော်ငေးကြည့်နေခြင်းကိုစွအား သူမရော၊ သူမ သူငယ်ချင်းတွေကပါ ရိပ်မိသွားကြ၏။ ထိုအခါ ကျွန်တော့်ကို သူမနှင့်ပိုနောက်ကြတော့သည်။

ဒီဇင်ဘာဆောင်းညများသည် အစိပ္ပာယ်တစ်မျိုးဖြင့် ကျွန်တော့်အား ဖြားယောင်းနေခဲ့၏။ တစ်ညလုံး ရန်ကုန်မြို့အနှံ့ သီချင်းဆိုကြပြီးသောအခါ ခွဲခွာချိန်ကိုရောက်လာ၏။ အရုဏ်ဦးသည် ကျွန်တော့်ထံမှ သူမကို ခေါ်ဆောင်သွားတော့သည်။

သူမ မရှိတော့သောအခါ ကျွန်တော့်တစ်ယောက်တည်း အရုဏ်ဦးမှသည် နေထွက်ချိန်အထိ ငေးငိုင်နေမိသည်။ ထိုအချိန် အပျက်သည် ဘာအဓိပ္ပာယ်ရှိမှန်း ကျွန်တော် မသိသော်လည်း သူမ

www.burmeseclassic.com

www.burmeseclassic.com



ဘိတ်ဆိတ် သော လူ့ဘဝအကြောင်း ပြောပြချင်နေတာကို ကျွန်တော်သိပါသည်။

ာ ာ ာ

(ဃ)

အချစ်ဆိုတာ တကယ်မရှိဘူးဆိုသော တစ်ချိန်တုန်းက ကျွန်တော့်အယူအဆကို ဘာမှမဟုတ်သော ကောင်မလေးတစ်ယောက် ကြောင့် ကျွန်တော်က ပြောင်းလဲရတော့မည် ဖြစ်သည်။

ဒီဇင်ဘာသည် မှုန်ဝါးဝေရီနေ၏။ မြူခိုးများက တိုးတိတ်စွာ လွင့်ပါးလာကြသည်။ ဒုတိယနေ့အဖြစ် Carol Singing ထွက်ကြ သောအခါ ရန်ကုန်မြို့ပေါ်မှာ မဟုတ်တော့ဘဲ နယ်မြို့ငယ်လေးတစ်ခု ကို သွားကြရန်ဖြစ်သည်။

ကျွန်တော်တို့သည် ပထမနေ့တုန်းကလိုပင် အနွေးထည် ထူထူတစ်ထည်ကို ဝတ်ကြရသည်။ ဒုတိယနေ့သည် ပထမနေ့ထက် ပိုပြီး အေးစက်ချမ်းမြနေသလိုပဲ။ ကျွန်တော်သည် သူမ၏ လှုပ်ရှားမှု

www.burmeseclassic.com

www.burmeseclassic.com



များအား အသေးစိတ်ငေးရီမှတ်သားနေမိ၏။ ဆောင်းညများသည် သူမ၏အကြည့်များအောက်တွင် ကျွန်တော့်ရင်ခွင်ကို ပူနွေးစေပါသည်။

အဖွဲ့ဝင်တွေသည် ပိုမိုရင်းနှီးလာကြသည့်အတွက် ပို၍ပျော်စရာကောင်းလာသည်။ ကျွန်တော်တို့သည် သတ်မှတ်ထားသည့် မြို့ကိုမရောက်မီ ကျွဲကောခြံတွေအများကြီးရှိသော ရွာတစ်ရွာတွင် ညစာစားဖို့စီစဉ်ထားကြ၏။ ထိုရွာသည် ရန်ကုန်နှင့်သိပ်မဝေးသော်လည်း လျှပ်စစ်မီးမရှိပေ။ အမှောင်ထဲတွင် ဖယောင်းတိုင်မီးများဖြင့် ကျွန်တော်တို့နေကြရသည်။ တချို့က မီးဖိုချောင်တွင် သွားရောက်ကူညီနေကြသည်။ တချို့က ဝိုင်းဖွဲ့၍ ရယ်စရာအကြောင်းအရာများကို ပြောဆိုရယ်မောနေကြသည်။ တချို့က ဂီတာတီး သီချင်းဆိုနေကြသည်။

ထမင်းစားပြီးသောအခါ ရွာထဲတွင် ခရစ်စမတ်သီချင်းတွေ လှည့်လျှောက်ဆိုကြပြန်သည်။ ပျော်ရွှင်မှုများသည် ကျွန်တော်တို့အားလုံး၏ ရင်ထဲတွင် ပျံ့သန်းနေကြ၏။

နောက်တော့ ထိုရွာလေးမှ ခရီးဆက်ဖြစ်ဖို့ ဖြစ်လာသည်။ သို့သော် သွားခါနီးမှ လမ်းဘေးတွင် ရပ်ထားသော ဘီးလေ လျှော့ခံလိုက်ရလေသည်။ ဘယ်သူက နောက်ပြောင်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



မသိ...။ ဒါမှမဟုတ် အောက်တန်းကျစွာ ကျွန်တော်တို့၏ ခရီးစဉ်ကို နှောင့်ယှက်သွားတာလည်း ဖြစ်နိုင်သည်။

ဒီလိုနှင့် ကျွန်တော်တို့အဖွဲ့သည် ခရီးမဆက်နိုင်တော့ဘဲ ထိုရွာကလေးတွင် သောင်တင်နေရတော့၏။ ကျွဲကောခြံထဲတွင် မီးပုံပွဲလုပ်ဖို့ သူငယ်ချင်းတွေက စီစဉ်နေကြသည်။ ဆောင်းညကောင်းကင်အောက်တွင် သူမ၏ မျက်လုံးလေးတွေကို ကျွန်တော်က မက်မောစွာ ငေးကြည့်မိပါသည်။ အရာရာသည် ကျွန်တော်တို့နှစ်ယောက်ကြားတွင် သေးငယ်သော အမှုန်အစလေးတွေ ဖြစ်သွားကြ၏။

မီးပုံပွဲစသောအခါအဖွဲ့တွေအားလုံး ကားဘီးလေချော့ခံရသည့်ကိစ္စကို မေ့ထားလိုက်ကြပြီး ပျော်ရွှင်စွာ သီဆိုတီးမှုတ်ကြသည်။ ကစားနည်းအမျိုးမျိုးကိုလည်း ကစားကြ၏။

အဲဒီတုန်းက သူမ၏ ရယ်သံလှလှလေးများကို ကျွန်တော်ဘာနဲ့မှ မလဲနိုင်ခဲ့ပေ။ နူးညံ့သော တစ်စုံတစ်ရာသည် ဒီဇင်ဘာ၏ ခရစ်စမတ်သီချင်းသံများအောက်တွင် ရှင်သန်ထမြောက်ခဲ့ပါသည်။

အချစ် (သို့မဟုတ်) သူမ (သို့မဟုတ်) ရင်ဘတ်ထဲက အစိမ်းရောင် (သို့မဟုတ်) ဂရင်း...။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် တိတ်ဆိတ်စွာ စီးဆင်းသွားကြသည်။ ည တစ်နာရီကျော်လာသောအခါ တချို့က အိပ်ချင်၍ အိမ်ပေါ်တက်သွား ကြ၏။ တချို့က အော်ဟာစ်နောက်ပြောင်ရတာ၊ သီဆိုကခုန်ရတာ ကြောင့် မောပန်းပြီး အနားယူချင်လာကြ၏။ ဒီလိုနှင့် အားလုံး အလျှိုလျှိုအိမ်ပေါ်တက်သွားကြရာ မီးပုံပွဲတွင် လူလေးငါးယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ဆီးနှင်းတွေက ပိုမိုသိပ်သည်းစွာ ကျလာ၏။ မီးပုံသည် တဖြည်းဖြည်း အားနည်းကာ အရှိန်လျော့ကျသွားသည်။

ကျွန်တော့်အဖို့ ကံကောင်းသည်မှာ ဂရင်းသည် သူမသူငယ် ချင်းများနှင့်အတူ အိမ်ပေါ်တက်မသွားဘဲ မီးပုံပွဲတွင် နေရစ်ခဲ့ခြင်းဖြစ် ၏။ ကျွန်တော်က သူမကို မေးလိုက်မိသည်။

"သွားမအိပ်သေးဘူးလားဟင်..."

"မအိပ်ချင်ပါဘူး။ ဒီလိုမျိုးနေရတာကို ကြိုက်တယ်။ ဘာလဲ သူက အိပ်ချင်နေပြီလား"

"ဟာ... မဟုတ်တာ။ ကျွန်တော် မအိပ်ချင်ပါဘူး"

ကျွန်တော့်စကားတွင် တစ်ခုမှ ရယ်စရာမပါသော်လည်း သူမက သွားတက်ကလေးတွေပေါ်အောင် ရယ်ပါသည်။ ဒီဇင်ဘာည

www.burmeseclassic.com



၏ ကြဲယ်လေးများသည် ခုန်ပေါက်မြူးထူးနေ၏။

အားနည်းနေသည့် မီးပုံအတွက် ထင်းသွားရှာရန် သူငယ်ချင်းတစ်ယောက် က ... ကြံပြုသဖြင့် ကျွန်တော်တို့ ထင်းတွေသွားရှာရသေး၏။ သူမသည် ... ကျက်ကြွစွာ ထင်းချောင်းတွေကို မီးပုံသို့သယ်ဆောင်လာ၏။ ကျွန်တော်က သူမလက်တွေကို ထင်းရှသွားမှာ စိုးရိမ်မိသေးသော်လည်း ဘာကယ်တမ်း ကျွန်တော့်ညာဖက်လက်သန်းတွင် ထင်းရှသွားခဲ့ပါသည်။ ကျွန်တော်သည် ထိုဒဏ်ရာကို သူမ မသိအောင် ဖုံးကွယ်ထားလိုက်သည်။

ထင်းချောင်းတွေ များ... ... သဖြင့် မီးပုံသည် ပြန်လည်အရှိန်ပြင်းလာခဲ့သည်။ အအေး... ...သည် မီးပုံ... ...ဘင့် အနည်းငယ် ...လျော့သွား၏။

ကျွန်တော်သည် သူမကို ဂရင်းဆိုသည့်နာမည်အကြောင်း ပြောပြဖို့ စိတ်ကူးသေးသော်လည်း ထိုစိတ်ကူးကို ပြန်ဖျက်ပစ်လိုက်ပါသည်။ ဆောင်းည၏ နှင်းစက်များသည် တိတ်ဆိတ်ခြင်းအား ပုံဖော်ပေးနေ၏။

ငွေ့ရည်ဖွဲ့လာသော အလွမ်းများတွင် သူမအတွက် ... ... ဂုတ်သစ်များကို ကျွန်တော်က နာမည်ထိုးပေးချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရင်း၏ ပွင့်လင်းရဲရင့်သောဟန်ပန်များသည် ကျွန်တော့်နှလုံးသားထဲမှာ ပုန်းခိုနေခဲ့ပြီ။ မီးပုံသည်ထင်းခြောက်များကို တဖြောက်ဖြောက်နှင့် လောင်ကျွမ်းနေ၏။ အခုတော့ ကျွန်တော်တို့နှစ်ယောက်သည် မီးပုံဘေးတွင် တိတ်ဆိတ်စွာ မီးလှုံနေမိသည်။

သူမ၏အကြောင်းများကို ကျွန်တော်က မသိမသာ စပ်စုခဲ့ပြီး သူမက ကျွန်တော့်ကိုယ်ရေးကိုယ်တာများကို သိသိသာသာပင် စပ်စုခဲ့ပါသည်။ ကျွန်တော် ရည်းစားများသည့်အကြောင်းကို သူမသိသွားသည့်အခါ ပခုံးတစ်ချက်တွန့်၍ ဘာမှမဖြစ်သလို ဟာသလုပ်ပစ်လေသည်။

နောက်တော့ ကျွန်တော်တို့နှစ်ယောက်သည် ကြည့်ဖူးသည့် ရုပ်ရှင်ကားများ၊ နားထောင်ဖူးသည့်သီချင်းခွေများအကြောင်း ပြောဖြစ်ကြ၏။ ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် သူငယ်ချင်းတချို့က သူတို့ဘာသာ ဂစ်တာတီး၍ သီချင်းဆိုနေကြသည်။ သူမသည် တစ်ခါတစ်ရံ ထိုသီချင်းများကို လိုက်ညည်းတတ်ပြီး ကျွန်တော်က မီးပုံထဲသို့ ခဲသေးသေးလေးတွေကို ပစ်ပေါက်ထည့်နေတတ်လေသည်။

ဒီဇင်ဘာနှင်းတွေသည် ကျွန်တော့်အတွက် ချစ်ခြင်းမေတ္တာတရားကို သင်ကြားပေးခဲ့ပါသည်။ အဲဒီတုန်းက နူးညံ့သိမ်မွေ့သော

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးတွေကို ကျကွဲသွားမှာ ကျွန်တော် စိုးရိမ်နေခဲ့၏။

ကျွန်တော့်ရင်ထဲတွင် ပြောပြ၍မရသော လောင်ကျွမ်းခြင်းများကို သူမအား သိစေချင်ပါသည်။ ညဥ့်သည် ပို၍နက်လာ၏။ မီးတောက်မီးလျှံများနှင့် ဆောင်း၏ဆီးနှင်းများကြားတွင် ကျွန်တော်တို့နှစ်ယောက်သည် ပိုမိုအစိမ့်ပွာယ်ရှိလာခဲ့သည်။

သူမသည် ကျွန်တော့်ကို ရယ်စရာပုံပြင်တချို့အား ပြောပြခဲ့၏။ ခရစ်ယာန်ဘာသာနှင့် ပတ်သက်သော ဟာသတွေဖြစ်၏။

"သိလား... မြို့တစ်မြို့မှာ ဘုရားသခင်ကို အရမ်းယုံကြည်ကိုးကွယ်တဲ့ လူတစ်ယောက်ရှိသတဲ့"

ကျွန်တော်က ငြိမ်သက်စွာနားထောင်နေမိသည်။ ပြောရင်းနှင့် သူမသည် ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး မသက်သာသလိုနှင့် မေးပါသည်။

"အဲဒီဟာသကို သူသိပြီးသားလားဟင်..."

"ဟင့်အင်း... မသိသေးပါဘူး..."

"အင်း... ပြီးရော၊ အဲဒါဆို ပြောပြမယ်"

သူမသည် ထိုကဲ့သို့သော ကောင်မလေးမျိုးလည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူမ၏ စူးစူးနက်နက် မျက်လုံးများအား တပ်မက်နေမိခဲ့ပြီ။

"အဲဒီလူကလေ... ဘုရားသခင်ကို အရမ်းယုံကြည်တာပေါ့နော်။ တစ်နေ့ကျတော့ သူတို့နေတဲ့မြို့မှာ ရေတွေတအားကြီးတယ်တဲ့။ အိမ်တွေလည်း ရေမြုပ်ကုန်တာပေါ့။ တခြားတွေက လှေတွေနဲ့ ထွက်ပြေးကြတယ်။ သူ့ကိုလည်း ခေါ်ကြတယ်။ အဲဒီမှာ သူကပြောတယ်... မင်းတို့ဘာသာသွားကြ...ငါ့ကို ဘုရားသခင်က လာကယ်မှာဆိုပြီး နေခဲ့တယ်။ တဖြည်းဖြည်းနဲ့ရေတွေက ပိုကြီးလာတော့ သူ့ခမျာ အိမ်ခေါင်မိုးပေါ်တက်နေရတယ်။ အဲဒီမှာ နောက်ထပ်လှေတစ်စီးက သူ့ကိုလာကယ်ပြန်တယ်။ သူကတော့ ဘုရားသခင်လာကယ်မှာဆိုပြီး အဲဒီလှေကိုလည်း ငြင်းလိုက်တယ်။ သိပ်မကြာဘူး၊ ရေတွေထပ်ကြီးလာပြီး သူ့လည်ပင်းအထိရောက်လာတယ်။ အဲဒီအချိန်မှာလည်း ရဟတ်ယာဉ်တစ်စီးက သူ့ကိုလာကယ်နေတုန်းပဲ။ သူကတော့ ထုံးစံအတိုင်းပဲ... ဘုရားသခင် လာကယ်လိမ့်မယ်ဆိုပြီး မလိုက်ပြန်ဘူးတဲ့... အဲဒီလိုနဲ့ နောက်ဆုံး ရေနစ်ပြီး သေသွားရော..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူမပြောသော ဟာသထက် သူမ၏အမူအရာများကို ပိုမိုစိတ်ဝင်စားစွာ ရှုးစိုက်နေမိ၏။

"အဲဒီလူက သေသွားတော့ ဝိညာဉ်ဘဝမှာ ဘုရားသခင်နဲ့တွေ့ကြတယ်။ ...အဲဒီမှာ သူက ဘုရားသခင်ကိုပြောတယ်တဲ့။ ကျွန်တော်ကတော့ ကိုယ်တော့်ကို ယုံကြည်လိုက်ရတာပေါ့လေ။ ကိုယ်တော်ကကျတော့ ရေတွေကြီးနေတဲ့အချိန်လာလည်းမကယ်ဘူးပေါ့... ပြောတော့ ဘုရားသခင်ကအဲဒီလူကို ပြန်ပြောတယ်။ ငါ မင်းကို ကယ်ဖို့ လှေနှစ်စီးနဲ့ ရဟတ်ယာဉ်တစ်စီး လွှတ်လိုက်တာ မင်းမှမလိုက်ဘဲတဲ့... သိလား၊ သူကလေ ဘုရားသခင်ကိုယ်တိုင်လာကယ်မှ ကယ်တယ်ထင်နေတာ... ရယ်ရတယ်... ဟားဟားဟား..."

ညထဲဝယ် ကျွန်တော်တို့၏ ရယ်မောသံများက နှင်းတွေကြားထဲသို့ တိုးဖွဖွ လွင့်ပျံ့သွား၏။ ချမ်းစိမ့်မှုက မီးပုံကြီးရှိနေသော်လည်း တစ်ချက်တစ်ချက်တွင် ရောက်လာတတ်သည်။

ကျွန်တော်သည် သူမ၏ ပျော်ရွှင်စွာရယ်မောနေပုံကြောင့် ခရစ်ယာန်ဘာသာနှင့် ပတ်သက်သော ဟာသပုံပြင်တစ်ခုကို ကြားဖူး

www.burmeseclassic.com

www.burmeseclassic.com



နားဝရှိသမျှယဲက မနည်းစဉ်းစားရ၏။ ဖျတ်ခနဲ ကျွန်တော့်ခေါင်းထဲတွင် အကြံတစ်ခုလင်းလက်သွားပါသည်။

အခုတော့ ဟာသပုံပြင်ပြောရန် ကျွန်တော့်အလှည့်သို့ ရောက်လာခဲ့ပြီ။ ကျွန်တော်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကိုလင်းပါဝဲလ်ရဲ့ ဗိုလ်မှူးဘဝက ဒုဗိုလ်တွေကို သင်တန်းမှာ ပြောပြခဲ့တဲ့ ဟာသတစ်ပုဒ်ကို သတိရမိသည်။ ခရစ်ယာန်သာသနာပြု ဘုန်းကြီးတစ်ပါးနှင့် ကျားတစ်ကောင်အကြောင်းဖြစ်၏။

သူမသည် ပုံပြောပြမည့် ကျွန်တော့်ထံမှ စကားကို တက်ကြွစွာ မျှော်လင့်နေလေသည်။

"ဒီလိုကွ... သာသနာပြု ခရစ်ယာန်ဘုန်းကြီးတစ်ပါးဟာ ကျားကြီးတစ်ကောင်နဲ့ လမ်းမှာမမျှော်လင့်ဘဲ တွေ့ကြသတဲ့။ ဘုန်းကြီးက ချက်ချင်းပဲ ဘုရားသခင်ဆီကိုဆုတောင်းတယ်။ ဒါကိုမြင်တော့ ကျားကြီးကလည်း လိုက်ပြီးဆုတောင်းတယ်။ ဒီတော့ ဘုန်းကြီးက ကျားကိုပြောတယ်။ သင်ဟာ ဒီလိုဆုတောင်းတာ ခရစ်ယာန်ဘာသာဝင်ပီသတဲ့ အပြုအမူကောင်းပဲပေါ့။ ကျားကြီးက အဲဒီမှာ ဘုန်းကြီးကို ပြန်ပြောတယ်။ ကျွန်တော်က ဘုရားသခင်ဆီ ဆုတောင်းနေတာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အစာမစားခင် ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းနေတာပါတဲ့..."

"ဟားဟား... ဟားဟား"

နှစ်ယောက်သား ရယ်သံတွေ ဆူညံသွားကြပြန်သည်။ ကျွန်တော်သည် သူမရယ်အောင် ပြောပြနိုင်သဖြင့် ကိုလင်းပါဝဲလ်ကို ကျေးဇူးတင်မိ၏။ သိပ်သည်းဆများသော ဒီဇင်ဘာနှင်းတွေသည် ကျွန်တော့်ရင်ခုန်သံတွေကို အတိုင်းသားကြားရနိုင်ပါသည်။

ဂရင်း၏သွားတက်လှလှလေးများသည် စားမြှောင်ချွန်ချွန်လေးတွေ ဖြစ်သွားပြီး ကျွန်တော့်ခံစားမှုကိုအား စူးရှစေလေသည်။ ကျွန်တော်သည် တစ်ညလုံး မအိပ်ဘဲ မီးပုံဘေးတွင် ကောင်မလေးတစ်ယောက်နှင့်စကားထိုင်ပြောဖို့ဆိုတာ ဘဝတွင် စဉ်းတောင်မစဉ်းစားခဲ့ဖူးပေ။

ညသည် ကုန်ဆုံးတော့မည်။ ဆောင်း၏အရုဏ်ဦးသည် အေးမြမှောင်မိုက်ခြင်းများကြားမှ အလင်းဆီသို့ လှပစွာ ရုန်းထွက်လာ၏။ မနက်လေးနာရီခွဲပြီမို့ အိပ်နေကြသော သူငယ်ချင်းတွေလည်း နိုးလာကြသည်။ ညတုန်းက မှောင်မည်းနေချိန်မို့ ဘာမှမလုပ်နိုင်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အနာတော့ လေလျှော့ခံရသော ကားဘီးကို အသမ်လဲလှယ် တပ်ဆင်နေကြ၏။

သူငယ်ချင်းတွေက တစ်ညလုံး မအိပ်ဘဲ ဘာတွေပြောကြသလဲဟု စုံစမ်းနှောက်ပြောင်ကြပြန်သည်။ ထိုအခါများတွင် ကျွန်တော်သည် သူမအတွက် အားနာစွာ သူငယ်ချင်းတွေကို ဟန့်တားရ၏။ ကျွန်တော်က အားနာစွာ ဟန့်တားနေရသော်လည်း သူမက အပြုံးမပျက်ဘဲ ပြန်တောင်နှောက်နေလိုက်သေးသည်။

ရန်ကုန်သို့အပြန်ခရီးမှာ ခွဲခွာရတော့မည်ဆိုသော အသိဖြင့် တစ်မျိုးလွမ်းစရာကောင်းပါသည်။ ကားအရှိန်ကြောင့် လေထဲတွင် လွင့်နေသော ဂရင်း၏ ဆံပင်လေးတွေကို ငေးကြည့်ရင်းမှာပင် မိုးစင်စင်လင်းလာခဲ့သည်။

ဘဝဆိုတာ ဒီထက် ပိုမိုသော ရင်ခုန်တပ်မက်မှုတွေရှိလိမ့်မည်ဟု ထင်စရာရှိသော်လည်း ကျွန်တော်ကတော့ သူမနှင့် ထိုညလေးကိုပဲ အမြဲအမှတ်ရနေခဲ့ပါသည်။

နောက်ဆို သူမနှင့်တွေ့ဖို့ဆိုတာ ဘာအခွင့်အရေးမှ မရှိတော့...။ ဒါပေမဲ့ ကျွန်တော်ကျေနပ်သည်။ ကျွန်တော်၏ ရောင့်ရဲနိုင်ခြင်းကိုလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပို၍ အံ့ဩစရာကောင်းသည်မှာ ဂရင်း(Green) ဆိုသော အစိမ်းရောင်ကောင်မလေးဖြစ်လေသည်။

ဘ ဘ ဘ

( ၄ )

ကျွန်တော်သည် Carol Singing ထွက်သည့်နေ့စွဲများ ကုန်လွန်ပြီးသည့်နောက် သူမကို ထပ်တွေ့ရဖို့ မမျှော်လင့်နိုင်တော့ပေ။ ဘဝသည် မျှော်လင့်ချက်များမရှိတော့သည့်အခါ ရယ်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားတတ်ပါသည်။

အခုတော့ ကျွန်တော် တိတ်ဆိတ်နေခဲ့ပြီ။

ကျွန်တော်သည် သူမကို မျှော်လင့်နေမိခဲ့သလား။ ဒီမေးခွန်းသည် ကျွန်တော့်ကို ခက်ခဲစေလေသည်။ အဆုံးမရှိသော အမှတ်တရများတွင် ကျွန်တော့်နှလုံးသားတွေ ဖျားနာနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ...

ဘာမှ မဟုတ်ပေမယ့် အဲဒီညလေးကိုပဲ လွမ်းတယ်။

သူမကို မတွေ့ရသော်လည်း ကြားထဲမှ နှစ်ဖက်စလုံးနှင့် ပတ်သက်နေသော သူငယ်ချင်းများက ဂရင်းအကြောင်းတွေကို ပြောကြ၏။ အံ့သြစရာကောင်းသည်မှာ သူမသတင်းတွေသည် အကောင်းထက် အဆိုးက ပိုများနေခြင်းဖြစ်၏။

ကျွန်တော် ခန့်မှန်းရသလောက်တော့ သူမနှင့် ပတ်ဝန်းကျင်ကြားတွင် လွဲမှားသောအမြင်သည် တစ်ခုမဟုတ် တစ်ခုတော့ရှိကို ရှိနေရမည်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော်က သူမကို တစ်ဖက်သက် အကောင်းချည်းပဲ ထင်မြင်နေတာဖြစ်နိုင်သည်။

သူမနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုခုကို ကျွန်တော်က အမှတ်တမဲ့ တွေးလိုက်မိသည်ဆိုပါစို့။ ထိုအခါများတွင် ရင်ခုန်သံတွေသည် ငြိမ့်ငြိမ့်လေးလှုပ်ရှားနေတတ်သည်။ ဂရင်း၏ နူးညံ့သော အပြုအမူတချို့ကို ပြန်မြင်ယောင်မိသောအခါ ရင်ထဲမှ နွေးထွေးစွာခံစားရ၏။

သူမနှင့်ထပ်ဆုံရန် လမ်းစတစ်ခုကို သူငယ်ချင်းတစ်ယောက်က ညနေခင်းတစ်ခုတွင် သယ်ဆောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"New Year ကျရင် Carol ထွက်တုန်းက လူတွေအားလုံး ပြန်ဆုံပြီး မိတ်ဆုံစားပွဲတစ်ခုလုပ်မယ်။ အဲဒါ မင်းလာခဲ့ရမယ်"

Carol ထွက်တုန်းက လူတွေအားလုံးဆိုသည့်အတွက် ဂရင်းပါ ထိုမိတ်ဆုံပွဲတွင် ပါဝင်မည်ဆိုတာ ကျွန်တော်သဘောပေါက်သွား၏။ ကျွန်တော်က သတင်းလာပေးသော သူငယ်ချင်းကို လာခဲ့မယ်ဟု ကတိပေးလိုက်၏။ တကယ်တမ်း ထိုမိတ်ဆုံပွဲသို့ သွားခါနီးတွင် ကျွန်တော်သည် သူမနှင့် တွေ့မှာ စိုးရိမ်နေလေသည်။

အကြောင်းမှာ ရင်ထဲက အစွဲအလမ်းများကြောင့်ဖြစ်၏။ ကျွန်တော်သည် သူမကြောင့် ပိုဆိုးလာနိုင်သော ခံစားမှုများကို ကြိုတင်ကာကွယ်ထားချင်ပါသည်။

ကျွန်တော်သည် လွတ်လပ်စွာတွေးခေါ်စဉ်းစားခြင်းကို မြတ်နိုးသလောက် ဉာဏ်ပညာမဲ့ခြင်းကို မုန်းတီးသူဖြစ်သည်။ ခဏတာမျှ စိတ်ကစားမိခြင်းကို ဉာဏ်ပညာမဲ့စွာ အချစ်ဟု မထင်မိဖို့ ကိုယ့်ကိုယ်ကိုယ် မနည်းဆုံးမရ၏။

သို့သော် ထိုကဲ့သို့ ဉာဏ်ပညာနှင့် ထိန်းချုပ်နေသည့်ကြားမှ သူမကိုချစ်သည့်စိတ်သည် ရုန်းကြွတွန်းကန်နေသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လုပ်စရာရှိသည်မှာ မိုက်မဲပစ်လိုက်ဖို့သာရှိလေသည်။

ဒီတစ်ခါ သူမနှင့်တွေ့လျှင် မိုက်မဲစွာ အသိဉာဏ်တွေအားလုံးကို စွန့်ပစ်လိုက်တော့မည်။ လိုဆုံးဖြတ်ချက်ကြောင့် ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သနားစွာ ပြုံးလိုက်မိ၏။

ထ ထ ထ

( ၈ )

ဒီဇင်ဘာ (၃၁) ရက်နေ့ညသည် မှုန်မှိုင်းနေပြီး မီးခိုးငွေ့များက ကောင်းကင်ပေါ်သို့ တလွင့်လွင့်တက်နေ၏။ သူမရှိရာလမ်းထဲသို့ လှမ်းဝင်လာရသော အရသာသည်ပေါ့ပါးပြီး တစ်ပြိုင်နက်တည်းမှာလေး နက်နေလေသည်။

ဆောင်း၏ ပဲ့တင်သံများသည် နှင်းဆီနံ့ရံ့များတွင် ရှိနေခဲ့တော် နေကြသည်။ အချစ်ငှက်တစ်ကောင်သည် ကျွန်တော့်ဆီမှ ရုတ်တရက် ပျံသန်းထွက်ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေ… မင်းသွားတက်လေးတွေမှာ ငါ့ဝိညာဉ်ကို နားခိုခွင့်ပြုစမ်းပါကွာ…။ ပြီးတော့ ငါ့နှလုံးသားကို ချွေးထွက်လာအောင် သင်ကြားပေးခဲ့ပါ။

ကျွန်တော်သည် မိတ်ဆုံပွဲ ကျင်းပမည့် ခြံရှေ့သို့ ရောက်လာ၏။ သူငယ်ချင်းတစ်ဦးက ကျွန်တော့်ကို ထွက်ကြိုပါသည်။ ခြံထဲကို ရောက်တော့ ကျွန်တော်က မျက်လုံးကို ဝေ့ယမ်းရင်း သူမကို ရှာကြည့်မိသည်။ ဒါကို ရိပ်မိသွားသော ဂရင်း၏ သူငယ်ချင်းတစ်ယောက်က "ရှိတယ်။ ရှိတယ်… ဟိုနားခဏသွားတယ်။ လာလိမ့်မယ်" ဟု ပြောရင်း နောက်ပါသည်။ ထိုခဏ၌ ကျွန်တော် ရှက်သွားသော်လည်း သေချာစဉ်းစားကြည့်လျှင် ကျွန်တော် ဂရင်းကို ချစ်နေတာ သူတို့အားလုံးသိသွားကြပြီဆိုသည့်အချက်က ထင်ရှားနေလေသည်။

ကျွန်တော်သည် မီးဖိုထားသောနေရာနှင့် အနီးတစ်ဝိုက်တွင် ဆောင်း၏ ငြိမ်သက်ခြင်းအား ခံစားနေမိ၏။ စတော်ဘယ်ရီဆူးပင် တချို့ကို ခြံထဲတွင် တွေ့ရ၏။

တိုးသက်သော ခြေသံတစ်ခုက ရုပ်တိုက်လျှောက်လာရင်းမှ ကျွန်တော့်ဘေးနားတွင် ရပ်တန့်သွားသည်။

"ဟိတ်…"

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်တော့ နူးညံ့သော အပြုံးတစ်ခုအား မြင်ရပါသည်။

"ဂရင်း ဘယ်တွေသွားနေတာလဲ"

"ဘယ်လိုခေါ်လိုက်တယ်..."

ကျွန်တော့် မျက်နှာသည် ပူနွေးသွားပြီး သူမကို ရှင်းပြ၏။

"ဟုတ်တယ်ဗျ။ ကျွန်တော် ခင်ဗျားကို ဂရင်းလို့ တိတ်တိတ်လေး နာမည်ပေးထားတာလေ...အစိမ်းရောင်ပေါ့။ အဲဒါ အခု ယောင်ပြီး ခေါ်မိသွားတာ"

"ဪ... အဲဒီလိုလား"

ကျွန်တော်က သူမရှက်သွားမလားဟု စိုးရိမ်မိတော့ ကျွန်တော့်အထင် မှားသွားပါသည်။ ဂရင်းသည် ခပ်တည်တည်သာဖြစ်၏။ အဝေးမှပင် ညမွှေးပန်းရနံ့များက သင်းပျံ့နေ၏။

လေထဲတွင် အချစ်၏အကြောင်းအရာများက တုန်ခါနေပါသည်။ အပြန်အလှန် စိုက်ကြည့်နေမိသော ကျွန်တော်တို့၏ မျက်လုံးများတွင် ရင်ခုန်သံတွေက ငြင်း၍မရခဲ့။ ညသည် ပိုမိုတိတ်ဆိတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂရင်း..."

အခုတော့ ကျွန်တော်က သူမကို ဂရင်းဟု ခေါ်ခွင့်ရသွားပြီ။ သူမ၏ ရယ်တော့မလို၊ မဲ့တော့မလို၊ တည်တော့မလို... အမျိုးမျိုး ထင်စရာရှိသော နှုတ်ခမ်းတွေကို ငေးကြည့်ရင်းမှ ကျွန်တော် ရေငတ်လာ၏။

သို့သော်... ရေမရှိသဖြင့် ကော်ဖီကိုသာ သောက်ထားရသည်။ ခဏကြာတော့ ဖိတ်ထားသည့် သူငယ်ချင်းတွေ စုံသွားကြပြီး မိတ်ဆုံပွဲကို စတင်ပါသည်။

ကစားနည်းအမျိုးမျိုးကို သူတို့က တီထွင်ကစားတတ်ကြသည်။ ရယ်သံများနှင့် သူမ၏ သွားတက်လှလှလေးတွေသည် ခွဲခြား မရဘဲ ဒီဇင်ဘာသည် နွေးထွေးနေ၏။ အချိန်တွေက တရွေ့ရွေ့နှင့် ည (၁၂) နာရီဆီသို့ ချဉ်းကပ်နေပြီး ကျွန်တော်တို့က ကစားနည်း တွေစုံလာသောကြောင့် မောပန်းလာသည်။ ဂရင်းသည် ကစားနည်း တော်တော်များများကို ဦးဆောင်ကစားနိုင်သူဖြစ်လေသည်။ သူမဟာ အချစ်ကိုရော ကစားနည်းတစ်ခုလို ကျွမ်းကျင်သူလေလား။

ည (၁၂) နာရီတိတိထိုးသောအခါ ကျွန်တော်တို့က "Happy New Year" ဟု တညီတညွတ်တည်း အော်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူငယ်ချင်းတချို့က ဂီတာတီး သီချင်းဆိုကြပါသည်။ ဂရင်းသည် ကျွန်တော့်မျက်လုံးများထဲတွင် ဘာကိုရှာဖွေတွေ့ရှိသွားသလဲဟု ကျွန်တော် စဉ်းစားကြည့်သေး၏။

သူမနှင့် ပင်္ကသက်၍ ကျွန်တော့်စဉ်းစားမှုတိုင်း ဘယ်တော့မှ အဖြေရလေ့မရှိပေ။

ညဉ့်နက်လာလေ ပိုချမ်းလာလေမို့ အားလုံးက မီးပုံနားမှ မခွာကြ။ ကျွန်တော်တို့နှစ်ယောက်သာ မီးပုံနှင့် အနည်းငယ်ဝေးနေ၏။

ဒီတစ်ခါတော့ ကျွန်တော် မိုက်မဲဖို့အချိန်တန်ပြီဟု ယူဆလိုက်ပါသည်။ ည၏ နက်မှောင်မှုထဲ၌ အဖြူရောင်ရနံ့တစ်မျိုးက လှုပနေလေ၏။ ကျွန်တော်က သူမ၏ မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်လိုက်သည်။

"ဂရင်း..."

"ရှင်..."

"ကိုယ် မင်းကို သိပ်ချစ်နေပြီ။ အဲဒါ ဘယ်လိုပြောရမလဲ ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နှုတ်ခမ်းအနားများသည် လှပစွာ တွန့်ကွေးသွား၏။ ပြီးတော့ ဂရင်းသည် ကျွန်တော့်မေးခွန်းအတွက် အဖြေပေးပါသည်။

"ဘယ်သိမှာလဲ၊ ကျွန်မ အချစ်ကို စိတ်မဝင်စားဘူး"

လှောင်ပြောင်လိုသော လေသံမဟုတ်ပေမယ့် ကျွန်တော့် အချစ်ကို သူမက လှောင်ပြောင်ခဲ့ပြီဟု ကျွန်တော်သဘောပေါက်သွား၏။ နှစ်သစ်ကူးလာခဲ့ပြီးနောက် မထင်မှတ်သော အခြေအနေကို ပထမဆုံးအကြိမ်ကျွန်တော် ရင်ဆိုင်ရပါသည်။

"ကောင်းပြီလေ... မင်း စိတ်မဝင်စားပေမယ့် ကိုယ်မင်းကို သိပ်ချစ်တယ်ဆိုတာကိုတော့ မှတ်ထားပေးပါ"

ပြောပြီး ကျွန်တော်က သူမရှေ့မှ ထွက်လာခဲ့သည်။ ညထဲက အရာအားလုံးတွင် ဂရင်းဆိုသော သူမနာမည်ကို ကျွန်တော်က မြှပ်နှံထားရစ်ခဲ့၏။ အစွဲအလမ်းများသည် မီးတောက်တွေလို ကျွန်တော့်အား လောင်ကျွမ်းနေကြသည်။

ဆောင်းညသည် ဒီဇင်ဘာမဟုတ်တော့။ လွန်ခဲ့သော (၁၂) နာရီမတိုင်ခင်အချိန်အထိသာ ဒီဇင်ဘာဖြစ်ပြီး အခုဆို ဇန်နဝါရီသို့ ရောက်ရှိလာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးသည် ဒီဇင်ဘာနှင့် အတူ ပြီးဆုံးခဲ့ပြီလား။ ကျွန်တော်ချစ်သော သွားပေါက်လှလှလေး သည် ခရစ်စမတ်သီချင်းသံတွေနဲ့အတူ ကျန်ရစ်ခဲ့ပြီလား။ ရယ်စရာ ပုံပြင်တွေကိုရော မင်းမပြောတော့ဘူးလား။

ဓ ဓ ဓ

( ဆ )

သူမကိုချစ်သည့် စိတ်တစ်ခုတည်းနှင့် ကျွန်တော်ဖျားနေပါ သည်။ ဒီအဖျားနှင့်သာ ကျန်ရှိသည့် အသက်ရှင်နေထိုင်ခြင်းများကို ကျွန်တော် သဘောတူပါသည်။

ဘုရားသခင်...၊ ကျေးဇူးပြု၍ အစိမ်းရောင်ကောင်မလေး အား ကျွန်တော့်အချစ်တွေကို ပြောပြပေးပါ။

သူမနှင့် ဘာမှမပတ်သက်တော့သော်လည်း ဒီဝတ္ထုသည် သူမကို ချစ်မြတ်နိုးသည့် ကျွန်တော်၏ အနုပညာဖြစ်ပါသည်။ ဘုရား သခင်ထံမှရသော ခရစ်စမတ်လက်ဆောင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုး... ရှေ့မှာ အလွှမ်းများသည် ဆီးနှင်းတွေကြားတွင် ပုန်းခိုနေ၏။ ဒါကို ဘယ်သူမှ မသိပါစေနှင့်။ အထူးသဖြင့် သွားတက် လှလှလေးတွေရှိသော ကောင်မလေးအား မသိပါစေနှင့်။ ။

**People မဂ္ဂဇင်း**

www.burmeseclassic.com